www.free4readers.com



စည်ပင်က ကောက်တဲ့ ကားပါကင်ကြေး
မျှတတဲ့ဈေးနဲ့ စနစ်တကျကောက်ခံတဲ့စနစ်ဖြစ်ဖို့လို
စာ-၇

စီးပွားရေးသတင်းဂျာနယ်



အတိုင်ပင်ခံရဲ့ ဂျပန်ခရီး
စီးပွားရေးရလဒ်ကောင်းမလား
စာ-၁၀,၁၁

အမှတ် ၆၃၄ | *The Modern Weekly* | ၁၂ အောက်တိုဘာ ၂၀၁၈၊ သောကြာနေ့

# ဝေစားမျှစား ကျောင်းကားစီးပွား

စာ-၅




ပုဂ္ဂလိက စာတိုက်
လုပ်ငန်းတွေပါ
ခွင့်ပြုဖို့
ဆောင်ရွက်နေ
စာ-၄



မန္တလေးဆန်ဈေး
သုံးနှစ်အတွင်း
၄၀ရာခိုင်နှုန်းတက်
စာ-၁၄



ရန်ကုန် လူသုံးကုန်နဲ့
အထည်ဆိုင်အချို့
တိုးမပေါက်အောင်
ရောင်းကောင်း
စာ-၃



ဘဏ်ဈေးငွေလား
ပွဲစား အားမကိုးပါနဲ့
စာ-၂၅



www.free4readers.com



# နေပြည်တော်မှာ ယာဉ်မောင်းတစ်ဦးကို ရဲက အနီးကပ်ပစ်ခတ် သေဆုံးမှု စတင်စစ်ဆေး

**နေပြည်တော်၊ အောက်တိုဘာ၉–** နေပြည်တော်ကောင်စီနယ်မြေဥတ္တရသီရိမြို့နယ် ဗိုလ်ရွေးလမ်းဆုံမှာ အောက်တိုဘာလ ၇ ရက်နေ့ ညဖုး၃၀ နာရီခန့်က မီးသွေးအိတ်တွေ တင်ဆောင်မောင်းနှင်လာတဲ့ ယာဉ်မောင်းကိုမျိုးဝင်းကို ဒုရဲအုပ်တစ်ဦးက သေနတ်နဲ့ အနီးကပ်ပစ်ခတ်ခဲ့မှုနဲ့ပတ်သက်ပြီး ဘုရားကုန်းမြို့မရဲစခန်းမှာ စတင်စစ်ဆေးနေတယ်လို့ သိရပါတယ်။

မီးသွေး ၄၅ အိတ်တင်ဆောင်လာတဲ့ ခြောက်ဘီးယာဉ်က ဆားကျင်းကျေးရွာကနေ ထွက်လာခဲ့တာပါ။

သေဆုံးသူယာဉ်မောင်းဟာ အသက် ၃၂ နှစ်ရှိပြီး ဥတ္တရသီရိမြို့နယ်မှာ နေထိုင်သူဖြစ်ပါတယ်။ သေနတ်နဲ့ ပစ်ခတ်ခဲ့တဲ့ရဲက အသက် ၄၅ နှစ်ရှိ ဒုရဲအုပ်အောင်နိုင်ထွန်းဖြစ်ပါတယ်။ ဘယ်ဘက်ကားရှေ့မှန်ကိုချိတ်ကာကပ်လိုက်ပြီး ယာဉ်မောင်းကို ပစ်လိုက်တာလို့ သိရပါတယ်။ ပစ်လိုက်တဲ့ကျည်ဆန်က သေဆုံးသူရဲ့ ဝဲဘက်နားခေါင်းပေါက်အခြေအောက်ကနေ ဝင်သွားတာဖြစ်ပါတယ်။ သေဆုံးသူရဲ့ အလောင်းကို စစ်ဆေးတဲ့အခါမှာ ကျည်ဆန်ကို ဦးနှောက်အတွင်းဘက်နောက်ဘက်ခြမ်းမှာပုံပျက်ပြီး တွေ့ရှိတယ်လို့ သိရပါတယ်။



(သေဆုံးသူ)ယာဉ်မောင်းနဲ့အတူ ကားရှေ့ခန်းမှာ လိုက်ပါလာတဲ့ ကိုအောင်ဆန်းလင်း။

သည်ဖြစ်စဉ်နဲ့ပတ်သက်ပြီး (သေဆုံးသူ) ယာဉ်မောင်းနဲ့အတူ ကားရှေ့ခန်းမှာ လိုက်ပါလာတဲ့ ကိုအောင်ဆန်းလင်းက 'ဗိုလ်ရွေးလမ်းဆုံဆိုတာ ရှိပါတယ်၊ သူတို့အမြဲတမ်းတောင်းနေကျပေါ့၊ တောင်းတော့ ၂၀၀၀ ထုတ်ပေးလိုက်တယ်၊ ၂၀၀၀ ထုတ်ပေးတော့ သူက မရဘူးလို့ ပြောပါတယ်။ နောက်ထပ် ၆၀၀၀ ထပ်ပေးဖို့ ပြောပါတယ်။ ကျွန်တော့်ဆရာ ကိုမျိုးဝင်းက မပေးနိုင်ဘူး၊ မပေးနိုင်ရင် မမောင်းနဲ့ဆိုပြီး ရှေ့က တားထားတယ်၊ ရှေ့မမောင်းရရင် နောက်ပြန်မောင်းမယ်ဆိုပြီး မောင်းတာ၊ နောက်ကျတော့လဲ ပြန်အမောင်းမခံဘူး။ တားထားတယ်၊ ကျွန်တော့်ဆရာကလဲ နည်းနည်းတွန်းမောင်းလိုက်တယ်၊ တွန်းမောင်းတော့ သူက ခြောက်လုံးပြူးထုတ်ပြီး ပစ်လိုက်တယ်'လို့ ပြောပါတယ်။

သူကဆက်ပြီး 'ပစ်တာက ဗိုလ်လေး၊ ကျွန်တော်တို့က ဗိုလ်လေးလို့ခေါ်နေကျပေါ့၊ ဘက်မှန်ကို ဆွဲပြီး လျှိုပြီးပစ်သွားတာပါ၊ ကျွန်တော်တို့ အဲလိုပစ်ပြီးတော့ ပေ ၅၀ လောက်ပြေးတယ်၊ ပြေးတဲ့အခါမှာ ကားက မလဲသေးဘူး၊ ကျွန်တော့်ဆရာ မောင်းတဲ့လူကို ကြည့်လိုက်တော့ နားခေါင်းက ပါးစပ်က သွေးတွေ ထွက်လာတယ်၊ သေနတ်တော့ ထိသွားပြီ ဆိုပြီးတော့ အဲဒီရှေ့နားလေး ပေ ၅၀ လောက် ထပ်ပြေးလိုက်တော့ ရေဖွက်ထဲကို ပြုတ်ကျသွားတယ်၊ ပြုတ်ကျတော့ ကျွန်တော်က ခေါင်းငိုက်စိုက်နဲ့ မှန်နဲ့ သွားတိုက်မိတယ်၊ အဲဒီတော့ ကျွန်တော်က သတိထားပြီးတော့ ငါတို့လဲ လုပ်မှာပဲ ဆိုပြီး ကျွန်တော့်ကောင်ကို ပြောပြီးတော့ ထွက်ပြေးသွားတာပါ၊ စပယ်ယာလိုက်တဲ့ လူနှစ်ယောက်ကလဲ ကားခေါင်းထဲမှာပါ သုံးယောက်အတူထိုင်နေတာပါ၊ ထွက်ပြေးပြီးတော့ လယ်ကွင်းထဲက တဲကို အကူအညီတောင်းပါတယ်၊ နောက်ပိုင်းကို လှမ်းပြီးသတင်းပို့ချင်လို့ ဖုန်းလှမ်းတောင်းပါတယ်၊ ပြောတော့ သူတို့လဲ ခေါ်ပေးပါတယ်၊ ခေါ်ပေးတော့ ရွာက သူတွေ ရောက်လာကြပါတယ်'လို့ ပြောပါတယ်။

နေပြည်တော်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ရာမှာတော့ ယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် မီးသွေးအိတ်များ တင်ဆောင်ထားကြောင်းတွေ့ရှိရသဖြင့် ငွေကျပ် ၂၀၀၀ ပေးရာ မယူဘဲ ဖမ်းဆီးမည်ဟုပြောစဉ် ကားမှာ လာရာလမ်းသို့ ပြန်ကွေ့မောင်းနှင်ထွက်ပြေးရာ ဒုရဲအုပ် အောင်နိုင်ထွန်းမှ ကား၏ဝဲဘက် မှန်ကိုင်းအား ကိုင်လျက်ကားနှင့် တရွတ်တိုက်ပါသွားစဉ် ဒုရဲအုပ်အောင်နိုင်ထွန်းက ခါးကြားရှိ ခြောက်လုံးပြူး သေနတ်အားထုတ်၍ ချိန်ရွယ်ရပ်တန့်ခိုင်းရာမှ ကျည်ပေါက်ထွက်ပြီး ယာဉ်မောင်းကိုမျိုးဝင်း သေဆုံးရခြင်း ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

လက်ရှိမှာတော့ သေနတ်နဲ့ ပစ်ခတ်ခဲ့တဲ့ ဒုရဲအုပ် အောင်နိုင်ထွန်းကို ဘုရားကုန်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ အရေးယူ ဆောင်ရွက်ထားသလို ရဲစည်းကမ်းဥပဒေအရ အရေးယူသွားမယ်လို့ သိရပါတယ်။

> "
> **သေဆုံးသူရဲ့ အလောင်းကို စစ်ဆေးတဲ့အခါမှာ ကျည်ဆန်ကို ဦးနှောက် အတွင်းဘက် နောက်ဘက်ခြမ်းမှာ ပုံပျက်ပြီး တွေ့ရှိတယ်လို့ သိရပါတယ်။**
> "

ဘုရားကုန်းမြို့မရဲစခန်းက ဒုရဲမှူး တင်ဌေးက 'လူတိုင်းလူတိုင်းကတော့ ကိုယ်ထောင်ကျသွားမှာကို မဖြစ်စေချင်ဘူး၊ ရဲတပ်ဖွဲ့ဝင်တစ်ယောက်လဲ သူ့မှာမိသားစုရှိတယ်၊ အကြောင်းမဲ့ဗလာတော့ ဒီမီးသွေးကားလေးနဲ့တော့ သူ့ရဲ့ ဘဝကို သူမပေးဆပ်ပါဘူး၊ အကြောင်းအကျိုးရှိလို့သာ ဒီလောက်ထိဖြစ်သွားတာပါ၊ သူလဲ ရဲအရာရှိ တစ်ယောက်ပဲလေ၊ ဒါ ပတ်သက်မှု တစ်ခုရှိလို့ပေါ့၊ ပြဿနာတစ်ခုရှိလို့ ဒီလိုဖြစ်သွားရတာပေါ့၊ သုံးသပ်လို့ရပါတယ်၊ ကျွန်တော်တို့ကတော့လို့'လို့ ပြောပါတယ်။

သည်အမှုနဲ့ ပတ်သက်ပြီး ဘုရားကုန်း မြို့မရဲစခန်းက နှစ်ဖက်စလုံးကို စစ်ဆေးနေတယ်လို့ သိရပါတယ်။

**မာရီနိုင်**

# ရန်ကုန်မြို့နယ် ၂၃ မြို့နယ်ရဲ့ မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှု One Stop Service ဆောင်ရွက်ပေးနေ



**ရန်ကုန်၊ အောက်တိုဘာ ၉ -** အများပြည်သူတွေရဲ့ မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှုတွေကို One Stop Service အစီအစဉ်နဲ့ မြို့နယ် ၂၃ မြို့နယ်မှာ အွန်လိုင်းဆားဗစ်စနစ်နဲ့ ဆောင်ရွက်ပေးနေတယ်လို့ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောပါတယ်။

သူက 'မြေခွန်စည်းကြပ်ခြင်းကို ခြောက်လတစ်ကြိမ်စနစ်နဲ့ တစ်နှစ်ကို နှစ်ကြိမ် ကွန်ပျူတာ ပြေစာကို အိမ်တိုင်ရာရောက် ကောက်ခံဆောင်ရွက်ပေးနေပါတယ်'လို့ ပြောပါတယ်။

ရန်ကုန်မြို့နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်ရဲ့ မြေစီမံခန့်ခွဲမှုဆိုင်ရာ စိစစ်ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝက်ဘ်ဆိုက်မှာ ဖော်ပြထားပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွေကို စိစစ်ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

မြေစီမံခန့်ခွဲမှုဆိုင်ရာလျှောက်ထားမှုလုပ်ငန်းစဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၊ မြေညီထပ် ခန်းမကျယ်မှာ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တွေရဲ့ သတ်မှတ်ရုံးချိန်အတွင်း တစ်နေရာတည်းမှာ One Stop Service နဲ့ ဆောင်ရွက်ပေးခြင်းကို ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီး လက်ရှိအချိန်ထိ ဆောင်ရွက်ပေးနေတယ်လို့ ဦးမောင်မောင်စိုးက ပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က 'ပြည်သူတို့အခွန်ဆောင်ရန်ကိစ္စများ၊ မြေယာကိစ္စများ၊ ဆောက်လုပ်ရေးပါမစ်ကိစ္စများ မြို့နယ်ရုံး၊ ခရိုင်ရုံးများတွင် ပြည်သူများရဲ့ လုပ်ငန်းဆောင်ရွက်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို နှေးချင်းပြီး သို့မဟုတ် ရက်ပိုင်းအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ' မေးမြန်းခဲ့တာဖြစ်ပါတယ်။

မြေစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးအစားအလိုက် လျှောက်ထားမှု အမျိုးအစားအလိုက် စိစစ်ဆောင်ရွက်မှုကာလတွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတယ်လို့ ဆိုပါတယ်။

**အေးအေးအောင်**

www.free4readers.com



# ရန်ကုန် လူသုံးကုန်နဲ့ အထည်ဆိုင်အချို့ တိုးမပေါက်အောင် ရောင်းကောင်း



သီတင်းကျွတ် နီးလာတာကြောင့် နယ်ကဈေးဝယ်သူတွေနဲ့ ပိတ်ရက်အိမ်ပြန်မယ့်သူတွေ ဈေးတွေမှာ လာဝယ်နေကြတာပါ။

**ရန်ကုန်၊ အောက်တိုဘာ ၁၀ –** စီးပွားရေးကျပ်တည်းမှုတွေ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကြောင့် အရောင်းအဝယ်အေးစက်နေခဲ့တဲ့ရန်ကုန်မြို့က လူသုံးကုန်ပစ္စည်းနဲ့အထည်အလိပ်ရောင်းချနေတဲ့ လက်လီလက်ကားဈေးတွေမှာ သည်ရက်ပိုင်းအတွင်း တိုးမပေါက်အောင် စည်ကားနေပါတယ်။

သီတင်းကျွတ် နီးလာတာကြောင့် နယ်ကဈေးဝယ်သူတွေနဲ့ ပိတ်ရက်အိမ်ပြန်မယ့်သူတွေ ဈေးတွေမှာ လာဝယ်နေကြတာပါ။

ရွှေမင်္ဂလာဈေး၊ မင်္ဂလာဈေး၊ ယုဇနပလာဇာ၊ သိမ်ကြီးဈေးက အဝတ်အထည်ဆိုင်တွေနဲ့ အလှကုန်ဆိုင်တွေ၊ ဗိုလ်ချုပ်ဈေးက ဖိနပ်ဆိုင်တွေမှာ အရောင်းအဝယ်ပိုကောင်းနေကြတယ်လို့ ဈေးရောင်းသူတွေက ပြောပါတယ်။

အထည်တွေဆိုရင် ပုဆိုး၊ ရှပ်အင်္ကျီ၊ ပါတိတ်၊ ပိုးဝမ်းဆက်တွေ၊ ကလေးအင်္ကျီတွေ၊ ပွဲတက်ကတ္တီပါဖိနပ်တွေနဲ့ အလှကုန်ဆိုင်တွေမှာ နယ်ဖောက်သည်တွေ အများအပြားလာဝယ်ကြတယ်လို့ ရွှေမင်္ဂလာဈေးက အထည်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပါတယ်။

သူက 'ဒီလိုအချိန်တွေဆို အိမ်ကလူတွေအကုန် ဈေးရောင်းကူရတယ်၊ ထမင်းစားဖို့တောင် အချိန်မရှိဘူး၊ မရောင်းရတာကြာနေပြီဆိုတော့ အခုလိုရောင်းရတော့ ရင်းထားတဲ့ဆိုင်ခန်းခတွေ ပြန်ရတာပေါ့'လို့ ပြောပါတယ်။

ဈေးတွေမှာ လူတွေရှုပ်နေကြပြီး အတွင်းတန်းဆိုင်တွေမှာဆို ဈေးသည်တွေ ခင်းထားတဲ့ပစ္စည်းတွေကြောင့် လမ်းလျှောက်လို့တောင်မရဘဲ လူတွေတိုးဝှေ့နေကြတာကြောင့် မူးလဲသူတွေတောင်ရှိတယ်လို့ ဈေးဝယ်သူတွေက ပြောပါတယ်။

ဈေးတွေရဲ့ရှေ့ဘက်မှာလည်း အငှားယာဉ်တွေတန်းစီပြီး စောင့်နေကြသလို အထုပ်ထမ်းသူတွေ၊ လမ်းဘေး အစားအသောက်ရောင်းသူတွေလည်း ရောင်းကောင်းနေကြတယ်လို့ သိရပါတယ်။

ဈေးတွေ ပြန်လည်စည်ကားနေတာကြောင့် ဈေးအတွင်း ခါးပိုက်နှိုက်သူ၊ ပစ္စည်းထုပ်ခိုးယူသူနဲ့ အထုပ်များတဲ့ပုံစံမျိုးလုပ်သူ မသမာသူတွေလည်း အရင်ကထက်များလာတယ်လို့ ဈေးလာဝယ်သူအချို့က ပြောပါတယ်။

နေပြည်တော်ကနေ ရန်ကုန်ကို ပစ္စည်းလာဝယ်တဲ့ မမိုးမိုးမြင့်က 'ကိုယ့်မျက်စိရှေ့မှာတင် ခါးပိုက်နှိုက်ခံရတဲ့သူ သုံးယောက်တွေ့ရတယ်၊ အထုပ်များတဲ့သူတွေလဲ အများကြီး၊ ပျောက်တာတွေလဲရှိတော့ လူသုံးယောက် လောက်ပါမှ ဈေးဝယ်လို့ စိတ်ချရတယ်၊ ကိုယ့်ပစ္စည်းကို တစ်ယောက်ကထိုင်စောင့်၊ နှစ်ယောက်က ဝယ်ပေါ့'လို့ ပြောပြပါတယ်။

> " ဈေးတွေမှာ လူတွေ ရှုပ်နေကြပြီး အတွင်းတန်းဆိုင်တွေမှာဆို လူတွေ တိုးဝှေ့နေကြတာကြောင့် မူးလဲသူတွေတောင် ရှိတယ် "

ဈေးမှာ လူစည်ကားနေတာကြောင့် ဈေးတာဝန်ရှိသူတွေက ခါးပိုက်နှိုက်သတိပြုဖို့ ဆိုင်းဘုတ်တွေနဲ့ သတိပေးတာ၊ လူကိုယ်တိုင်စပီကာတွေနဲ့ သတိပေးတာတွေ လုပ်နေကြတယ်လို့ သိရပါတယ်။

**အေးအေးအောင်**

# အနန္တနဲ့ ဝေ့ဗ်မန်းနီးပူးပေါင်းပြီး ပိုမိုလျင်မြန်တဲ့ ငွေပေးချေမှုစနစ်လုပ်ဆောင်

**ရန်ကုန်၊ အောက်တိုဘာ ၁၀ –** မြန်မာနိုင်ငံရဲ့ 4G+ အင်တာနက်အတွက် မိုဘိုင်းလ်ဖုန်းကတစ်ဆင့် ငွေပေးချေမှုကို လုံခြုံစိတ်ချစွာနဲ့ လွယ်လင့်တကူ လုပ်ဆောင်နိုင်စေဖို့ အနန္တ (ananda) နဲ့ ဝေ့ဗ်မန်းနီး (wave money) ပူးပေါင်းလုပ်ဆောင်ကြတော့မှာ ဖြစ်တယ်။

အဲသည်လို ပူးပေါင်းလိုက်တဲ့အတွက် အနန္တ သုံးစွဲသူတွေဟာ မိမိတို့ဝယ်ယူအသုံးပြုလိုတဲ့အစီအစဉ်တွေနဲ့ ပလန်တွေကို မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ ဝေ့ဗ်မန်းနီးဆိုင်တွေနဲ့ ဝေ့ဗ်မန်းနီးအပလီကေးရှင်းတွေကတစ်ဆင့် လျင်လျင်မြန်မြန်နဲ့ ငွေဖြည့်နိုင်ကြတော့မှာ ဖြစ်တယ်။

အနန္တရဲ့အမှုဆောင်အရာရှိချုပ် Alan Sinfield က 'ဝေ့ဗ်မန်းနီးဟာ ပြည်တွင်းဘဏ္ဍာရေးကဏ္ဍမှာ အားလုံးပါဝင်မှုအတွက် တွန်းအားတစ်ရပ်ဖြစ်တယ်၊ အွန်လိုင်းကနေ ဈေးရောင်းဈေးဝယ်ပြုလုပ်တာ၊ ငွေလွှဲပြောင်းတာ၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု စတာတွေကို ရိုးရှင်းလွယ်ကူမြန်ဆန်လုပ်နိုင်ပြီး စိတ်ချရစေပါတယ်၊ အနန္တဟာ မိတ်ဖက်ပါတနာဝေ့ဗ်မန်းနီးနဲ့ ပူးပေါင်းပြီး ပိုမိုကောင်းမွန်တဲ့ အင်တာနက်ကို သုံးစွဲသူတွေအတွက် ပေးစွမ်းနိုင်တော့မှာပါ'လို့ ပြောပါတယ်။

အဲသည်ပူးပေါင်းဆောင်ရွက်မှုဟာ ပြည်တွင်းမှာ ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကို ဝယ်ယူရာမှာ ငွေသားသုံးစရာမလိုဘဲ ငွေပေးချေမှုကို ပြုလုပ်နိုင်စေဖို့နဲ့ ဒစ်ဂျစ်တယ် နည်းပညာနဲ့ ဆန်းသစ်မှုတွေကို ဖန်တီးဖို့ ရည်ရွယ်ထားတဲ့ ဝေ့ဗ်မန်းနီးရဲ့ ရည်မှန်းချက် တစ်စိတ်တစ်ပိုင်း ဖြစ်တယ်။

ဝေ့ဗ်မန်းနီးရဲ့အမှုဆောင်အရာရှိချုပ် Brad Jones ကတော့ 'ဝေ့ဗ်မန်းနီးဟာ ဒေသတွင်းမှာ စီးပွားရေးလုပ်ငန်းတွေအတွက် အွန်လိုင်းကနေ ငွေပေးချေတဲ့ ပလက်ဖောင်းတစ်ခုကို တည်ဆောက်ထားတာပါ၊ အနန္တလို နည်းပညာဝန်ဆောင်မှုကုမ္ပဏီမျိုးကို ကမ္ဘာ့အဆင့်မီ ဒစ်ဂျစ်တယ်ငွေပေးချေစနစ်ကို ထောက်ပံ့ပေးလိုက်တဲ့အတွက် ပြည်တွင်းဘဏ္ဍာရေးမှာ အားလုံး ပါဝင်မှုနဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုရည်မှန်းချက်ကို ပိုပြီးမြန်မြန်ဆန်ဆန်ရောက်ရှိအောင် လုပ်ဆောင်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်'လို့ ပြောပါတယ်။

အဲသည်အကျိုးတူ ပူးပေါင်းတဲ့ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရန်ကုန်နိုဗိုတယ်ဟိုတယ်မှာ ပြုလုပ်ပါတယ်။

**အောင်ထွန်းဦး**

# ရွှေငွေပြန်တက်



**ရန်ကုန် အောက်တိုဘာ ၁၀–** ရွှေဈေးဟာ သည်နေ့မှာ ကျပ် ၁၀သိန်းကျော်အထိပြန်တက်လာပါတယ်။ ကျပ် ၁,၀၁၁,၀၀၀ အထိ ပြန်တက်လာပါတယ်။ တစ်ရက်တည်းမှာ တက်နေတာပါ။ ၉ ရက်နေ့အထိ ကျပ် ၉၉၂,၀၀၀ ပတ်ချာလည်မှာ ရှိနေတာ ဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကတော့ မတက်ပါဘူး။

ဒေါ်လာဈေးက ၁၅၇၅ကျပ်အထိ တက်လာပါတယ်။ မနေ့က အထိ ၁၅၅၀ ပတ်ချာလည်မှာရှိနေတာပါ။ တခြားငွေဈေးတွေလည်း အနည်းငယ်စီ ခပ်လှုပ်လှုပ်ပြန်ဖြစ်လာပါတယ်။

ဈေးတက်လာတာကြောင့် အရောင်းအဝယ်က ဘာဆက်ဖြစ်မလဲ စောင့်ကြည့်ရင်း ခပ်အေးအေးဖြစ်သွားပါတယ်။

**တုံတုံ**

## ရွှေဈေးနှုန်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းထားများ

| | ၄-၁၀-၁၈ | ၅-၁၀-၁၈ | ၆-၁၀-၁၈ | ၇-၁၀-၁၈ | ၈-၁၀-၁၈ | ၉-၁၀-၁၈ | ၁၀-၁၀-၁၈ |
|---|---|---|---|---|---|---|---|
| အကယ်ဒမီအခေါက် | - | ၉၉၁,၀၀၀ | ၉၉၁,၀၀၀ | ၉၉၀,၀၀၀ | ၉၉၆,၀၀၀ | ၉၉၂,၀၀၀ | ၁,၀၁၁,၀၀၀ |
| ကမ္ဘာ့ရွှေတစ်အောင်စ(ဒေါ်လာ) | - | ၁၂၀၂ | ၁၂၀၃ | ၁၂၀၃ | ၁၁၉၄ | ၁၁၉၀ | ၁၁၈၇ |
| အမေရိကန်(ဒေါ်လာ) | - | ၁၆၂၀ | ၁၅၃၅ | ၁၅၃၅ | ၁၅၅၀ | ၁၅၅၀ | ၁၅၇၅ |
| ယူရို | - | ၁၇၄၀ | ၁၇၄၀ | ၁၇၄၀ | ၁၇၇၀ | ၁၇၈၀ | ၁၈၂၀ |
| ထိုင်း(ဘတ်) | - | ၄၇.၂၀ | ၄၇.၂၀ | ၄၇ | ၄၇.၂၀ | ၄၇.၂၀ | ၄၈ |
| မလေးရှား(ရင်းဂစ်) | - | ၃၇၀ | ၃၇၀ | ၃၇၀ | ၃၇၀ | ၃၇၀ | ၃၇၅ |
| စင်ကာပူ | - | ၁၁၁၀ | ၁၁၁၀ | ၁၁၁၀ | ၁၁၁၆ | ၁၁၂၅ | ၁၁၄၀ |
| ဩစတြေးလျား | - | ၁၁၁၂ | ၁၁၁၂ | ၁၁၁၂ | ၁၁၁၈ | ၁၁၂၅ | ၁၁၄၀ |
| ဂျပန်(ယန်း) | - | ၁၂.၅၀ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ |
| တရုတ် (ယွမ်) | - | ၂၁၈ | ၂၁၉ | ၂၁၉ | ၂၁၇ | ၂၂၃ | ၂၂၅ |
| ရူပီး | - | ၂၁ | ၂၁ | ၂၁ | ၂၃ | ၂၃ | ၂၃ |
| ဗို့ကုန်ဝင်ငွေ | - | - | - | - | - | - | - |

*ငွေဈေးများသည် ရောင်းဈေးများဖြစ်ပြီး တစ်ပတ်တာ အပိတ်ဈေးများဖြစ်ပါသည်။

www.free4readers.com





ပုဂ္ဂလိကကဏ္ဍကလဲ စာတိုက်လုပ်ငန်းကို လုပ်ကိုင်လာနိုင်အောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်။

# ပုဂ္ဂလိက စာတိုက်လုပ်ငန်းတွေပါ ခွင့်ပြုဖို့ ဆောင်ရွက်နေ

**နေပြည်တော်၊ အောက်တိုဘာ ၁၀ –** အစိုးရစာတိုက်လုပ်ငန်းအပြင် ပုဂ္ဂလိက စာတိုက်လုပ်ငန်းတွေပါ လုပ်ကိုင်ခွင့်ပြုဖို့ ဆောင်ရွက်နေတယ်လို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးက သိရပါတယ်။

ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက 'စာတိုက်ကဏ္ဍက လက်ရှိမှာ မြန်မာ့စာတိုက်လုပ်ငန်းဆိုတာက အစိုးရရဲ့ စာတိုက်လုပ်ငန်းတစ်ခုပေါ့၊ ဒါ့အပြင် ပုဂ္ဂလိက လုပ်ငန်းရှင်တွေလဲ လုပ်လို့ကိုင်လို့ရအောင် ၁၉ ရာစုလောက်က ပြဋ္ဌာန်းတဲ့ စာတိုက်ဥပဒေကို အခြေခံပြီး စာတိုက်ဥပဒေအသစ်ကိုရေးဆွဲပြီးတော့ ဖြစ်ပေါ်လာတဲ့စာတိုက်ဥပဒေနဲ့အညီ စာတိုက်လုပ်ငန်းတွေလဲ ဖွံ့ဖြိုးတိုးတက်လာအောင် ပုဂ္ဂလိကကဏ္ဍကလဲ စာတိုက်လုပ်ငန်းကို လုပ်ကိုင်လာနိုင်အောင် ဒါတွေလမ်းဖွင့်ပြီးတော့ ဆောင်ရွက်သွားဖို့ ရှိပါတယ်'လို့ပြောပါတယ်။

လက်ရှိမှာ မြန်မာ့စာတိုက်လုပ်ငန်းအနေနဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နဲ့ ပူးပေါင်းပြီးမြန်မာနိုင်ငံသားတွေအတွက် စာပို့သင်္ကေတဆိုင်ရာ အသိပညာပေးဝေခြင်းနဲ့ လူမှုရေးနယ်ပယ်မှာ ပိုမိုကောင်းမွန်တဲ့ စာပို့လုပ်ငန်းဖြစ်လာစေဖို့အတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး သည့်တိုင်းဒေသကြီးသုံးခုအတွက် စာပို့သင်္ကေတစာအုပ်ထုတ်ဝေပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပြည်သူတွေ စာပို့လုပ်ငန်းနဲ့ ပတ်သက်ပြီး ပိုမိုစိတ်ဝင်စားလာဖို့ Post Code Ambassador အဖြစ် သရုပ်ဆောင်မိုရီဆာခီဝင်းကို ခန့်အပ်ထားတယ်လို့ သိရပါတယ်။ ၁၈၉၈ ခုနှစ်က ရေးဆွဲခဲ့တဲ့ စာတိုက်ဥပဒေအသစ်ကို ရုပ်သိမ်းပြီး မကြာခင်မှာ အသစ်ပြဋ္ဌာန်းနိုင်တော့မှာ ဖြစ်တယ်လို့သိရပါတယ်။

သည်ကနေ့ ခေတ်မှာအိုင်စီတီနည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အချို့နိုင်ငံတွေက စာတိုက်လုပ်ငန်းတွေဟာ အခက်အခဲနဲ့ ရင်ဆိုင်လာရပါတယ်။ ဒါပေမဲ့လည်း UPU ရဲ့ လေ့လာတွေ့ရှိချက်အရ စာပို့တိုက်လုပ်ငန်းတွေဟာအိုင်စီတီနည်းပညာတွေကို အသုံးပြုပြီး စာတိုက်လုပ်ငန်းကို ပိုမိုထိရောက်အောင် ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကို ပေးပြီး ဆောင်ရွက်နိုင်တယ်လို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အောက်တိုဘာလ ၉ ရက်နေ့မှာပြုလုပ်တဲ့ ကမ္ဘာ့စာတိုက်နေ့ အခမ်းအနားမှာ ပြောကြားပါတယ်။

> “ သည်ကနေ့ ခေတ်မှာ အိုင်စီတီနည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အချို့နိုင်ငံတွေက စာတိုက်လုပ်ငန်းတွေဟာ အခက်အခဲနဲ့ ရင်ဆိုင်လာရပါတယ် ”

ဒါ့အပြင် လက်ရှိမှာ စာတိုက်လုပ်ငန်းတွေရဲ့ ကြီးမားတဲ့ ကွန်ရက်နဲ့ အိုင်စီတီနည်းပညာကို အသုံးပြုပြီး e-commerce delivery, online transaction တွေကို ချဲ့ထွင်ပြီး ဝန်ဆောင်မှု ပေးနေတဲ့ အပြင် traditional post သာမက အိုင်စီတီကို သုံးပြီး hybrid mail ဝန်ဆောင်မှုတွေလည်း ပေးနေပြီ လို့ သိရပါတယ်။

မာရီနိုင်

## မွန်ပြည်နယ်မှာ ကျွဲကောဗန်ပေါ်ထွက်ရေး ညှိနှိုင်း

**ရန်ကုန်၊ အောက်တိုဘာ ၁၀ –** မွန်ပြည်နယ်မှာ ကျွဲကောဗန်ပေါ်ထွက်ဖို့ သက်ဆိုင်ရာပြည်နယ်အစိုးရနဲ့ ဆက်လက်ညှိနှိုင်းနေတယ်လို့ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောပါတယ်။

တရုတ်နိုင်ငံက ဝယ်လိုအားရှိနေပေမဲ့ လတ်တလောမှာ ပြည်တွင်းက ထွက်ရှိတဲ့ကျွဲကောတွေရဲ့ အရွယ်အစားနဲ့ မျိုးကွဲပြားမှုတွေကြောင့် ဝယ်လက်တွေရဲ့လိုအပ်ချက်အတိုင်း တင်ပို့နိုင်ဖို့ အခက်အခဲတွေရှိနေတာကြောင့် ဗန်တည်ထောင်နိုင်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။

အဲသည်လိုမျိုးကွဲတဲ့အခက်အခဲတွေနဲ့ ကြုံတွေ့နေရတဲ့အတွက် အခုလအတွင်း ကျွဲကောပြိုင်ပွဲပြီး မျိုးကောင်းမျိုးသန့်ပေါ်ထွန်းစေဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

ဦးစိုးသန်းမင်းဒင်က 'တရုတ်ပြည်က လိုအပ်ချက်ရှိနေပေမဲ့ ဒီဘက်ကထုတ်လုပ်မှုပိုင်းက နည်းနေသေးတယ်၊ နိုင်ငံခြားကို တင်ပို့နိုင်တဲ့ပမာဏကလဲ မရှိသေးဘူး၊ ဗန်ဖော်ထုတ်ပြီး တစ်နေရာထဲကနေ အများကြီးထုတ်နိုင်ဖို့ ဆောင်ရွက်နေတာဖြစ်တယ်'လို့ ပြောပါတယ်။

အဲသည်လိုဆောင်ရွက်နေပေမဲ့ ဒေသရဲ့အစိုးရခွင့်ပြုချက်မရသေးတာကြောင့် လက်ရှိအချိန်မှာ ညှိနှိုင်းနေကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဇွန်လကစတင်ပြီး ကျွဲကောထွက်ရှိနေပြီး တရုတ်နိုင်ငံမှာ နိုဝင်ဘာလမှ ထွက်လေ့ရှိတာကြောင့် ထွက်ရှိတဲ့အချိန်မတူတဲ့အတွက် ဝယ်လိုအားပိုမိုရရှိတာဖြစ်ပါတယ်လို့ သိရပါတယ်။

ပြည်တွင်းမှာ ကျွဲကောမျိုးပေါင်း ၂၀ ကျော်လောက်ရှိပြီး ခြံတစ်ခြံမှာ ကျွဲကောအမျိုးအစား လေးခုလောက်အထိ စိုက်ပျိုးလေ့ရှိကြပါတယ်။

မိုမိုသဇ္ဇာ




## ရိုးမဘဏ်နဲ့ ဘီအာရ်အေစီ ငွေကြေးဆိုင်ရာ သဘောတူညီစာချုပ်အသစ် ထပ်မံချုပ်ဆို

**နေပြည်တော်၊ အောက်တိုဘာ ၁၀ –** ရိုးမဘဏ်နဲ့ မြန်မာ့အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက် (BRAC) တို့ဟာ မြန်မာနိုင်ငံမှာ အားလုံးပါဝင်နိုင်တဲ့ ငွေကြေးစနစ်ဖြစ်ပေါ်လာစေဖို့ ၆.၈ ဘီလျံတန်ဖိုးရှိတဲ့ ငွေကြေးဆိုင်ရာ သဘောတူညီစာချုပ်အသစ်ကို ဒုတိယအကြိမ် ထပ်မံချုပ်ဆိုလိုက်တယ်လို့ သတင်းထုတ်ပြန်ချက်အရသိရတယ်။

သည်ငွေကြေးဆိုင်ရာ သဘောတူညီစာချုပ်အရ BRAC ဟာ မြို့ပြင် ဆင်ခြေဖုံးနေရာတွေမှာရှိတဲ့ ဆင်းရဲနွမ်းပါးပြီး ဝင်ငွေနည်းပါးတဲ့ အိမ်ထောင်စုတွေနဲ့ အမျိုးသမီးတွေအတွက် အသေးစားငွေကြေးဝန်ဆောင်မှုတွေကို ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အိမ်ထောင်စုပေါင်း ၁၅,၀၀၀ ကိုလည်း အသေးစား ချေးငွေဝန်ဆောင်မှုတွေ ရရှိမှာဖြစ်ပါတယ်။

BRAC ဟာ လက်ရှိမှာလည်း နိုင်ငံတစ်ဝန်းရှိအိမ်ထောင်စုပေါင်း ၇၉,၀၀၀ ကျော်အတွက် အသေးစားချေးငွေတွေ ထုတ်ချေးထားပြီး စုစုပေါင်းချေးငွေတန်ဖိုးမှာ ကျပ် ၁၇ ဘီလျံရှိပြီ ဖြစ်ပါတယ်။ BRAC ဟာ မြို့ပြနဲ့ ကျေးလက်ဒေသတွေမှာ ချေးငွေများပံ့ပိုးပေးခြင်းမှတစ်ဆင့် အမျိုးသမီးတွေရဲ့ လုပ်ပိုင်ခွင့်နဲ့ လုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ဖို့ လုပ်ဆောင်နေသလို လက်ရှိမှာလည်း ချေးငွေဝန်ဆောင်မှုပေးအပ်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ဖို့ လုပ်ဆောင်နေသလို လက်ရှိမှာလည်း ချေးငွေဝန်ဆောင်မှုပေးအပ်နိုင်ဖို့ မြန်မာနိုင်ငံမှာ ရုံးခွဲပေါင်း ၄၉ ခု ဖွင့်လှစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရိုးမဘဏ်အနေနဲ့လည်း ရေရှည်ရည်မှန်းချက်ဖြစ်တဲ့ အားလုံးပါဝင်နိုင်တဲ့ ငွေကြေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် တစ်ဦးချင်း ဒါမှမဟုတ် အဖွဲ့အစည်းနှစ်မျိုးစလုံးကို ငွေကြေးဝန်ဆောင်မှုတွေ ပေးလျက်ရှိတယ်လို့ သိရပါတယ်။

BRAC ဟာ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်ကစတင်ပြီး အဓိကအရေးပါတဲ့ ဒေသတွေဖြစ်တဲ့ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းနဲ့ နေပြည်တော်တို့မှာ လုပ်ငန်းလည်ပတ်လျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ကဏ္ဍစုံဖွံ့ဖြိုးရေးအတွက် အဓိက မောင်းနှင်အားဖြစ်တဲ့ ရေရှည်ငွေကြေးဝန်ဆောင်မှုကို ဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုတွေ ရယူအသုံးပြုနိုင်စေဖို့ အခွင့်အလမ်းတွေ ပေးအပ်လျက်ရှိတယ်လို့လည်း သိရပါတယ်။

မာရီနိုင်

www.free4readers.com



# စည်ပင်က ကောက်တဲ့ ကားပါကင်ကြေး မျှတတဲ့ဈေးနဲ့ စနစ်တကျကောက်ခံတဲ့စနစ်ဖြစ်ဖို့ လို



မြို့တွင်းမြို့နယ်တွေရှိ လမ်းမကြီးတွေနဲ့ အမည်တပ်လမ်းတွေမှာ ယာဉ်ရပ်နားခတွေကို ပြန်လည်ကောက်ခံမှာ ဖြစ်ပါတယ်။

**ရန်ကုန်၊ အောက်တိုဘာ ၉** – ရန်ကုန်မြို့တွင်းမြို့နယ်များရှိ လမ်းမကြီးများနဲ့ အမည်တပ်လမ်းမကြီးများမှာ ယာဉ်ရပ်နားခကောက်ခံဖို့ ဈေးပြိုင်တင်ဒါခေါ်ယူခဲ့ရာ ဇုန်ရှစ်ဇုန်အနက် ဇုန်ငါးဇုန်မှာ တင်ဒါအောင်မြင်ခဲ့ပြီး ဇုန်သုံးဇုန်မှာ ကြမ်းခင်းဈေးပြည့်မီခြင်း မရှိတဲ့အတွက် တင်ဒါပြန်လည်ခေါ်ယူခဲ့ရတယ်လို့ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောပါတယ်။

'တင်ဒါအောင်မြင်ခဲ့တဲ့ဇုန်တွေကို ဈေးပြိုင်တင်ဒါပြန်လည်ခေါ်ယူထားပါတယ်၊ မိဘပြည်သူများသို့ ကြိုတင်အသိပေးချက်အနေနဲ့ နိုင်ငံပိုင်သတင်းစာတွေ၊ ဂျာနယ်တွေနဲ့ အက်ဖ်အမ်ရေဒီယိုတို့မှာ ထည့်သွင်းကြေညာခဲ့ပြီး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ယာဉ်ထိန်းတပ်ဖွဲ့တွေကို အကြောင်းကြားထားပြီးဖြစ်တယ်' လို့ ပြောပါတယ်။

တင်ဒါအောင်မြင်ခဲ့တဲ့ဇုန်တွေကို ဈေးပြိုင်တင်ဒါပြန်လည်ခေါ်ယူထားပြီး ကြိုတင်အသိပေးချက်အနေနဲ့ မြို့တွင်းမြို့နယ်တွေရှိ လမ်းမကြီးတွေနဲ့ အမည်တပ်လမ်းတွေမှာ ယာဉ်ရပ်နားခတွေကို ၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၁ရက်နေ့မှ စတင်ကာ ပြန်လည်ကောက်ခံမှာဖြစ်ပါတယ်။

စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ရန်ကုန်မြို့တွင်းမြို့နယ်တွေမှာ ယာဉ်ရပ်နားခ ကန့်သတ်နယ်မြေဇုန်၁၀ ဇုန်ခွဲခြားပြီး လုပ်ငန်းရှင်တွေကို လေလံစနစ်နဲ့ အငှားချထားပေးတယ်လို့ ဆိုပါတယ်။

တင်ဒါမအောင်မြင်တဲ့ဇုန်တွေကို တင်ဒါထပ်မံခေါ်ယူထားပြီး ယာဉ်ရပ်နားခကောက်ခံခြင်းလုပ်ငန်းကို တစ်ချိန်တည်းဖြစ်စေရန်အတွက် ၁.၁၁.၂၀၁၈ ရက်နေ့ က နေ ၃၁.၃.၂၀၁၉ ရက်အထိ ငါးလဆောင်ရွက်ရန် သတ်မှတ်ထားပြီး သတ်မှတ်ကာလပြီးဆုံးပါက ပိုမိုခေတ်မီပြီး စနစ်ကျတဲ့ Smart Car Parking System ဆောင်ရွက်နိုင်ဖို့ စီစဉ်ထားတယ်လို့ ရှင်းပြပါတယ်။

ရန်ကုန်တိုင်းလွှတ်တော်အစည်းအဝေးမှာ ကျောက်တံတားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက '၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစပြီး အမည်တပ်လမ်းမကြီးတွေမှာ ကားပါကင်ကြေးကောက်ခံမယ့်ကိစ္စနဲ့ပတ်သက်ပြီး စနစ်တကျလဲဖြစ်၊ ပြည်သူလဲအဆင်ပြေစေရန် မည်သို့သောအစီအမံများဖြင့် ဆောင်ရွက်သွားမည်ဆိုတာကို သိလိုတယ်' ဆိုပြီး မေးမြန်းခဲ့တာဖြစ်ပါတယ်။

ဒေါ်ကြည်ပြာက 'တင်ဒါအောင်ကုမ္ပဏီတွေ ဘယ်အချိန်က အောင်သွားမှန်း ကျွန်မတို့မသိပါဘူး။ မြို့နယ်အဆင့်တာဝန်ရှိသူတွေလဲ မသိပါဘူး၊ ဆိုလိုတာက မြို့တွင်းစီမံခန့်ခွဲတဲ့ သူတွေအနေနဲ့ မြို့နယ်စည်ပင်က ကားပါကင်ကြေးတွေကိုကောက်ခံတော့မယ်လို့ မြို့တွင်းလှည့်ပြီး အော်ပါတယ်၊ ပြည်သူတွေက သူတို့အခက်အခဲကို ကျွန်မတို့ကို ဖုန်းနဲ့ရော မက်ဆေ့ချ်ကပါ ဆွေးနွေးကြပါတယ်၊ ကောက်တာကို လက်ခံပါတယ်၊ မျှတတဲ့ဈေးနှုန်းနဲ့ ဝန်ဆောင်မှု ကောင်းကောင်းပေးနိုင်တဲ့ စနစ်တကျကောက်ခံတဲ့ စနစ်ဖြစ်ဖို့ လိုပါတယ်' လို့ ပြောပါတယ်။

ရန်ကုန်မြို့တွင်းမြို့နယ်တွေရှိ လမ်းမကြီးတွေနဲ့ အမည်တပ်လမ်းမကြီးတွေမှာ ဇုန်ရှစ်ဇုန်ပိုင်းခြားသတ်မှတ်ပြီး တစ်နာရီကို ကျပ် ၂၀၀ နှုန်းနဲ့ နေ့ စဉ်မနက်၈း၀၀နာရီကနေညနေ ၆း၀၀ နာရီအထိ ကောက်ခံမှာဖြစ်ပါတယ်။

ပြန်လည်ကောက်ခံမယ်လို့ ဆိုခြင်းမှာ မြို့တော်ဝန်ဦးကိုလေးလက်ထက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃အပိုဒ်ခွဲ(က) အရ ထုတ်ပြန်သော အမိန့်ဖြစ်တဲ့ ၁၉၉၅ ခုနှစ်က စပြီး ယာဉ်မောင်းနှင်သူ မည်သူမဆို ယာဉ်ရပ်နားခပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ညီညွတ်ခြင်းမရှိဘဲ ရပ်နားလျှင်ဖြစ်စေတည်ဆဲဥပဒေအရ အရေးယူခြင်းခံရမယ်လို့ဥပဒေတွင်ပါရှိပြီး ကျင့်သုံးသင့်တဲ့ဥပဒေဖြစ်တယ်လို့ မြို့တော်ဝန်က ဆိုပါတယ်။

တင်ဒါအောင်မြင်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနဲ့ စာချုပ်ချုပ်ဆိုတဲ့အခါ ယာဉ်ရပ်နားခကောက်ခံမှုနဲ့ပတ်သက်ပြီး စနစ်တကျရှိစေရန်အတွက် အဓိကလိုအပ်ချက်တွေကို ထည့်သွင်းချုပ်ဆိုသွားမယ်လို့ ဆိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်က ယာဉ်ရပ်နားခကို ကောက်ခံတဲ့ သူတွေကို စနစ်တကျသင်တန်းပေးတာတွေလုပ်ဖို့ တိုက်တွန်းခဲ့ပြီး ကားပါကင်ကြေးကောက်မယ့် နေရာမှာ စနစ်တကျမျဉ်းတွေ ရေးဆွဲထားတာ မရှိသေးဘူးလို့ ထောက်ပြပါတယ်။

ရန်ကုန်မြို့မှာ ယာဉ်ရပ်နားရာနေရာရှားပါးတာကြောင့် နေရာလွတ်ရှိတဲ့ နေရာတွေမှာ အကာအကွယ်မဲ့စွာ အဆင်ပြေသလို ရပ်နေကြရတာကြောင့် ကိုယ့်အိမ်ရှေ့မှာ ကားရပ်တာကို နာရီနဲ့ကောက်ခံပါက အဆင်မပြေနိုင်တာကြောင့် မြို့နယ်အတွင်းက လူတွေအတွက် သီးခြားသတ်မှတ်ပေးဖို့ လွှတ်တော်အစည်းဝေးမှာ တောင်းဆိုခဲ့ပါတယ်။

မြို့တော်ဝန်ကတော့ ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင်က လမ်းဘေးဈေးသည်တွေ အကောက်ခွန်တွေ ကောက်ခံခြင်း၊ ယာဉ်ရပ်နားခတွေ ကောက်ခံခြင်းလုပ်ငန်းတွေကို ဖျက်သိမ်းလိုက်လို့ နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့ ဘဏ္ဍာငွေတွေ မရရှိခဲ့ဘူးလို့ ရှင်းပြပါတယ်။

ဦးမောင်မောင်စိုးက 'အစိုးရမှ ယာဉ်ရပ်နားခကောက်ခံခြင်း မရှိပေမဲ့ တရားမဝင်ကောက်ခံမှုတွေကြောင့် ကောက်ခံသူတွေသာ အကျိုးအမြတ်ရှိခဲ့ပြီး နိုင်ငံတော်သို့ ဘဏ္ဍာငွေ ဝင်ရောက်ခြင်း မရှိခဲ့ဘူး၊ နိုင်ငံတော်ဘဏ္ဍာငွေရရှိရန်ရည်ရွယ်ပြီး ကောက်ခံခြင်းဖြစ်တယ်' လို့ပြောပါတယ်။

ဆက်စပ်မေးခွန်းအနေနဲ့ ယာဉ်ရပ်နားခ ကောက်ခံခြင်းကို ကန့်ကွက်ခြင်းမဟုတ်ပေမဲ့ တင်ဒါခေါ်ယူရေးကိစ္စတွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးတိုင်ပင်သင့်တယ်လို့ ဆိုပြီး တင်ဒါအောင်တဲ့ ကုမ္ပဏီတွေက အခြားကုမ္ပဏီငယ်တွေကို လက်လွှဲ လုပ်ကိုင်စေတာကြောင့် ကောက်ခံနှုန်းထား တိုးမြင့်လာနိုင်ခြေတွေ မြေပြင်တွင်ဖြစ်ပေါ်နိုင်တယ်လို့ ဆိုပါတယ်။



> "ကောက်တာကို လက်ခံပါတယ်၊ မျှတတဲ့ဈေးနှုန်းနဲ့ ဝန်ဆောင်မှု ကောင်းကောင်း ပေးနိုင်တဲ့ စနစ်တကျ ကောက်ခံတဲ့ စနစ်ဖြစ်ဖို့ လိုပါတယ်"

ဒေါ်ကြည်ပြာက 'အရင်တုန်းကဆိုရင်လဲ လမ်းတစ်လမ်းမှာ ဒီခေတ်တိုင်ကနေ ဟိုခေတ်တိုင်အထိက ဘယ်သူဆိုပြီး ခွဲခြားထားတာလဲ ရှိတယ်၊ ကျွန်မသိသလောက်တော့ ယာဉ်ရပ်နားခွင့်ရတဲ့ လေလံတွေမှာ နာမည်တစ်ခုတည်းနဲ့ ဆွဲထားတာ အများကြီးပါ၊ သူတို့တွေက ကိုယ်တိုင်မလုပ်ဘဲ အခြားကန်ထရိုက်တွေနဲ့ဆက်ပြီး လုပ်တာဆိုတော့ တာဝန်ယူမှုတာဝန်ခံမှုအပိုင်းမှာ အများကြီး လိုအပ်ပါတယ်' လို့ ပြောပါတယ်။

လူထုနဲ့ဆက်စပ်နေသော ကိစ္စဖြစ်သောကြောင့် နိုင်ငံတော်ဘဏ္ဍာရရှိရေးရည်ရွယ်ချက်တစ်ခုတည်းနဲ့ မဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာရရှိနိုင်ရန် ရည်ရွယ်ချက်ဖြစ်ပါက စည်ပင်သာယာမှာ ရရှိရန်ကျန်နေသောအကြွေးများ များစွာရှိတယ်လို့ ဒေါ်ကြည်ပြာက ရှင်းပြပါတယ်။

ယာဉ်ရပ်နားခကောက်ခံမယ့်မြို့နယ်တွေမှာ နေထိုင်တဲ့ ပြည်သူတွေအတွက် တစ်စုံတစ်ရာ စဉ်းစားဆောင်ရွက်ပေးသင့်ပါကြောင်းနဲ့ ငါးလပြီးပါက ပြုလုပ်မယ့် Smart Car Parking System ဆောင်ရွက်ရာမှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တိုင်ပင်ဆွေးနွေးသင့်ပါကြောင်း အကြံပြုမေးမြန်းခဲ့ပါတယ်။

ဝန်ကြီးကတော့ နိုင်ငံတော်ဘဏ္ဍာငွေ ရအောင် ရှာနေခြင်းမဟုတ်ဘဲ လွတ်သွားသော ဘဏ္ဍာငွေတွေပြန်လည်ရရှိရန် ဆယ်ယူနေတယ်လို့ဆိုပြီး မိမိအိမ်ရှေ့နေရာလို့ သဘောမထားဘဲ public area မှာ ရပ်နားသောကြောင့် ပေးဆောင်ရတယ်လို့ မှတ်ယူသင့်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။

**အေးအေးအောင်**

www.free4readers.com



“ လက်ရှိပေါ်နေတဲ့ လေးလပဲမျိုးတွေက မကြာခင်မှာ ပြန်လည်စိုက်ပျိုးတော့မှာဖြစ်ပြီး လာမယ့်နှစ်မတ်လလောက်မှ ပေါ်မှာပါ ”



# လေးလမြေပဲ ဈေးကောင်းရ ကြက်သွန်နီဈေး ပြန်တက်လာ

**နေပြည်တော်၊ အောက်တိုဘာ ၁၀–** သည့်တစ်ပတ်ဈေးကွက်မှာ လေးလမြေပဲတွေဈေးကောင်းရနေပြီးကြက်သွန်နီဈေးတွေလည်း ပြန်တက်လာတာ တွေ့ရပါတယ်။

အစေ့ထုတ် ပြောင်းကတော့ ဈေးငြိမ်နေပါတယ်။

## လေးလမြေပဲ

လေးလမြေပဲတွေကတော့ သည်နှစ်မှာဈေးကောင်းရနေပြီး ပြည်ပဝယ်လက်ဖြစ်တဲ့ တရုတ်နိုင်ငံအနေနဲ့လည်း အဝယ်လိုက်နေဆဲဖြစ်တယ်လို့သိရပါတယ်။

လေးလမြေပဲတွေဟာ လက်ရှိမှာ ဈေးကွက်ထဲကိုဝင်ရောက်နေပြီဖြစ်ပြီး အဆန်တစ်ပိဿာကို ကျပ် ၂၆၀၀ ဝန်းကျင်အထိ ရှိတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ သည်နှစ်လောက်ဈေးမကောင်းခဲ့ပဲ တစ်ပိဿာကိုအမြင့်ဆုံးကျပ် ၂၄၀၈ ဝန်းကျင်ပဲ ရှိခဲ့တယ်။ လတ်တလောမှာ တရုတ်ဘက်ကလည်း အဝယ်လိုက်နေပြီး ပစ္စည်းကောင်းရင် တစ်ပိဿာကို ကျပ် ၂၉၀၀ ဝန်းကျင်အထိ ပေးဝယ်နေပါတယ်။

“ လေးလမြေပဲတွေ ဈေးကောင်းရနေပြီး ပြည်ပဝယ်လက်ဖြစ်တဲ့ တရုတ်နိုင်ငံ အနေနဲ့လည်း အဝယ်လိုက်နေဆဲ ဖြစ်တယ် ”

မန္တလေးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးကျော်သွင်က ‘သူကမျိုးမြေပဲလို့ခေါ်ရမှာပေါ့၊ စိုးရိမ်စရာရှိတာက ရောဝတီမြစ်ရိုးကတောင်သူတွေက စိုက်ရတော့မှာ၊ စိုက်တော့ အဲဒီပဲတွေကိုဈေးကြီးနဲ့ဝယ်စိုက်ရမှာမျိုးဆိုတော့ပိုအရေးကြီးတယ်၊ အဲဒီတော့ အနည်းဆုံး ၃၀၀၀၊ ၃၁၀၀ လောက်တော့သူတို့ပေးဝယ်ရတော့မယ်၊ တစ်ပိဿာကို၊ ဈေးကတော့ အခုလိုကောင်းနေဦးမယ်ထင်တယ်၊ တရုတ်ကဆွဲတယ်’ လို့ ပြောပါတယ်။

လက်ရှိပေါ်နေတဲ့ လေးလပဲမျိုးတွေကမကြာခင်မှာ ပြန်လည်စိုက်ပျိုးတော့မှာဖြစ်ပြီး လာမယ့်နှစ်မတ်လလောက်မှ ပေါ်မှာပါ။ သည်အတွက် သူတို့ပြန်ရောင်းတဲ့အချိန်မှာတော့ အခုလို ဈေးကောင်း မရမှာစိုးရိမ်ရမယ့်အခြေအနေရှိပါတယ်။ လက်ရှိလေးလမြေပဲတွေပေါ်နေတာကတော့ မန္တလေးအောက်ပိုင်းဒေသတွေဖြစ်တဲ့ကျောက်ပန်းတောင်း၊ မကွေး၊ ပခုက္ကူ၊ မြင်းခြံ၊ မုံရွာစတဲ့ ဒေသတွေ ဖြစ်တယ်လို့ သိရပါတယ်။

ခြောက်လမြေပဲလို့ခေါ်တဲ့ ပဲကြီးတွေကတော့ လာမယ့် ဒီဇင်ဘာလလောက်မှာ စတင်ပေါ်မှာဖြစ်ပါတယ်။

## အစေ့ထုတ်ပြောင်း

တရုတ်နိုင်ငံကိုသာ အဓိကအားထားရနေတဲ့ အစေ့ထုတ်ပြောင်းအနေနဲ့ သည်ရက်ပိုင်းမှာ တရုတ်ဘက်က အဝယ်ပြန်လိုက်လာပေမဲ့လည်း ပြည်တွင်းဈေးကွက်မှာတော့ တစ်တင်းကို ကျပ် ၉၅၀၀ နဲ့ပဲ ဈေးငြိမ်နေပါတယ်။

နေပြည်တော် ပတ္တမြားပွဲရုံက ဦးဗိုလ်ရွှေက ‘ဈေးအပြောင်းအလဲမရှိဘူး၊ ငြိမ်နေတယ်၊ ပစ္စည်းက တဖြည်းဖြည်း ရှားလာမှာဆိုတော့ ဈေးကတော့တက်ဦးမှာပါ၊ ခါတိုင်းနှစ်တွေလဲ ပစ္စည်းရှားတာနဲ့ပေါက်ဈေးထက်တော့ကုန်ခါနီးပြန်တက်တာပဲ’ လို့ ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က အခုလိုအချိန်မှာဆိုရင် တရုတ်ဘက်က အဝယ်မရှိဘဲ ပြည်တွင်းဈေးကွက်ပဲ ရောင်းချခဲ့ရတဲ့အတွက်တစ်တင်းကိုကျပ် ၆၀၀၀ အထိသာ ရရှိခဲ့ကြတာဖြစ်ပါတယ်။ သည်နှစ်ကတော့ စပေါ်ပေါ်ချင်းမှာပင်တစ်တင်းကို ကျပ် ၁၀,၀၀၀ ဝန်းကျင်မှာရှိနေခဲ့တာဖြစ်ပါတယ်။

လက် ရှိ ဈေး ကွ က် ထဲ ကို ရောက်ရှိနေတဲ့အစေ့ထုတ်ပြောင်းတွေဟာ မိုးပြောင်းတွေဖြစ်ပြီး လက်ရှိတောင်သူတွေစိုက်ထားတဲ့ ဆောင်းပြောင်းကတော့ ဒီဇင်ဘာလလောက်မှာ ဈေးကွက်ထဲကို စတင်ရောက်မှာ ဖြစ်ပါတယ်။ မောဝ်ရွှေလီကုန်သွယ်မှုဇုန်ဌာနရဲ့ အောက်တိုဘာလ ၄ ရက်နေ့စာရင်းတွေအရ မူဆယ် ၁၀၅မိုင်ကုန်သွယ်ရေးဇုန်သို့ အစေ့ထုတ်ပြောင်း ကားအစီးရေ ၁၂၀ ဝန်းကျင်ခန့် ဝင်ရောက်ပြီး တန်ချိန်အားဖြင့် ၃၇၀၀ ခန့် ရှိပါတယ်။ နယ်စပ်မှာလည်း အစေ့ထုတ်ပြောင်း ဝင်ရောက်မှုတန်ချိန် မြင့်တက်လာပေမဲ့ ရွှေလီမှာအဖမ်းအဆီးများနေတဲ့ အတွက် ဈေးကတော့ သည်ရက်ပိုင်းပြီးခဲ့တဲ့အပတ်ထက် အနည်းငယ်ကျဆင်းနေတယ်လို့ သိရပါတယ်။

## ကြက်သွန်နီ

သည်တစ်ပတ်မှာ ကြက်သွန်နီဈေးကတော့ ဘုရင့်နောင်ဈေးကွက်ရဲ့ ပစ္စည်းဝင်ရောက်မှုပေါ်လိုက်ပြီး ဈေးအတက်အကျ ရှိနေပေမဲ့ ဈေးကောင်းရနေပါတယ်။

လက်ရှိ ကြက်သွန်နီဈေးဟာ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ အမျိုးအစားအလိုက် တစ်ပိဿာကို ကျပ် ၁၀၀၀၊ ကျပ် ၁၀၅၀၊ ကျပ် ၁၁၅၀ နဲ့ အမြင့်ဆုံး ၁၂၅၀ အထိ ရှိနေပါတယ်။

ပျော်ဘွယ်မြို့နယ်က ကြက်သွန်နီကုန်သည် ဦးအေးဆွေက ‘ပြန်တက်လာတာ၊ အရင်ရက်က အများဆုံး ၁၀၀၀၊ ၁၁၀၀ အထိ ဆင်းသွားသေးတယ်၊ ဒီဈေးနားပဲလူးနေတာပေါ့၊ ကားအဝင်နည်းရင်တက်လိုက်၊ ကားအဝင်များရင် ချလိုက်အဲဒီလိုလုပ်နေတာ၊ ဒါပေမဲ့တက်မှာပါ၊ သီတင်းကျွတ်အခါရက်ဆိုတော့ တစ်ပိဿာကို ၁၅၀၀ ဝန်းကျင် လောက်တော့ရောက်မယ်ထင်ပါတယ်’ လို့ပြောပါတယ်။

ပြီးခဲ့တဲ့ နှစ်ပတ်လောက်က ကြက်သွန်နီဈေးဟာ တစ်ပိဿာကို အမြင့်ဆုံး ကျပ် ၁၃၅၀ အထိ ရှိခဲ့တာ ဖြစ်ပါတယ်။ လက်ရှိဈေးကွက်ထဲကို ဝင်ရောက်နေတာကတော့ နွေကြက်သွန်လှောင်ကုန်တွေဖြစ်ပြီး မြင်းခြံ၊ ပျော်ဘွယ်နဲ့ ဆိတ်ဖြူတို့ဘက်ကနေ အများဆုံးဝင်ရောက်နေပါတယ်။ ပစ္စည်းအရည်အသွေးကတော့လှောင်ကြက်သွန်တွေဖြစ်တာကြောင့် တဖြည်းဖြည်း လျော့ကျလာပါတယ်။

လက်ရှိဘုရင့်နောင်ဈေးကွက် ကြက်သွန်နီအဝင်ကတော့ တစ်နေ့ကို ပျမ်းမျှ ကားအစီးရေ ၂၀ ဝန်းကျင်ဝင်ပါတယ်။

## ဆန်

သည်တစ်ပတ် ဆန်ဈေးကတော့ ပြည်တွင်းဈေးကွက်မှာငြိမ်နေပေမဲ့ ပြည်ပကို တင်ပို့တဲ့ ဆန်ဈေးကတော့ အနည်းငယ်တက်လာပါတယ်။

လက်ရှိ ပြည်တွင်းဆန်ဈေးတွေကတော့မကွေးကုန်စည်ဒိုင်ရဲ့

www.free4readers.com



# အတိုင်ပင်ခံရဲ့ ဂျပန်ခရီးစဉ် စီးပွားရေးရလဒ်ကောင်းမလား



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်ဟာ မဲခေါင်–ဂျပန်ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

**နေပြည်တော်၊ အောက်တိုဘာ ၁၀–** နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် (၁၀)ကြိမ်မြောက် မဲခေါင်–ဂျပန်ထိပ်သီးအစည်းအဝေးကို တက်ရောက်ဖို့သွားခဲ့တဲ့ ဂျပန်နိုင်ငံခရီးစဉ်ဟာ နိုင်ငံအတွက် စီးပွားရေးအရအလားအလာကောင်းတွေဖြစ်ပေါ်လာနိုင်သလိုဘယ်လောက်အထိ အကျိုးသက်ရောက်မှုရှိမလဲ ဆိုတာကိုလည်း စောင့်ကြည့်ဖို့ လိုတယ်လို့ စီးပွားရေးပညာရှင်အချို့က သုံးသပ်ကြပါတယ်။

ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးအတွက် အဓိကကျတဲ့ နိုင်ငံဖြစ်သလို ရင်းနှီးမြှုပ်နှံမှု အများအပြားဝင်ရောက်ထားတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် အခုလိုထိပ်သီးအစည်းအဝေးမှာ နိုင်ငံတော်အတိုင်ပင်ခံကိုယ်တိုင်သွားရောက်လိုက်တာဟာ မှန်ကန်တဲ့ နည်းလမ်းဖြစ်သလို ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မိန့်ခွန်းတွေပြောကြားရာမှာလည်း ကိုယ့်နိုင်ငံရေးအခြေအနေ အထူးသဖြင့် ရခိုင်ကိစ္စနဲ့ စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ထဲထဲဝင်ဝင်ဖိတ်ခေါ်နေခဲ့တာ တွေ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း လတ်တလောမှာကု လသမဂ္ဂအထွေထွေညီလာခံအပါအဝင် တခြားနိုင်ငံရဲ့ခရီးစဉ်တွေကိုမသွားဘဲ အာရှနိုင်ငံတွေရဲ့ ခရီးစဉ်တွေကိုပဲ သွားနေတာတွေ့ရသလို သည် ခရီးစဉ်မှာလည်း ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးရဲ့ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်ဟာ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပတဲ့ ၁၀ ကြိမ်မြောက် မဲခေါင်–ဂျပန်ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

## ဘာတွေရခဲ့လဲ

ဒေါ်အောင်ဆန်းစုကြည်ဟာ ဂျပန်နိုင်ငံခရီးစဉ်ကို အောက်တိုဘာလ ၅ ရက်နေ့မှာ စတင်ခဲ့ပြီး အောက်တိုဘာလ ၉ ရက်နေ့မှာ (၁၀)ကြိမ်မြောက်မဲခေါင်–ဂျပန်ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ကာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာထောင်လွန်းဆီဆုလစ်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယွတ်ချန်အိုချာနဲ့ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင် စွမ်းဖုတို့ ပါဝင်ဆွေးနွေးကြပါတယ်။

ဂျပန်ဦးဆောင်ပြီး မဲခေါင်မြစ်ဝှမ်းက မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်တို့ ပါဝင်တဲ့ မဲခေါင်–ဂျပန်အစည်းအဝေးအပြီးမှာ ဂျပန်နဲ့မဲခေါင်မြစ်ဝှမ်းနိုင်ငံတွေ ပိုမိုပူးပေါင်းဆောင်ရွက်ပြီး အင်ဒို–ပစိဖိတ်ဒေသကိုလွတ်လပ်ပွင့်လင်းတဲ့ ဒေသအဖြစ် မြှင့်တင်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့ သဘောတူခဲ့ကြတယ်လို့ သိရပါတယ်။

ဒါ့အပြင် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအတွက် လမ်းညွှန်ချက်အဖြစ် နိုင်ငံ့ ခေါင်းဆောင်တွေက ၂၀၁၉–၂၀၂၁ခုနှစ်ကာလအတွက်ပူးပေါင်းဆောင်ရွက်မှု မူဘောင်အဖြစ် 'တိုကျိုမဟာဗျူဟာ ၂၀၁၈(၂၀၁၉–၂၀၂၁)' ကို အတည်ပြု ထုတ်ပြန်ကြေညာခဲ့ကြပါတယ်။ သည်ထဲမှာ သတင်းအချက်အလက် နည်းပညာကဏ္ဍကို အဓိကထားပြီး အခြေခံအဆောက်အအုံတွေ တည်ဆောက်ရေး၊ မီးရထား၊ ကားလမ်းနဲ့ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ပါဝင်တယ်လို့ သိရပါတယ်။

ဒါ့အပြင် တိုကျိုမဟာဗျူဟာ ၂၀၁၅(၂၀၁၆–၂၀၁၈)အရ ပူးပေါင်းဆောင်ရွက်မှု အခြေအနေတွေကိုသုံးသပ်ဆွေးနွေးပြီးအနာဂတ်မှာဆောင်ရွက်မယ့် အစီအစဉ်တွေ၊ အထူးသဖြင့် မဲခေါင်နိုင်ငံတွေအကြား သယ်ယူပို့ဆောင်ရေးနဲ့ စွမ်းအင်ကဏ္ဍများအပါအဝင် အခြားကဏ္ဍတွေရဲ့ အခြေခံအဆောက်အအုံတွေ ပေါင်းစည်းဆက်နွယ်မှုတိုးမြှင့်ရေး၊ မဲခေါင်နိုင်ငံတွေနဲ့ ဂျပန်နိုင်ငံတို့အကြား စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာချိတ်ဆက်ဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်သွားရေး၊ ပြည်သူအခြေပြုအသိုက်အဝန်းတစ်ခု ထူထောင်သွားရေး၊ နည်းပညာနဲ့လူ့စွမ်းအားအရင်းအဖြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆက်လက်ဆောင်ရွက်သွားမယ့်အစီအစဉ်တွေနဲ့ နိုင်ငံတကာအရေးကိစ္စတွေလည်း ဆွေးနွေးနိုင်ခဲ့ကြတယ်လို့ သိရပါတယ်။

ပါရမီစကားဝိုင်းက စီးပွားရေးပညာရှင် ဦးတင်ချို့က' GMS အဖွဲ့အစည်းကပဲ ငါတို့ တိုင်းပြည်ကိုအရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းကို ဖော်ပေးခဲ့တာ၊ အဲဒီမှာ တခြားနိုင်ငံတွေအကုန်လုံးသုံးနေပြီ၊ မြန်မာပြည်မှာပဲပြီးအောင် မလုပ်နိုင်သေးတာ၊ ဉပမာ ကရင်ပြည်နယ်နားမှာလုပ်စရာရှိသေးတယ်၊ ဒီလမ်းကရန်ကုန်ကနေ ဗီယက်နမ်ဟနွိုင်းကိုရောက်တဲ့အထိ ၃၆ နာရီပဲကြာတယ်၊ ဆိုလိုတာကအဲဒီလိုမျိုးသဘောတူညီမှုတွေ၊ ဆွေးနွေးမှုတွေကနေ infrastructure ပိုင်းတွေမှာ အကူအညီတွေနောက် ထပ်ရနိုင်တာပေါ့'လို့ ပြောပါတယ်။

> “ဂျပန်နဲ့ မဲခေါင်မြစ်ဝှမ်း နိုင်ငံတွေ ပိုမိုပူးပေါင်း ဆောင်ရွက်ပြီး အင်ဒို–ပစိဖိတ် ဒေသကို လွတ်လပ်ပွင့်လင်းတဲ့ ဒေသအဖြစ် မြှင့်တင်ကာ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေဖို့ သဘောတူခဲ့ကြတယ်”

အောက်တိုဘာလ ၈ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဂျပန်နိုင်ငံပို့ကုန်ကုန်သွယ်ရေးသုတေသနအဖွဲ့ JETRO ရဲ့ဉက္ကဋ္ဌဖြစ်သူ မစ္စတာဟီရိယူကီ အီရှာဂီကတို့တွေ့ဆုံတဲ့အခါမှာ မစ္စတာဟီရိယူကီ အီရှာဂီကအနေနဲ့ ဂျပန်နဲ့ မြန်မာနှစ်နိုင်ငံ ပူးပေါင်းပြီး Japonica ဆန်အမျိုးအစား တစ်မျိုးကိုမြန်မာနိုင်ငံမှာ စမ်းသပ်စိုက်ပျိုးပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန် လုပ်ဆောင်လျက်ရှိကြောင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် အာရှဒေသမှာ အလားလာကောင်းများရှိတဲ့နိုင်ငံဖြစ်တာကြောင့် မြန်မာနိုင်ငံမှာ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေးကြိုးပမ်းဆောင်ရွက် သွားမယ်လို့ ပြောကြားခဲ့ပါတယ်။

ဂျက်ထရိုဟာ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနရဲ့ ပံ့ပိုးမှုနဲ့နိုင်ငံတကာကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပြီး မြန်မာနိုင်ငံမှာ ရုံးခွဲဖွင့်လှစ်ထားတဲ့အပြင် အာရှမှာလည်း ရုံးခွဲ ၂၇ ခု ဖွင့်ထားတယ်လို့ သိရပါတယ်။

## အတိုင်ပင်ခံရဲ့ ကြိုးပမ်းမှု

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကတော့ အောက်တိုဘာလ ၈ ရက်နေ့ ပြုလုပ်တဲ့ မြန်မာ–ဂျပန် နှစ်နိုင်ငံအကြား ချိတ်ဆက် ဆောင်ရွက်မှု မြှင့်တင်ရေးခေါင်းစဉ်နဲ့ကျင်းပတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲရဲ့မိန့်ခွန်းပြောကြားရာမှာ ကိုယ့်နိုင်ငံရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကိုတင်ပြပြီး ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာဖို့ကိုလည်း ဖိတ်ခေါ်ခဲ့ပါ

# မြန်မာနဲ့ တရုတ် ပင်လယ်ရေကြောင်းကနေ ဆန်တင်ပို့ရေး စာချုပ်ဖို့ဆောင်ရွက်



တရုတ်နိုင်ငံကို ပင်လယ်ရေကြောင်းကနေ ဆန်တန်ချိန်တစ်သိန်း တင်ပို့နိုင်ခဲ့ပါတယ်။

**ရန်ကုန်၊ အောက်တိုဘာ ၁၀ –** မြန်မာနိုင်ငံက ဆန်ကို တရုတ်နိုင်ငံကတစ်ဆင့် ပင်လယ်ရေကြောင်းက တရားဝင်တင်ပို့နိုင်ဖို့ အစိုးရချင်း ဆန်အရောင်းအဝယ် G to G စာချုပ် ချုပ်ဆိုဖို့ ဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရုံးအဖွဲ့မှူး ဦးမြင့်လွင်က ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က တရုတ်နိုင်ငံကို ပင်လယ်ရေကြောင်းကနေ စာချုပ်ချုပ်ထားတဲ့ ဆန်တန်ချိန်တစ်သိန်းတင်ပို့နိုင်ခဲ့ပြီး သည်နှစ်အတွက် ဆက်လက်ဆောင်ရွက်နေတာဖြစ်ပါတယ်။

'ပိုးမွှားရောဂါနဲ့ပတ်သက်တဲ့ ပို့ကုန်သီးနှံတွေအပေါ်မှာ စစ်ဆေးတဲ့ နှစ်နိုင်ငံပိုးမွှားကင်းစင်ရေး စာချုပ်လဲ ရထားပြီး ဖြစ်တာကြောင့် G to G စာချုပ်လဲချုပ်ဆိုနိုင်ပြီဆိုရင် တရားဝင်လမ်းကြောင်းကနေ များများတင်ပို့နိုင်မှာ ဖြစ်တာကြောင့် ဆက်ပြီး ဆောင်ရွက်နေတာဖြစ်တယ်' လို့ ဦးမြင့်လွင်က ပြောပါတယ်။

အခုနှစ်ဘဏ္ဍာနှစ်ခြောက်လအတွင်းပြည်ပကို ပင်လယ်ရေကြောင်းကနေ ဆန်တန်ချိန် ၂၅၀၀ ကျော်သာ တရားဝင်တင်ပို့နိုင်ပြီး နယ်စပ်ကုန်သွယ်ရေးကနေ ဆန်တန်ချိန် ငါးသိန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံတွေကို ဆန်တင်ပို့တဲ့အခါ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးဆိုပြီးနှစ်မျိုးရှိပါတယ်။

ပင်လယ်ရေကြောင်းကနေတင်ပို့တာက နှစ်နိုင်ငံတရားဝင်တင်ပို့တာဖြစ်ပြီး နယ်စပ်မှတင်ပို့နေတာဟာ ပြည်တွင်းက တရားဝင်တင်ပို့တာဖြစ်ပေမဲ့ တစ်ဖက်နိုင်ငံက တရားမဝင်လို့ သတ်မှတ်ထားတယ်လို့ သိရပါတယ်။

မို့မို့သူဇာ

www.free4readers.com







တယ်။ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်နဲ့ ကုမ္ပဏီများဆိုင်ရာ ဥပဒေသစ်တွေဟာရင်းနှီးမြှုပ်နှံတဲ့သူတွေအတွက် အလွန်ကောင်းမွန်တဲ့ ဥပဒေတွေဖြစ်ပြီး မြန်မာနိုင်ငံရဲ့သည် အပြောင်းအလဲတွေအပေါ် ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေ စိတ်ဝင်စားမယ်လို့ ယုံကြည်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် သူ့အနေနဲ့ ရခိုင်ပြည်နယ်နဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ရှန်းကန်ခဲ့ရမှုများရှိနေတာကိုလည်း ဝန်ခံကြောင်းနဲ့အခက်အခဲတွေကိုသိနေတဲ့အတွက်လည်း သည်အချက်တွေကို ဖုံးကွယ်မထားဘူးလို့လည်း ပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ သဟဇာတဖြစ်ရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး အားလုံးကို ထည့်သွင်း စဉ်းစားရမှာ ဖြစ်တယ်လို့ ပြောကြားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သည်ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲမိန့်ခွန်းပြောကြားရာမှာ တခြားမြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်လာတဲ့ အပိုင်းတွေ၊ မအောင်မြင်သေးတဲ့အပိုင်းတွေ၊အားနည်းချက်တွေကိုလည်း တော်တော်များများပြောကြားခဲ့တဲ့အတွက် အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့သည် ခရီးစဉ်နဲ့ပတ်သက်ပြီး ဂျပန်စီးပွားရေး အသိုက်အဝန်းနဲ့ နိုင်ငံရေးအသိုင်းအဝိုင်းက လူတွေကို တွေ့ဆုံစေပြီး နိုင်ငံရဲ့ အကျပ်အတည်းကို ဖြေရှင်းပြနိုင်ဖို့ သေချာပြင်ဆင်သွားတဲ့အခြေအနေလည်းရှိတယ်လို့ စီးပွားရေးပညာရှင်အချို့က သုံးသပ်ကြပါတယ်။

အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ အောက်တိုဘာ ၇ ရက်နေ့မှာ ဂျပန်နိုင်ငံရှိ ဖူကူရှိမားခရိုင် အီဇုမိဇာကီ ကျေးရွာရှိ 'Kokoron' လုပ်ငန်းစုသို့ သွားရောက်ပြီး သူတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ တခြားစီးပွားရေးလုပ်ငန်းတွေကိုလည်း သွားရောက်လေ့လာခဲ့ပါသေးတယ်။ အောက်တိုဘာလ ၆ ရက်နေ့က ဂျပန်သတင်းဌာန NHK နဲ့ တွေ့ဆုံမေးမြန်းစဉ်မှာလည်း သတင်းဌာနက ၁၀ ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးမှာ ရရှိလာနိုင်မယ့်အကျိုးအမြတ်တွေကို မေးမြန်းရာမှာ ပါးနပ်စွာဖြေကြားနိုင်ခဲ့ပြီး တခြားရခိုင်ကိစ္စနဲ့ ပတ်သက်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခြေအနေ မေးမြန်းချက်တွေမှာလည်း သေချာပြောပြနိုင်ခဲ့တယ်လို့ စီးပွားရေးလုပ်ငန်းရှင် အချို့က သုံးသပ်ကြပါတယ်။

## ဖြစ်လာမှာလား

ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ ဆက်ဆံရေးဟာ ဟိုအရင်ကတည်းကနေ လက်ရှိအချိန်ထိ အခြေအနေကောင်းတဲ့အနေအထားမှာရှိနေပြီး နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပိုင်းတွေ၊ အကူအညီပေးမှု အပိုင်းတွေမှာလည်း ကောင်းမွန်တယ်လို့ဆိုနိုင်ပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်မှာဆိုရင် ဂျပန်ကုမ္ပဏီတော်တော်များများ ၂၀၁၃-၂၀၁၄ ခုနှစ်ကလောက်ကတည်းက လာရောက်ရင်းနှီးမြှုပ်နှံတာတွေရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအများဆုံးဝင်ရောက်တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးဇုန်ထဲက မြေယာပြဿနာတွေကိုလည်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)က မြန်မာအစိုးရနဲ့ အတူ ဖြေရှင်းပေးနေတာတွေလည်း ရှိပါတယ်။နိုင်ငံရဲ့ အက်စ်အမ်အီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နည်းပညာအကူအညီတွေ၊ ချေးငွေတွေကို ဆောင်ရွက်ပေးပါတယ်။

မြန်မာနိုင်ငံကို ဝင်လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီပေမဲ့လည်း ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကချစ်ကြည်မှုရင်းနှီးမှုကိုအခြေခံတဲ့စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်တယ်လို့ သိရပါတယ်။

ဒါ့ကြောင့် အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် မဲခေါင်-ဂျပန်အစည်းအဝေးကိုတက်ရောက်ခွင့်ရတာဟာ နိုင်ငံအတွက် စီးပွားရေးအလားအလာပိုကောင်းလာနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ဒါပေမဲ့ အစည်းအဝေးကနေ ရရှိတဲ့သဘောတူညီချက်တွေ၊ဆွေးနွေးမှုတွေက မြန်မာနိုင်ငံအတွက် ဘယ်လောက်ရာခိုင်နှုန်းအထိ ပါဝင်နေသလဲဆိုတဲ့အပေါ်မှာ မူတည်တယ်လို့စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြပါတယ်။

> " ကုမ္ပဏီများဆိုင်ရာ ဥပဒေသစ်တွေဟာ ရင်းနှီးမြှုပ်နှံတဲ့ သူတွေအတွက် အလွန်ကောင်းမွန်တဲ့ ဥပဒေတွေဖြစ်ပြီး မြန်မာနိုင်ငံရဲ့ သည်အပြောင်း အလဲတွေအပေါ် ဂျပန်စီးပွား ရေးလုပ်ငန်းရှင်တွေ စိတ်ဝင်စားမယ်လို့ ယုံကြည်ကြောင်း ပြောကြားခဲ့ပါတယ် "

စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးက 'ကျွန်တော်တို့ သိရသလောက်က ဒီအစည်းအဝေးကနေပြီးတော့ ဆုံးဖြတ်ချက် ၁၀၇ ချက်လောက် ထွက်ခဲ့တယ်လို့သိရပါတယ်၊ အဲဒီထဲမှာမြန်မာနိုင်ငံနဲ့ဆိုင်တဲ့ဟာကဘယ်နှချက် အဲဒီလိုထွက်လာမယ်ဆိုရင်တော့အောင်မြင်လား၊မအောင်မြင်ဘူးလားဆိုတာ ပိုပြီးတော့ ခိုင်မာတဲ့ဆုံးဖြတ်ချက်တစ်ရပ်ထွက်လာမှာပေါ့'လို့ ပြောပါတယ်။

ဦးတင်ချိုကတော့ 'ထိပ်သီးအစည်းအဝေးမှာ ဒေသတွင်းနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဂျပန်ဝန်ကြီးချုပ်က လဲ ကူညီချင်ပါတယ်လို့ ပြောသွားတယ်'လို့ ပြောပါတယ်။

ဂျပန်နိုင်ငံ တိုကျိုမြို့ မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို တက်ရောက်ဖို့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂျပန်နိုင်ငံခရီးစဉ်ဟာ ငါးရက်ကြာခဲ့ပါတယ်။

မာရီနိုင်

# Swiss Business School (SBS)မှ ပေးအပ်ချီးမြှင့်မယ့် BBA (Top Up)

ရန်ကုန်၊ အောက်တိုဘာ ၁၀ - ဆွစ်ဇာလန်နိုင်ငံ Swiss Business School မှ ပေးအပ်ချီးမြှင့်မယ့် Bachelor of Business Administration (Top- Up) ကို Swiss Business School Myanmar Campus မှာ နိုဝင်ဘာလ ၁၇ ရက်နေ့မှာ ဖွင့်လှစ်သွားမယ်လို့ သိရပါတယ်။

အောက်တိုဘာလကုန်မှာ နောက်ဆုံးသင်တန်းအပ်ပါက USD $1500 ရရှိပါတယ်။

Swiss Business School (SBS)ကို ၁၉၉၈ ခုနှစ် ဆွစ်ဇာလန်နိုင်ငံဇူးရစ်မြို့မှာ တည်ထောင်ခဲ့ပါတယ်။

Bachelor of Business Administration (Top-Up)ကို တက်ရောက်လိုသူတွေအတွက် International Level -5 Diploma/Higher National Diploma/ABE တက်ရောက်အောင်မြင်ပြီးသူတွေ၊ Final Year တက်ရောက်မယ့်သူတွေ၊ ဘွဲ့ရရှိပြီး Business နဲ့ သက်ဆိုင်တဲ့ Bachelor ဘွဲ့ကို ထပ်မံရရှိလိုသူတွေ၊ လုပ်ငန်းအတွေ့အကြုံရှိပြီး Business ဆိုင်ရာ Bachelor ဘွဲ့ကို တက်ရောက်လိုသူတွေ တက်ရောက်နိုင်ပါတယ်။

ကမ္ဘာ့ထိပ်တန်းစီးပွားရေးကျောင်းတွေနဲ့ Program တွေကို အသိအမှတ်ပြုတဲ့ ACBSP (Accreditation Council for Business Schools and Programs) နဲ့ IACBE(International Accreditation Council for Business Education) တို့မှလည်း ထပ်မံအသိအမှတ်ပြုထားခြင်း ဖြစ်သောကြောင့် မိမိတက်ရောက်မယ့် Bachelor Program သည် နိုင်ငံတကာမှာ ထိရောက်စွာ အသုံးပြုနိုင်ပါတယ်။

တက်ရောက်မယ့်သူများအတွက် အချိန်ပိုင်း Weekend စနေနဲ့ တနင်္ဂနွေရက်တွေမှာသာ တက်ရောက်နိုင်တဲ့ Bachelor of Business Administration (Top -Up) ဖြစ်ပါတယ်။

Bachelor of Business Administration (Top-Up)ကို သင်ကြားမယ့် သင်ကြားမှုပုံစံမှာ Theory Concept သာမကလက်တွေ့ Practical Knowledge ကိုပါ ထည့်သွင်းသင်ကြားပေးပါတယ်။

သက်ဆိုင်ရာ Professors/ Lecturers တွေနဲ့ အပြန်အလှန် တစ်ဦးခြင်းစီအလိုက် Discussion ပြုလုပ်နိုင်ပြီး Students Discussion တွေ၊ အပြန်အလှန်ဆွေးနွေးတင်ဆက်ခြင်း အစီအစဉ်တွေလည်း ပြုလုပ်နိုင်ပါတယ်။

သင်တန်းက Building-9, 4floors, MICT Park ,လှိုင်မြို့နယ်ဖြစ်ပါတယ်။

တုံတုံ

www.free4readers.com





ကုန်ကျငွေတွေနဲ့ တွက်ချက်ရင် ယာဉ်ပိုင်ရှင်က အရှုံးနဲ့ပြေးဆွဲနေရချိန်ဖြစ်တယ်။

# မန္တလေး – မူဆယ် ကုန်တင်တွဲကားတွေ ကုန်ပို့ခဈေးလျော့ကျ

**မန္တလေး၊ အောက်တိုဘာ ၁၀** – စက်သုံးဆီဈေး မြင့်တက်နေပေမဲ့လည်း မန္တလေး–မူဆယ်ကုန်တင်တွဲကားတွေမှာ လက်ရှိမိုးတွင်းကာလမှာ ကုန်ရှားပါးတာကြောင့် ကုန်ပို့ဆောင်ခတစ်ပိဿာကို ၁၀ ကျပ်ဝန်းကျင် ဈေးလျော့ကျနေတယ်လို့ မန္တလေးမြို့ပြည်ကြီးမဂ်လာကုန်တင်အဝေးပြေးကုန်စည်ပို့ဆောင်ရေး(မန္တလေး) အသင်းဥက္ကဋ္ဌ ဦးကျော်သူရထံက သိရပါတယ်။

ပြီးခဲ့တဲ့တစ်လခွဲလောက်က ကုန်ပို့ဆောင်ခ တစ်ပိဿာကို ကျပ် ၇၀–၈၀ ရှိရာက လက်ရှိမှာတော့ ၆၅ကျပ်ဝန်းကျင်လောက်နဲ့ သယ်ပို့နေရပါတယ်။တစ်ခေါက်ကို အင်ဂျင်ဝိုင်၊ တာယာဖိုး၊ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တို့အတွက် ကုန်ကျငွေတွေနဲ့ တွက်ချက်ရင် ယာဉ်ပိုင်ရှင်က အရှုံးနဲ့ ပြေးဆွဲနေရချိန်ဖြစ်တယ်လို့သိရပါတယ်။

သူက 'ကုန်မရှိလို့ နားနေကြရတယ်၊ပွင့်လင်းရာသီမှာ တစ်ရက်ကို မန္တလေး–မူဆယ်အတက်အဆင်းအစီးရေ ၂၀၀၀ လောက် ရှိရင်ခုက တစ်ထောင်တောင် မရှိတော့ဘူး။ စက်သုံးဆီဈေးက တက်တဲ့အပြင် ငွေဈေးတွေတက်တော့ အရောင်းအဝယ်မကောင်းဘူး။ မိုးရာသီဆိုရင် ပုံမှန်က ပို့ဆောင်ရေးထိုင်းတယ်၊ ကားအများကြီးရှိတဲ့သူတွေကတော့ ယာဉ်မောင်းနဲ့ စပယ်ယာထိန်းထားရုံအလုပ်ရှိပြီး ရောဆိုပြီးရတဲ့ ဈေးနဲ့ သွားနေကြရပြီး ကားနည်းသူတွေကတော့ ရပ်ထားကြတယ်' လို့ ပြောပါတယ်။

လက်ရှိ ကုန်ပို့ဆောင်ခနှုန်းထားမှာ တွက်ခြေမကိုက်ပေမဲ့လည်း လုပ်ငန်းရှိပြီးငွေပေါ်နဲ့ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေ ထိန်းထားနိုင်ဖို့အတွက်ကုန်သည်တွေပေးတဲ့ဈေးနဲ့ ပြေးဆွဲနေရပြီး အချို့ကုန်တင်တွဲကားထက်ဝက်လောက်ကတော့ ကုန်စည်ပို့ဆောင်မှုရပ်နားထားရတယ်လို့ သိရပါတယ်။

'ကားခဈေးကောင်းချိန်မှာ ဆီဈေးက ဘယ်လောက်ပဲ ရှိတာ၊ ကားခက ဒီလောက် ယူရသလား ဆိုပြီး ပြောကြတယ်၊ ကားတွေက မန္တလေးမှ ထွက်ခွာသွားပြီး နည်းသွားချိန်မှာ ကုန်သည်ကသူရောင်းချင်တဲ့ နေရာကုန်ပစ္စည်းရောက်ဖို့ ကားခဈေးတွေ တိုးပေးချိန်ဆိုရင်တော့ ကားခ ယူကြရတယ်၊ မကောင်း ခြောက်လ ကောင်း ခြောက်လကနေ ခုတော့ လေးလလောက်ပဲ ကောင်းတယ် ပြောရမယ်' လို့ ကုန်တင်ယာဉ်မောင်းသူတစ်ဦးက ပြောပါတယ်။

> “
> လက်ရှိ
> ကုန်ပို့ဆောင်ခနှုန်း
> တွက်ခြေ
> မကိုက်ပေမဲ့လည်း
> လုပ်ငန်းရှိပြီး
> ငွေပေါ်နဲ့ယာဉ်မောင်း၊
> ယာဉ်နောက်လိုက်တွေ
> ထိန်းထားနိုင်ဖို့အတွက်
> ကုန်သည်တွေပေးတဲ့ဈေးနဲ့
> ပြေးဆွဲနေရပြီး
> အချို့ကုန်တင်တွဲကား
> ထက်ဝက်လောက်ကတော့
> ကုန်စည်ပို့ဆောင်မှု
> ရပ်နားထားရတယ်
> ”

ကုန်တင်တွဲကားတွေ ထွက်ခွာမှုများပြားပြီး မန္တလေး(သို့မဟုတ်) မူဆယ်၌ ကားနည်းသွားချိန်မှာ ကုန်သည်တွေက ၄င်းတို့ကုန်ပစ္စည်း အရေးတကြီးတင်ပို့လိုချိန်နဲ့ ကားရှားပါးချိန်မှာ ကုန်တင်ခ တိုးပေးတတ်ကြောင်း၊ ပွင့်လင်းရာသီဖြစ်တဲ့ သကြန်မတိုင်မီ ကုန်စည်စီးဆင်းမှုကောင်းချိန်မှာ ကုန်တင်ကားများ ကုန်တင်တွဲကားတွေ အလုပ်ဖြစ်ကာ ကုန်တင်ခ ပိုမိုရရှိကြောင်း သိရပါတယ်။

နိုင်စာနည်းမောင်

## ကိုးတန်းအောင်၊ ဆယ်တန်းအောင်တွေအတွက် BA(Hons) ရနိုင်

**ရန်ကုန်၊ အောက်တိုဘာ ၁၀** – ကိုးတန်းဖြေဆို အောင်မြင်ပြီးသူများ၊ တက္ကသိုလ်ဝင်တန်း (၁၀ တန်း) အောင်မြင်ထားသောကျောင်းသူ၊ ကျောင်းသားတွေ၊ International school တွေမှာ Secondary 3 (Year 9) နှင့် iGCSEအောင်မြင်ထားသူတွေ ကမ္ဘာ့အဆင့်မီ The University of Hertfordshire (UK) မှပေးအပ်ချီးမြှင့်သော စီးပွားရေးအုပ်ချုပ်မှု BA(Hons) ဘွဲ့ရရှိဖို့ Global College of Business& Technology တွင် တက်ရောက်နိုင်တယ်လို့ သိရပါတယ်။

Global Collegeof Business&Technology၌ Foundation Year မှ Year (4)အထိ စတင်တက်ရောက်နိုင်ပြီး NCC Education (UK)မှ ပေးအပ်တဲ့ RQF အဆင့် Level 4 & 5 Diploma (2) ခုနဲ့ University of Hertfordshire မှ ပေးအပ်သော BA(Hons) Business Administration ဘွဲ့ကို ပြည်တွင်းမှာပဲ ရယူနိုင်မှာပါ။

BA(Hons)ဘွဲ့ရရှိပြီးသူတွေဟာ UK, USA, Australia အပါအဝင်နိုင်ငံတကာရှိအဆင့်မြင့်တက္ကသိုလ်တွေမှာ MBA နဲ့ PhD ဘွဲ့တွေ ဆက်လက်ရယူနိုင်ပါတယ်။

စုစုပေါင်းသင်တန်းကြေးအပြီးအစီး ကျပ် ၁၃၀ သိန်းဝန်းကျင်ဖြစ်ပါတယ်။ သင်တန်းကြေးကို တစ်ခါတည်း အလုံးအရင်းနဲ့သွင်းစရာမလိုပဲ CB Bank နဲ့ ချိတ်ဆက်၍ လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်တယ်လို့ သိရတယ်။

Global College, Yangon (West Campus) အမှတ်(၁)၊ ဆင်လုလမ်း၊(ကွင်းကျောင်းလမ်းအလယ်) အလုံမြို့နယ်ကို ဆက်သွယ်နိုင်ပါတယ်။

တုံတုံ

## စပါးမှောင်ခိုတင်ပို့မှုကို ဖမ်းဆီးဖို့ သက်ဆိုင်ရာကို အကြောင်းကြားထား

**နေပြည်တော်၊ အောက်တိုဘာ ၁၀** – တရုတ်နိုင်ငံသို့ စပါးမှောင်ခိုတင်ပို့မှုတွေကို အရေးယူတားဆီးနိုင်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဌာနတွေကို အကြောင်းကြားထားတယ်လို့ သိရပါတယ်။



မှောင်ခိုဈေးကွက်နဲ့ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ရတာမဟုတ်တဲ့အတွက် သက်ဆိုင်ရာဌာနတွေဖြစ်တဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွေကို တားဆီးပေးဖို့ အကြောင်းကြားထားတာဖြစ်ပါတယ်။

စီမံဘဏ္ဍာဝန်ကြီးဌာနဆိုရင်လည်း ရေပူဂိတ်ကနေ တင်းတင်းကျပ်ကျပ်စစ်ဆေးပေးဖို့၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဆိုရင်လည်း ရောင်ကွင်းလမ်းတွေကနေ ဝင်ရောက်လာတဲ့အခါ တားဆီးပေးဖို့၊ သတင်းရတဲ့အပေါ် ဖမ်းဆီးပေးနိုင်ဖို့အကြောင်းကြားထားတာဖြစ်တယ်လို့ သိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က 'ပြည်ထဲရေးဝန်ကြီးဌာနကိုတော့ သတင်းပေါ်မှာ ဆောင်ရွက်ပေးနိုင်တဲ့ဟာပေါ့၊ ဥပမာ စသုံးလုံးပေါ့၊ သူတို့အနေနဲ့လဲ ဆောင်ရွက်နိုင်ဖို့အကြောင်းကြားထားတယ်၊ စသုံးလုံးကိုတော့ ဝန်ကြီးဌာနက ခိုင်းလို့တော့မရဘူးပေါ့လေ၊ သူ့အထက်ဌာနဖြစ်တဲ့ သမ္မတရုံးတို့ကနေတစ်ဆင့် ဆောင်ရွက်ခိုင်းမှရမှာပေါ့' လို့ ပြောပါတယ်။

ဒါ့အပြင် မြေပြင်အခြေအနေကိုလည်း စုံစမ်းနိုင်ဖို့ လတ်တလောအသံတွေထွက်နေတဲ့ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်စတဲ့ ဒေသတွေကိုလည်း သက်ဆိုင်ရာ အစိုးရအဖွဲ့တွေကို အကြောင်းကြားပြီးစုံစမ်းခိုင်းထားတယ်လို့ သိရပါတယ်။

အစိုးရအနေနဲ့ စပါးကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုမထားပေမဲ့လည်း လွန်ခဲ့တဲ့နှစ်နှစ်သုံးနှစ်လောက်ကတည်းက မိုးစပါးပေါ်ချိန်ရောက်တိုင်း တရုတ်ဘက်သို့ တရားမဝင် စပါးတင်ပို့မှုတွေရှိနေခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

မာရီနိုင်



www.free4readers.com



# ချမ်းမြရွှေပြည်အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်ဖို့ ယာဉ်လိုင်းတွေ ယာယီပြောင်းရွှေ့ရတာ မသေချာသေး



ချမ်းမြရွှေပြည်အဝေးပြေးယာဉ်တွေ ရပ်နားစခန်းကို အဆင့်မြှင့်တင် တည်ဆောက်သွားမှာဖြစ်ပါတယ်။

**မန္တလေး၊ အောက်တိုဘာ ၁၀ –** မန္တလေးမြို့မှ ရန်ကုန်၊ နေပြည်တော်နဲ့ အခြားတိုင်းနဲ့ပြည်နယ်တွေကို သယ်ယူပို့ဆောင်တဲ့ ချမ်းမြရွှေပြည်အဝေးပြေးယာဉ်တွေ ရပ်နားစခန်းကို အဆင့်မြှင့်တင်တည်ဆောက်သွားမှာဖြစ်ပြီး လက်ရှိနေရာမှ ယာဉ်လိုင်းတွေ ဒီဇင်ဘာလမှာ ပြောင်းရွှေ့ဖို့ ညှိနှိုင်းထားခဲ့ပေမဲ့လည်း မသေချာသေးကြောင်း ယာဉ်လုပ်ငန်းရှင်တွေထံက သိရပါတယ်။

ယာယီယာဉ်ရပ်နားစခန်းကို တံခွန်တိုင်အဝိုင်းအနီး တည်ဆောက်မှာဖြစ်ပြီး ဒီဇိုင်းပုံစံအရ အဝေးပြေးယာဉ်တွေ ဝင်ထွက်မှုနဲ့ နေရာချထားမှုတွေမှာ အဆင်မပြေမှုတွေကြောင့် တည်ဆောက်မယ့်ကုမ္ပဏီနဲ့ ထပ်မံတွေ့ဆုံညှိနှိုင်းရမယ်လို့ သိရပါတယ်။

'ကားပါကင်နေရာ လုံလောက်မှုမရှိဘူး၊ အလှည့်ကျထွက်ဖို့ဆိုရင်လဲ ရှေ့ကားမထွက်ရင် နောက်ကား ဝင်လို့မရဘူး၊ ကားဝင်ကြေး၊ ရပ်နားကြေး ဘယ်လိုသတ်မှတ်မလဲ၊ ယာယီကားကွင်းနေရာဆောက်ပြီးမှ မတရားနှုန်းနဲ့ကောက်ရင်လဲ အဆင်မပြေသလို ဝင်ပေါက်ထွက်ပေါက်တွေမှာ (angle) ကျဉ်းနေတယ်၊ ဒါကို ကုမ္ပဏီနဲ့တွေ့ပြီး ရှင်းပြထားတယ်'လို့ ယာဉ်လိုင်းပိုင်ရှင် ဒေါ်လှဲလှဲအေးက ပြောပါတယ်။

### အတည်မပြုနိုင်သေး

အဆင့်မြှင့်တင်ရန်နဲ့ ယာယီယာဉ်ရပ်နားစခန်းနဲ့ ပတ်သက်ပြီး မြို့တော်စည်ပင်၊ ကုမ္ပဏီနဲ့ ယာဉ်လုပ်ငန်းရှင်တွေ တွေ့ဆုံခြင်းမှာ တတိယအကြိမ်ဖြစ်ပြီး ယခုအကြိမ်မှာ ဒီဇိုင်းနဲ့ ပလန်အသေးစိတ်သိရှိခဲ့ရာက အဆင်မပြေမှုတွေကို တည်ဆောက်ရေးကုမ္ပဏီသို့ တင်ပြခဲ့ရာ ဆက်လက်ဆွေးနွေးရမှာဖြစ်ပြီး ရွှေ့ပြောင်းရက်အတည်မပြုနိုင်သေးကြောင်း သိရပါတယ်။

သူက 'ကုမ္ပဏီနဲ့ ဆက်ညှိရဦးမယ်၊ စည်ပင်ဘက်ကတော့ ကုမ္ပဏီနဲ့ ညှိနှိုင်းဖို့ပြောတာပဲ၊ သူတို့မှာလဲ ဒီဇိုင်းပိုင်း ခဏခဏပြင်နေရလို့ စိတ်ညစ်နေကြတယ်၊ ရွှေ့ပြောင်းရမယ့်နေရာမှာ ယာဉ်တွေဆိုက်ရောက်ထွက်ခွာ အဆင်ပြေဖို့လိုတယ်၊ အဆင့်မြှင့်မယ့်ကားကွင်းတည်ဆောက်ရေးကာလ နှစ်နှစ်လောက်အချိန်မှာ ကားတွေက ယာယီကားကွင်းကနေ သွားရမှာ'လို့ ဆက်ပြောပါတယ်။

အဝေးပြေးယာဉ်လိုင်းအသင်းပိုင်ရှင်တစ်ဦးကလည်း 'စီမံကိန်းတစ်ခုမှာ ပြည့်စုံတဲ့ဒီဇိုင်း၊ management နဲ့ ပညာရှင်တွေ ပါဝင်ဖို့လိုတယ်လို့ ပြန်လည်သုံးသပ်ဖို့ စည်ပင်ကို တင်ပြခဲ့တယ်၊ အဆင့်မြှင့်မယ့်အဝေးပြေးကားကွင်းရော၊ ယာယီရွှေ့ပြောင်းမယ့်နေရာက ဒီဇိုင်းနဲ့ ပလန်တွေ အဆင်မပြေဘူး၊ ဆောက်ပြီးမှဆိုရင် ဘယ်သူတာဝန်ယူမလဲ'လို့ သုံးသပ်ပြောပြပါတယ်။

> “
> ရွှေ့ပြောင်းရမယ့်နေရာမှာ ယာဉ်တွေ ဆိုက်ရောက်ထွက်ခွာ အဆင်ပြေဖို့ လိုတယ်၊ တည်ဆောက်ရေးကာလ နှစ်နှစ်လောက်မှာ ကားတွေက ယာယီကားကွင်းကနေ သွားရမှာ
> ”

ယာဉ်ရပ်နားစခန်းကို m .Development Corporation (Myanmar)Co.,Ltd က ငါးထပ်အဆောက်အအုံပါဝင်တဲ့ နိုင်ငံတကာအဆင့်မီယာဉ်ရပ်နားစခန်းအဖြစ် အမေရိကန်ဒေါ်လာသန်း ၁၅၀ ရင်းနှီးမြှုပ်နှံကာ အဆင့်မြှင့်တင်မှာဖြစ်ပြီး Business Center, ရှော့ပင်းစင်တာ၊ ကွန်ဒိုတွေ၊ ဟိုတယ်တွေနဲ့ အခြားဆိုင်ခန်းတွေ ပါဝင်မှာဖြစ်ကြောင်း သိရပါတယ်။

**နိုင်စာနည်မောင်**

# Mobil Super Moto အင်ဂျင်ဝိုင် မန္တလေးဈေးကွက် စတင်ထိုးဖောက်

**မန္တလေး၊ အောက်တိုဘာ ၉ –** အမေရိကန်အခြေစိုက် ကမ္ဘာ့အကြီးဆုံးရေနံကုမ္ပဏီဖြစ်တဲ့ ExxonMobile ရဲ့ ထုတ်ကုန်တစ်မျိုးဖြစ်တဲ့ Mobil Branded Lubricants များကိုမြန်မာနိုင်ငံရဲ့ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် MJL & AKT Petroleum Co.,Ltd က Mobil Super Moto မော်တော်အင်ဂျင်ဝိုင်ကို မန္တလေးမြို့မှာ စတင်ဈေးကွက်ထိုးဖောက်လာတယ်လို့ သိရပါတယ်။

Hotel Mandalay မှာ အောက်တိုဘာလ ၉ ရက်က မိတ်ဆက်တယ်လို့ သိရပါတယ်။

Mobil Super Moto အင်ဂျင်ဝိုင်ကို ရိုးရိုးမော်တော်ဆိုင်ကယ်တွေအတွက် synthetic နည်းပညာနဲ့ တီထွင်ထုတ်လုပ်ထားပြီးတော့ အင်ဂျင်သန့်ရှင်းမှုကို ကာကွယ်ပေးနိုင်တယ်လို့ သိရပါတယ်။ အင်ဂျင်ပွန်းစားမှုကို ၅၇ ရာခိုင်နှုန်း ပိုမိုကာကွယ်ပေးနိုင်တယ်လို့လည်း သိရပါတယ်။




စက္ကူတာ(အော်တို) ဘီးတွေအတွက် synthetic နည်းပညာနဲ့ တီထွင်ထုတ်လုပ်ထားတဲ့ 10W-40 O=Premium အဆင့်ရှိ 10W-30 Grade တို့ရှိပြီး အင်ဂျင်ကို အပြည့်အဝ ကာကွယ်ပေးနိုင်တဲ့အပြင် အင်ဂျင်ပွန်းစားမှုကို ၄၄ ရာခိုင်နှုန်း ပိုမိုကာကွယ်ပေးနိုင်တယ်လို့ သိရပါတယ်။

သည်ပွဲမှာ Product ပစ္စည်းတွေကို ပြသခြင်း၊ Roadshow Express တွေ လိုက်လံပြုလုပ်မယ့် အစီအစဉ်တွေကို သရုပ်ဖော်ပြသခြင်းနဲ့ ပရိုမိုးရှင်းအစီအစဉ်တွေ ပါဝင်ပါတယ်။

**နိုင်စာနည်မောင်**

# ဝါကျွတ်နီးချိန် မန်းအိမ်ခြံမြေ အငှားသွက်၊ ဈေးတက်



**မန္တလေး၊ အောက်တိုဘာ ၁၀–** ဝါကျွတ်ကာလနီးကပ်လာချိန် မန္တလေးအိမ်ခြံမြေအငှားဈေးကွက်ဟာ အရင်နှစ်ကထက်စာရင် အငှားသွက်ဈေးတက်နေတယ်လို့အကျိုးဆောင်လုပ်ငန်းရှင်အချို့က ဆိုပါတယ်။

အထူးသဖြင့် မန္တလေးမြို့ဆင်ခြေဖုံးရပ်ကွက်တွေနဲ့ မြို့သစ်ရပ်ကွက်တွေဘက်မှာ ပိုမိုအငှားသွက်နေတယ်လို့ သိရပါတယ်။

'အငှားဈေးကွက်က ကောင်းတယ်၊ အငှားဈေးတွေကတက်တယ်၊ နေရာအနေအထားပေါ်မူတည်ပြီး မနှစ်ကနဲ့ဆိုရင် အနည်းဆုံး ၁၀ ရာခိုင်နှုန်းလောက်တက်တယ်'လို့ အကျိုးဆောင်ဦးမျိုးက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က တစ်လငှားရမ်းခနှုန်းထားကျပ်သုံးသိန်းနဲ့ငှားရမ်းခဲ့တဲ့မြေကွက်ဟာ သည်နှစ်မှာ ကျပ်လေးသိန်းခန့်နဲ့ငှားဖို့ ဈေးခေါ်တာတွေ့ရတယ်။

လတ်တလော အိမ်ခြံမြေဈေးကွက်အတွင်းမှာ မြေငှားရမ်းလိုသူများပြားပြီး အငှားမြေပိုင်ရှင်အချိုးနည်းနေတဲ့အတွက် ယခုထက်ပိုမိုအငှားသွက် ဈေးတက်မယ်လို့ အကျိုးဆောင်လုပ်ငန်းရှင်အချို့က ခန့်မှန်းပါတယ်။

အခြေခံလူတန်းစားတွေအများဆုံးနေထိုင်ရာ ရပ်ကွက်တွေမှာလည်း အိမ်အငှားသွက်နေပြီး ငှားရမ်းခနှုန်းထားတွေဟာ ပြီးခဲ့တဲ့ (၂၀၁၇ ခုနှစ် အောက်တိုဘာလ ကထက်စာရင် ဈေးမြင့်တက်လာတယ်လို့ မြို့ခံအိမ်ခြံမြေအငှားအကျိုးဆောင်အချို့က ပြောပါတယ်။

### ငှားရမ်းခမြင့်တက်

ချမ်းအေးသာစံမြို့နယ်က ယာဉ်ပျံ၊ ရွှေယာဉ်မွန်၊ ကျန်းမာရေး၊ အောင်မြေသာစံမြို့နယ်က နန်းဦးလွင်၊ ဘူးကုန်း၊ သရက်ကုန်း၊ ပုသိမ်ကြီးမြို့နယ်က မဲခင်းကုန်း၊ ကျွဲရေကုန်းစတဲ့ ရပ်ကွက်တွေက အိမ်ငှားရမ်းခတွေ မြင့်တက်လာတာဖြစ်တယ်။

သွားရေးလာရေးလွယ်ကူအဆင်ပြေတာ၊ မြို့တွင်းအချက်အချာကျတဲ့နေရာတွေနဲ့ မနီးမဝေးမှာရှိတာ၊ မြို့တွင်းအိမ်အငှားဈေးနှုန်းတွေနဲ့ယှဉ်ရင် အိမ်ငှားရမ်းခနှုန်းထားအဆမတန်သက်သာတာတွေကြောင့် အဲသည်ရပ်ကွက်တွေမှာ အိမ်ငှားနေထိုင်လိုသူတွေ ပိုမိုများပြားလာပြီးနောက်ပိုင်း အိမ်ငှားရမ်းခနှုန်းထားတွေယခုလို အဆမတန်မြင့်တက်လာတာ ဖြစ်တယ်လို့ သိရပါတယ်။ **မိုးမြင့်ထွန်း**

www.free4readers.com



# မန္တလေးမှာ နိုင်ငံတကာအဆင့်မီ ကုန်တင်/ကုန်ချဆိပ်ကမ်း အခုနှစ် ဒီဇင်ဘာ စတင်မည်

**မန္တလေး၊ အောက်တိုဘာ ၁၀** - မန္တလေး (ဧရာဝတီမြစ်)ဆိပ်ကမ်းမှာ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ရဲ့ထောက်ပံ့ကူညီမှုနဲ့ နိုင်ငံတကာအဆင့်မီ ကုန်တင်ကုန်ချဆိပ်ကမ်းတည်ဆောက်ရေးကို အခုနှစ် ဒီဇင်ဘာလမှာ စတင်နိုင်တော့မယ်လို့ အကြမ်းဖျင်းခန့်မှန်းကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိရပါတယ်။

'စီမံကိန်းတစ်ခုမှာ ကြိုတင်လုပ်ရတဲ့ EIA/SIA စတဲ့ ဆန်းစစ်မှုတွေ ပြီးသွားပြီ၊ သူတို့နိုင်ငံက ကူညီတာမို့ လုပ်ငန်းခွင်အကောင်အထည်ဖော်မယ့်ကုမ္ပဏီတွေကလဲ ဂျပန်နိုင်ငံကပဲ၊ လုပ်ငန်းတင်ဒါခေါ်တာကစလို့ ဂျပန်နိုင်ငံမှာပဲလုပ်မယ်လို့ သိရတယ်၊ ဒီကြားကာလမှာလဲ ဂျိုက်ကာဘက်က စီစဉ်ထားတာတွေ ရှိမှာပဲဆိုတော့ ဒီဇင်ဘာလမှာ စနိုင်မယ်ထင်တယ်'လို့ ရေ/မြစ်/ဖြိုး၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ပြောပါတယ်။

သည်စီမံကိန်းအတွက် ဂျပန်ယန်းငွေ ၆၀၃၃ မီလျံထောက်ပံ့ကူညီမှုသဘောတူစာချုပ်ကို အောက်တိုဘာ ၃ ရက်နေ့က ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ဂျိုက်ကာတို့ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။

စီမံကိန်းရည်ရွယ်ချက်မှာ ကုန်စည်တွေကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်ဖို့နဲ့ နိုင်ငံရဲ့အဓိကပြည်တွင်းဆိပ်ကမ်းတွေမှာ တစ်ခုပါဝင်တဲ့ မန္တလေးဆိပ်ကမ်းကို ခေတ်မီစွာ တည်ဆောက်ဖို့ဖြစ်တယ်။

သည်စီမံကိန်းဟာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အဆင့်မြှင့်တင်ဖို့အတွက် ၂၀၁၄ ခုနှစ်မှာ ဂျိုက်ကာအကူအညီနဲ့ ရေးဆွဲခဲ့တဲ့ နိုင်ငံတကာပို့ဆောင်ရေးမဟာဗျူဟာစီမံကိန်းတွေထဲ တစ်ခုအပါအဝင်ဖြစ်တယ်လို့ သိရပါတယ်။

'ဂျိုက်ကာနဲ့ ဆိပ်ကမ်းစီမံကိန်းက စတော့မယ်ဆိုတော့ ဧရိယာမှာ ကျူးနေသူတွေကို ဖယ်ရှားဖို့ ကျူးရှင်းလင်းရေးစီမံချက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ စာတင်ခဲ့ရာမှာ ခွင့်ပြုတယ်၊ ၃၀ ရက်နေ့ နောက်ဆုံးထားဖယ်ပေးဖို့ စက်တင်ဘာ ၂၄ ရက်နေ့က ကျူးနေထိုင်သူတွေဆီ အကြောင်းကြားစာပို့ထားတယ်၊ မဖယ်တဲ့သူရှိရင် ၇ ရက်နေ့မှာ ဖယ်ရှားသွားမှာပါ'လို့ ရေ/မြစ်/ဖြိုး မန္တလေးတိုင်းဒေသကြီးလက်ထောက်ဦးစီးမှူးက ပြောပါတယ်။

မန္တလေးဆိပ်ကမ်း ဂေါဝိန်ဆိပ်နေရာနဲ့ ရွှေလုံဗိုလ်ကျောင်းတိုက်အနီးနေရာတို့မှာ ဆန်းစစ်လေ့လာမှုများပြုလုပ်ခဲ့ပြီးတော့ ရွှေလုံဗိုလ်ကျောင်းတိုက်အနီးနေရာတို့မှာ ဆိပ်ကမ်းတည်ဆောက်ဖို့ ရွေးချယ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

> “ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပြီးတော့ ရွှေလုံဗိုလ် ကျောင်းတိုက်အနီး နေရာတို့မှာ ဆိပ်ကမ်း တည်ဆောက်ဖို့ ရွေးချယ်ခဲ့တာ ဖြစ်တယ်”

ဆန်းစစ်လေ့လာခြင်းကို ၂၀၁၃ ခုနှစ် ဩဂုတ်လကစတင်ပြီးတော့ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဆိပ်ကမ်းတည်ဆောက်ဖို့အတွက် ၂၀၁၅ ခုနှစ် ဧပြီလမှာ ဂျိုက်ကာကို GRANT Aids အကူအညီတောင်းခံဖို့ တင်ပြခဲ့ပြီးတော့ ဂျိုက်ကာနဲ့ ညှိနှိုင်းဆောင်ရွက်ကာ အောက်တိုဘာလ ၄ ရက်နေ့မှာ လက်မှတ်ရေးထိုးကြတယ်လို့ သိရပါတယ်။

**နိုင်စာရည်မောင်**

# ကြားဖြတ်ရွေးကောက်ပွဲနီးလာ အလှူပ်များလာ

**မန္တလေး၊ အောက်တိုဘာ ၁၀** - မြန်မာနိုင်ငံရဲ့လက်ရှိစီးပွားရေးအခြေအနေမှာ ရွှေဈေးငွေဈေးတွေနဲ့ စီးပွားရေးကျပ်တည်းတဲ့ အသံတွေပိုပြီးတော့ ထွက်လာတဲ့အပေါ်မှာ ကြားဖြတ်ရွေးကောက်ပွဲနီးလာတဲ့အတွက်အခုလို အလှူပ်များလာတာဖြစ်တယ်လို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဆိုပါတယ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်။

သူက 'ကျွန်တော်တို့ နိုင်ငံတော် အစိုးရက အင်န်အယ်လ်ဒီအစိုးရက ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒ ၁၂ ချက်အပေါ်မှာပဲ ရပ်တည်နေပါတယ်၊ ဈေးကွက်စီးပွားရေးစနစ်ဖြစ်တဲ့အတွက် ဈေးကွက်ရဲ့ တောင်းဆိုမှုကို လိုက်လျောတာတွေရှိပါတယ်၊ ဒါပေမဲ့ ဒီဈေးကွက်အခြေအနေအပေါ်ကို လိုက်ပြီးတော့ နိုင်ငံရေးမတည်ငြိမ်အောင် စီးပွားရေးမတည်ငြိမ်အောင်လုပ်နေတဲ့သူတွေရှိတာတွေရှိတဲ့အတွက် ကျွန်တော်တို့ သတိပေးတာတွေ၊ အရေးယူတာတွေ စတာတွေ ရှိပါတယ်၊ ဈေးကွက်က ဒေါ်လာဈေးလဲရှိမယ်၊ ဒေါ်လာဈေးလဲ အခုဆိုရင် စကျပါပြီ၊ ရွှေဈေးလဲ ကျပါပြီ၊ ဒီအလှူပ်အရမ်းများလာတာက ကြားဖြတ်ရွေးကောက်ပွဲနီးလာလို့ အလှူပ်အရမ်းများလာတာပါ'လို့ ပြောပါတယ်။

အင်န်အယ်လ်ဒီပါတီ အနေနဲ့ ငြိမ်းချမ်းရေးရရှိဖို့ အမြဲကြွေးကြော်ခဲ့မှုတွေမှာလည်း ငြိမ်းချမ်းရေးနဲ့ တရားဥပဒေစိုးမိုးမှုနဲ့ ပတ်သက်ပြီးမြန်မာနိုင်ငံငြိမ်းချမ်းရေးရရှိဖို့ ကြိုးစားလုပ်ဆောင်နေတာဖြစ်ပေမဲ့လည်း ခရီးစဉ်ဟာ ရှည်လျားတဲ့အတွက်ခက်တယ်လို့ ၎င်းကဆိုပါတယ်။

'ကျွန်တော်တို့ရဲ့ အတိုင်းပင်ခံပုဂ္ဂိုလ် လုပ်ဆောင်နေတာတွေရှိပါတယ်၊ ဒါပေမဲ့ အားရကျေနပ်လားဆိုတော့ပြည်သူ့အတွက်လုပ်ပေးတာဆိုရင် အားရကျေနပ်ရတယ်ဆိုတာတစ်ခုမှမရှိပါဘူး။ ဒါပေမဲ့အတော် အတန် အသင့် အတင့်လောက်ကတော့ ကျွန်တော်တို့ လုပ်ပေးနိုင်ခဲ့တယ်ထင်ပါတယ်၊ ဒါပေမဲ့ ဒီဟာနဲ့ပတ်သက်လို့ဆက်လက်ဆောင်ရွက်ဖို့လိုတဲ့အတွက် ကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ကို မဲပေးပါလို့ ကျွန်တော် တရားဝင် ကြေညာခဲ့တာပါ'လို့ ဒေါက်တာ ဇော်မြင့်မောင်က ပြောပါတယ်။

ထိန်းကျောင်းတယ်ဆိုတဲ့နေရာမှာလည်း ပါတီကပဲ ထိန်းကျောင်းနေလို့မရဘဲ ပြည်သူရဲ့ထိန်းကျောင်းမှုလည်း လိုအပ်နေတာကြောင့်ဒီမိုကရေစီပါတီတစ်ခုဖြစ်ဖို့ အစိုးရတစ်ခုဟာ ပြည်သူရဲ့ထိန်းကျောင်းမှုကို ခံယူတဲ့ အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပြီး ရှေ့မှာ စိန်ခေါ်မှုတွေ ရှိနေသေးတယ်လို့လည်း ဆိုပါတယ်။

ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီး လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအပြီးမှာ စာနယ်ဇင်းတွေနဲ့ တွေ့ဆုံရာမှာ ပြောပြသွားတာဖြစ်ပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲကို လစ်လပ်နေရာ ၁၃ နေရာအတွက် နိုဝင်ဘာလ ၃ ရက်နေ့ ပြုလုပ်မှာဖြစ်ပါတယ်။

ရွှေဈေးငွေဈေးတွေနဲ့ပတ်သက်ပြီး ဈေးကစားဖို့ကြိုးစားနေသူတွေကို အရေးယူနေတယ်လို့ အစိုးရက ကြေညာတဲ့ စက်တင်ဘာလကုန်ပိုင်းမှာ ဈေးတွေပြန်ကျခဲ့ပါတယ်။ ဒါပေမဲ့ သည်တစ်ပတ်အတွင်းမှာတော့ ရွှေဈေးရော ငွေဈေးရော တရိပ်ရိပ်ပြန်တက်ခဲ့ပါတယ်။ ခုတ်ဆီ၊ ဒီဇယ်ဈေးကတော့ ကျသွားတာမရှိဘဲ တက်မြဲဆက်တက် နေပါတယ်။ သယ်ယူပို့ဆောင်စရိတ်အပါအဝင် ငွေဈေးတွေတက်လာတာကြောင့် အခြေခံစားသောက်ကုန် ဈေးနှုန်းတွေလည်း တက်နေပါတယ်။ မြန်မာ့ငွေဈေးကတော့ကျဆင်းနေဆဲဖြစ်ပါတယ်။

**နိုင်စာရည်မောင်**

# ကရင်နဲ့ မန္တလေး သဘာဝဘေးကြောင့် သေဆုံးထိခိုက်မှု ထုတ်ပြန်

**မန္တလေး၊ အောက်တိုဘာ ၁၀** - ကရင်ပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီးမှာ သဘာဝဘေးအန္တရာယ်ကြောင့် အောက်တိုဘာလ ၇ ရက်နေ့နဲ့ ၈ ရက်နေ့တွေက လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနဲ့ ပျက်စီးဆုံးရှုံးမှု တချို့ဖြစ်ပေါ်ခဲ့တယ်လို့ ပြည်ထဲရေးဌာနရဲ့သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

## ကရင်ပြည်နယ်

အောက်တိုဘာလ ၇ ရက်နေ့ ည ၁၁း၃၀ နာရီအချိန်ခန့်က မိုးကြိုးပစ်ခတ်မှုကြောင့် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာနေ ဦးကာဂျာမနဲ (၆၉ နှစ်)ရဲ့ လယ်တဲအတွင်း နွားတင်းကုတ်ရှိ နွားခြောက်ကောင် (ထီး ၂၊ မ၄)တို့မှာ မိုးကြိုးစက်ကွင်း ထိမှန်ပြီး သေဆုံးခဲ့တယ်လို့ သိရပါတယ်။

## မန္တလေးတိုင်းဒေသကြီး

အောက်တိုဘာလ ၈ ရက်နေ့ ညနေ ၆း၃၀ နာရီအချိန်ခန့်က အမရပူရမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် မြေပျော့ပြီး မြစ်ငယ်မြို့၊ မြစ်ငယ်ရပ်ကွက် မီးရထားဝန်ထမ်း ကုန်တွဲကျွမ်းကျင်အဆင့် - ၅ ဦးအောင်နိုင်ဦး (စိစစ်ဆဲ)ရဲ့ နေအိမ်လိုင်းခန်းပေါ်ကို လုံးပတ်ရှစ်ပေခန့်ရှိ ညောင်ပင်လဲကျပိမိခဲ့ပါတယ်။

အဆိုပါ ညောင်ပင်ပိမိတာကြောင့် ဦးကိုနိုင်(၃၅)နှစ်နဲ့ သားဖြစ်သူ မောင်နိုင်ထက်ဦး(၁၃)နှစ်တို့နှစ်ဦး ဦးခေါင်းနောက်စေ့ကွဲ၊ နားသွေးထွက်၊ ခါးရိုးကျိုးဒဏ်ရာတွေနဲ့ သေဆုံးသွားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ဇနီးဖြစ်သူ ဒေါ်အေးသင်း(၃၅)နှစ်မှာလည်း ရင်ဘတ်၊ ပေါင် ပွန်းပဲ့ ဒဏ်ရာတွေ(စိုးရိမ်ရ)နဲ့ သမီး မယွန်းယွန်း(၁၀)နှစ်မှာ ခန္ဓာကိုယ်ပွန်းပဲ့ဒဏ်ရာတွေ (မစိုးရိမ်ရ) ရရှိခဲ့တာကြောင့် မန္တလေးပြည်သူ့ဆေးရုံကြီးကို ပို့ဆောင်ခဲ့ပြီး ဦးကိုနိုင်ပါနှစ်ဦး သေဆုံးမှုကို မြစ်ငယ်နယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၁၁/၂၀၁၈) နဲ့ ရေးဖွင့်စစ်ဆေးနေတယ်လို့ သိရပါတယ်။

**ဓတ္တာဖြူ**

www.free4readers.com



# အက်စ်အမ်အီးချေးငွေ ပြန်လည်ပေးဆပ်ရမယ့်သက်တမ်း တိုတောင်းလွန်းနေ



ချေးငွေသက်တမ်း သုံးနှစ်မဟုတ်ဘဲ ငါးနှစ်လောက်အထိပေးမယ်ဆိုရင် လုပ်ငန်းရှင်တွေအတွက် အဆင်ပြေမယ်။

**မန္တလေး၊ အောက်တိုဘာ ၁၀-** လက်ရှိအက်စ်အမ်အီးချေးငွေမှာ အာမခံပစ္စည်းပေးပြီး ချေးငွေချေးယူခြင်းနဲ့ CGI ချေးငွေဆိုပြီး နှစ်နည်းရှိပြီး CGI စနစ်နဲ့ချေးရာမှာ သာမန်အပြင်မှာ ချေးတဲ့ အတိုးထက်များနေပြီးတော့ ချေးငွေသက်တမ်းကာလလည်း တိုတောင်းတဲ့အခက်အခဲနဲ့ကြုံတွေ့နေရတယ်လို့ လုပ်ငန်းရှင်အချို့က ဆိုပါတယ်။

ချေးငွေသက်တမ်းဟာ သုံးနှစ်ဖြစ်ပြီး အတိုးနှုန်းအနေနဲ့ သာမန်အက်စ်အမ်အီးချေးငွေဟာ ၈.၅ ရာခိုင်နှုန်းနဲ့ ချေးယူနိုင်ကာ CGI စနစ်နဲ့ဆိုရင် ၁၂ ရာခိုင်နှုန်းနဲ့ ချေးယူနိုင်ပါတယ်။ အာမခံကုမ္ပဏီကို ၃.၅ ရာခိုင်နှုန်း ပေးရပါတယ်။ အဲသည်အတွက် သည်ချေးငွေဟာ ၁၅.၅ ရာခိုင်နှုန်းအထိ အတိုးနှုန်းရှိနေတာ ဖြစ်ပါတယ်။

မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး(၁) ဦးရဲဝင်းအောင်က 'CGI ချေးငွေမှာ လုပ်ငန်းအပေါ် ကြည့်ပြီးတော့ သူတို့ချေးချင်တဲ့ ပေးနိုင်တဲ့ ပမာဏကိုပဲငွေကိုချပေးပါတယ်၊ လုပ်ငန်းရှင်တစ်ယောက်က ချေးငွေစလျှောက်ကတည်းက နောက်ဆုံးရနိုင်တဲ့နေရာအထိ မသေချာသေးပါဘူး။ CGI စနစ်နဲ့ ချေးမယ့် လုပ်ငန်းတစ်ခုက သာမန်အတိုးနှုန်းထက် ပိုပြီးတော့ များနေတယ်၊ ကိုယ့် လုပ်ငန်းက သိန်း ၂၀၀ လောက်ရမှဖြစ်မယ်ဆိုရင် အာမခံကသိန်း ၅၀ လောက်ပဲ ပေးတယ်ဆိုရင် ရသလောက်လေး ယူလိုက်တာတွေရှိတယ်၊ အဲဒီလိုကျတော့ ရသလောက်လေး ယူလိုက်ရုံနဲ့ လုပ်ငန်းမဖြစ်ပါဘူး' လို့ ပြောပါတယ်။

အပေါင်းပစ္စည်းပေးပြီးချေးငွေချေးတဲ့ အပိုင်းမှာလည်းပြန်ဆပ်တဲ့နေရာမှာ အက်စ်အမ်အီးချေးငွေကို ၈.၅ ရာခိုင်နှုန်းအတိုးနဲ့ ချေးပါတယ်။ အဲသည်နေရာမှာလည်း မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်း ၈၀ ရာခိုင်နှုန်းကို မရွှေ့ပြောင်းနိုင်တဲ့ စက်ပစ္စည်းရင်းနှီးရမယ်လို့ ဆိုထားပါတယ်။ ရင်းနှီးလိုက်တာကြောင့် ၂၀ ရာခိုင်နှုန်းလောက်ပဲကျန်မယ်။ သည်ကျန်တဲ့ဟာကို လုပ်ငန်းအရင်းထဲကိုပြန်ထည့်ရမှာ ဖြစ်ပါတယ်။

'ဒါလဲပြဿနာမရှိသေးပါဘူး။ ဘယ်နေရာမှာပြဿနာရှိလဲဆိုရင် ပြန်ဆပ်တဲ့နေရာမှာ သုံးနှစ်ကာလသက်တမ်းသာပေးထားတာ ဖြစ်တဲ့အတွက် သုံးနှစ်အတွင်းမှာ ၈၀ ရာခိုင်နှုန်းကရင်းထားရတယ်၊ ၂၀ ရာခိုင်နှုန်းနဲ့ အရင်းအနှီး လုပ်နေတဲ့သူတစ်ယောက်ကို သုံးနှစ်အတွင်းမှာ ပြန်ဆပ်ရမယ်၊ တချို့ဘဏ်တွေမှာဆိုရင် သုံးလတစ်ကြိမ် ပြန်ဆပ်ရတာတွေရှိတယ်၊ သုံးနှစ်ကို အရစ်ကျဆပ်ခိုင်းတာရှိတယ်၊ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံမှုကို စလုပ်ထားတဲ့အချိန်မှာ ၈၀ ရာခိုင်နှုန်းက မရွှေ့မပြောင်းနိုင်သော စက်ပစ္စည်းကို ရင်းပြီးသားဖြစ်တဲ့ အတွက် ရလာတဲ့ အကျိုးအမြတ်နဲ့ အရင်းကိုပြန်ဆပ်တဲ့အခါမှာ တော်တော်လေးကို အခက်အခဲဖြစ်ပါတယ်' လို့ စက်မှုလုပ်ငန်းရှင်တစ်ဦးက ဆိုပါတယ်။

ချေးငွေသက်တမ်း သုံးနှစ်မဟုတ်ဘဲ ငါးနှစ်လောက်အထိ ချေးငွေသက်တမ်းပေးမယ်ဆိုရင် လုပ်ငန်းရှင်တွေအတွက် အဆင်ပြေမယ်လို့ ဆိုကြပါတယ်။

'ဒီချေးငွေက ကျွန်တော်တို့အတွက် အနည်းဆုံး ငါးနှစ်လောက်တော့ဖြစ်သင့်တာပေါ့၊ ဒါတောင်မှ လျှောက်သာပြုသာပဲရှိဦးမှာ' လို့ မန္တလေးစက်မှုဇုန်အတွင်းက စက္ကူထုတ်လုပ်ငန်းရှင် ဦးမြင့်စိုးက ပြောပါတယ်။

နိုင်ငံတော်ပိုင်းမှာဖြစ်ဖြစ်၊ အစိုးရပိုင်းမှာပဲဖြစ်ဖြစ် သည်ချေးငွေသက်တမ်းကို တကယ်ကို အာမခံပစ္စည်းပေးနိုင်တယ်၊ bussiness plan လည်း ကောင်းကောင်း ဆွဲနိုင်တယ်ဆိုရင် သူ့ရဲ့ အနာဂတ်လမ်းဟာ သိပ်ကောင်းနေတယ်ဆိုရင် နှစ်ရှည် ချေးခိုင်းချင်ပါတယ်လို့ ဦးရဲဝင်းအောင်က ဆိုပါတယ်။

> “ဒီချေးငွေက ကျွန်တော်တို့အတွက် အနည်းဆုံးငါးနှစ် လောက်တော့ ဖြစ်သင့်တာပေါ့၊ ဒါတောင်မှ လျှောက်သာပြုသာပဲ ရှိဦးမှာ”

'သဘောက ပထမတစ်နှစ်လောက်မှာ အတိုးပဲ သတ်တဲ့ ပုံစံမျိုးနဲ့ ဒုတိယတစ်နှစ်လောက်မှာ အရင်းကို ထပ်ဆပ်တဲ့ပုံစံမျိုး ကျွန်တော်တို့က တောင်းဆိုတာပါ၊ ဒါကတော့ အခုဖြစ်နေတဲ့ အခက်အခဲပေါ့၊ ဒါက ဗဟိုဘဏ်က ချမှတ်တဲ့ ပေါ်လစီပါ၊ ၂၀ ရာခိုင်နှုန်းကို မရွှေ့ပြောင်းနိုင်တဲ့ စက်ပစ္စည်းကို ရင်းခိုင်းပြီးတော့ ၂၀ ရာခိုင်နှုန်းကို အရင်းအနှီးထဲ ထည့်ခိုင်းတာပါ၊ ဒါကတော့ လက်ရှိအက်စ်အမ်အီးတွေရဲ့ အခက်အခဲပေါ့၊ ဒီဟာကိုအဖြေရှာဖို့တော့ လိုအပ်နေပါတယ်ဗျ' လို့ ဦးရဲဝင်းအောင်က ပြောပါတယ်။

**နိုင်စာနည်းမောင်**

# မန္တလေးမှာ မျိုးစေ့ပြပွဲ ပြုလုပ်မည်

**မန္တလေး၊ အောက်တိုဘာ ၈-** မန္တလေးတိုင်းဒေသကြီးမှာ တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေကို သိရှိစေဖို့ မျိုးစေ့ပြပွဲကို ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာလ ၅ ရက်၊ ၆ ရက်နေ့ မန္တလာသီရိအားကစားကွင်းမှာ ပြုလုပ်ပါမယ်။

'အဓိကကတော့ မြန်မာနိုင်ငံက မျိုးစေ့ကဏ္ဍအားနည်းတဲ့အတွက် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေချင်တဲ့ ရည်ရွယ်ချက်ပါ' လို့ WHH အင်န်ဂျီအို အဖွဲ့က ဈေးကွက်မန်နေဂျာ ဦးမင်းဦးက ပြောပါတယ်။

သည်ပြပွဲမှာ ကုမ္ပဏီပေါင်း ၁၇ ခု ပါဝင်ပြသမှာဖြစ်ပြီး အင်န်ဂျီအို အဖွဲ့အစည်းဖြစ်တဲ့ WHH (Welt Hunger Hilfe) က ဦးစီးကျင်းပတာဖြစ်ပါတယ်။ ၎င်းတို့ကမှ မျိုးစေ့နဲ့ပတ်သက်တဲ့ ကုမ္ပဏီတွေကို ချိတ်ဆက်ပြီးတော့ ပူးပေါင်းပါဝင်ချင်တဲ့ အဖွဲ့တွေကို ဖိတ်ကြားပြီး ဆိုင်ခန်းငှားခမယူဘဲ ပံ့ပိုးပေးထားတာဖြစ်တယ်လို့ သိရပါတယ်။ မျိုးစေ့ပြပွဲနဲ့ပတ်သက်တဲ့ သတင်းနဲ့ စာနယ်ဇင်းတွေ့ဆုံ ရှင်းလင်းပွဲကို ၈-၁၀-၂၀၁၈ ရက်နေ့က ပြုလုပ်ပါတယ်။

'ဒီမျိုးကတော့ အထွက်နှုန်းကောင်းတယ်၊ ဒီမျိုးကတော့ ကုန်သည်ကြိုက်တယ်၊ အဲဒီပေါ်မှာမူတည်ပြီးတော့ ဒီမျိုးစေ့ပြပွဲကြီးကမှ မြန်မာနိုင်ငံရဲ့ မျိုးစေ့ကဏ္ဍကို တဖြည်းဖြည်းကျယ်ပြန့်အောင်လို့၊ နောက်ပြီးတော့ မျိုးစေ့ထုတ်လုပ်တဲ့သူတွေပိုများလာအောင်လို့ ဒီပွဲကိုပြုလုပ်ခြင်းဖြစ်တယ်' လို့ တောင်သူ ဦးကိုကိုဦးက ပြောပါတယ်။

သည်ပွဲကျင်းပခြင်းအားဖြင့် မျိုးစေ့ထုတ်လုပ်တဲ့သူနဲ့ တောင်သူတွေ သည်ပွဲမှာ တိုက်ရိုက်ထိတွေ့ပြီး လိုအပ်တဲ့မျိုးတွေကို ဘယ်လိုသုံးစွဲရမယ်၊ သည်အပေါ်မှာ ဘယ်လိုအကျိုးအမြတ်တွေရမလဲဆိုတာ အခုလို ထိတွေ့ဆက်ဆံမှုတွေက နောင်တစ်ချိန်မှာ ရလဒ်ကောင်းတွေ ရလာစေဖို့ ဖြစ်ပါတယ်။

သည်ပွဲမှာမျိုးစေ့မျိုးစုံကိုပြသမှာဖြစ်ပြီး စက်ပစ္စည်းတွေကိုလည်း ပြသမှာဖြစ်တယ်လို့ သိရပါတယ်။ မနက် ၉း၃၀ နာရီကနေ ညနေ ၄း၃၀ နာရီအထိ ပြသမယ်လို့ သိရပါတယ်။ **နိုင်စာနည်းမောင်**

# ရန်ကုန်မှာ တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်မှု အရေးယူမည်

**ရန်ကုန်၊ အောက်တိုဘာ ၃-** ရန်ကုန်မြို့တော်အတွင်း တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်နေမှုတွေကို ချက်ချင်းအဆုံးမသတ်ပါက ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေတွေကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ ထောင်ဒဏ်ချမှတ်သည်အထိ အရေးယူသွားမယ်လို့ သိရပါတယ်။

အောက်တိုဘာ ၃ ရက်နေ့က ထုတ်တဲ့ ထုတ်ပြန်ချက်ထဲမှာ ရန်ကုန်မြို့တော်အတွင်း တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်နေမှုများအား အပြီးသတ် တိုက်ဖျက်တော့မယ်ဆိုတာကို ခရိုင်မြို့နယ်တွေမှာ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်တယ်လို့ ဆိုပါတယ်။

သည်ကြေညာချက်ဟာ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ရောင်းဝယ်မှု ပပျောက်ရေးအတွက် 'မိမိတို့အတွက် ရင်တွင်းစကားသံ' လူထုလှုပ်ရှားမှု စတင်ပြီး ၁၁ လအကြာမှာ ထွက်ပေါ်လာခဲ့ပြီး ဖမ်းဆီးရမိထားတဲ့ ဆင်စွယ်အပါအဝင် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများကို ပထမဆုံးအကြိမ်အဖြစ် အစိုးရက မီးရှို့ဖျက်ဆီးသွားမယ်လို့ သိရပါတယ်။

ရန်ကုန်ကို အရှေ့တောင်အာရှဒေသတွင်းမှာ 'တောရိုင်းတိရစ္ဆာန်တရားမဝင်ကုန်သွယ်မှုကင်းမဲ့တဲ့' ပထမဆုံးမြို့တော်ကြီးတစ်ခုဖြစ်လာဖို့ ရည်ရွယ်ထားပြီး မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ပူးပေါင်းကာ ဈေးကွက်တွေနဲ့ အရောင်းဆိုင်တွေအနေနဲ့ သည်အစီအစဉ်ကိုသိအောင် ပြည့်စုံလုံလောက်တဲ့ အသိပညာပေးလုပ်ငန်းတွေနဲ့ အသိပေးသွားမယ်လို့ ဆိုပါတယ်။

**အေးအေးအောင်**

www.free4readers.com



# ကားဈေးကွက် နယ်ဝယ်လက်အဆင်းနည်းပြီး အရောင်းအဝယ်အေးနေ


လက်ရှိမှာ ကျပ်သိန်း ၂၀၀ ဝန်းကျင်ရှိတဲ့ ဂျပန်ကားဟောင်းလေးတွေ ဝယ်တာများပါတယ်။

ရန်ကုန်၊ အောက်တိုဘာ ၉– အခုတစ်ပတ် ကားဈေးကွက်အတွင်း နယ်ဝယ်လက်တွေ အဆင်းနည်းလာတဲ့အတွက် ကားအရောင်းအဝယ် အေးနေပါတယ်။

သီရိမင်္ဂလာကားရောင်းဝယ်ရေးစခန်းက ဝါရင့်ဝယ်ရောင်း ကိုချစ်တိုးက 'ရန်ကုန်ဝယ်လက်တွေအနေနဲ့ တော်တော်များများ ကားဝယ်ထားကြတယ်၊ အသစ်အဟောင်းလဲလှယ်ဖို့ ဝယ်ယူတဲ့ အနေအထားမျိုးပဲ ရှိနေတယ်၊ အဲဒါကြောင့် နယ်ဝယ်လက်ကိုပဲ အားထားရောင်းနေရတယ်၊ စတီနံပါတ်ကားတွေအနေနဲ့ ရန်ကုန်လိုင်စင်မရတဲ့ အတွက် နယ်လိုင်စင်နဲ့ ရောင်းရတဲ့အခါ နယ်ဝယ်လက်ကိုပဲ အားထားရတယ်၊ ဒါပေမဲ့ အမေရိကန်ဒေါ်လာဈေးတွေ မြင့်တက်နေပြီး စတီနံပါတ်ကားတွေရဲ့ ဈေးနှုန်းတွေကလဲ လိုက်မြင့်တက်နေတဲ့အတွက်လည်း ကားအရောင်းအဝယ်က အေးနေတယ်လို့ ဆိုတယ်။

အရင်ကတော့ နယ်တွေမှာ စပါးပေါ်၊ ပဲပေါ်တဲ့အချိန် နယ်ဝယ်လက်တွေ ဆင်းလာပြီး ကားအရောင်းအဝယ်ကောင်းလာတတ်ပါတယ်။ သည်နှစ်မှာတော့ ရာသီဥတုကြောင့် ရေကြီးရေလျှံဖြစ်တဲ့ နေရာတွေမှာ စိုက်ပျိုးတဲ့ သီးနှံတွေ အပျက်အစီးများခဲ့ပါတယ်။ တစ်ဖက်မှာ လည်း အမေရိကန်ဒေါ်လာဈေးစံချိန်တင်မြင့်တက်ခဲ့သလို စက်သုံးဆီဈေးနှုန်းတွေကလည်း လိုက်ပါပြီး စံချိန်တင် မြင့်တက်လာတာဟာ လက်ရှိအချိန်အထိ မကျဆင်းသေးပါဘူး။ အဲဒါကြောင့် ကုန်ဈေးနှုန်းအချို့ လိုက်ပါမြင့်တက်လာပါတယ်။ အထူးသဖြင့် အဝေးပြေးဘတ်ကားခတွေ မြင့်တက်လာတာကြောင့် မလိုအပ်ဘဲ ခရီးမထွက်ကြတော့တဲ့ အနေအထားဖြစ်လာပါတယ်။

## ပြည်တွင်းမှာ တပ်ဆင်

လက်ရှိမှာကတော့ ဂျပန်ညာမောင်းတစ်ပတ်ရစ် ကားဟောင်းဈေးကွက်အေးနေပြီး ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်တဲ့ အက်စ်ကေဒီ ဘယ်မောင်းဘရန်းနယူးကားတွေသာ အရောင်းအဝယ်ဖြစ်ပါတယ်။ ကားလုပ်ငန်းရှင်တွေအနေနဲ့ သူတို့ရဲ့ ကားအရောင်းစင်တာမှာရှိတဲ့ တစ်ပတ်ရစ်ကားဟောင်းတွေကို ထိန်းရောင်းနေပြီး ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်နိုင်ဖို့ ပြင်ဆင်လာကြပါတယ်။ ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်တဲ့ ကားမော်ဒယ်လ်သစ်တွေကို သင့်တင့်တဲ့ ဈေးနှုန်းတွေနဲ့ သည်နှစ်မကုန်မီ ရောင်းချဖို့လည်း အဆင်သင့် ရှိနေကြပါတယ်။ အဲသည် သတင်းတွေကြောင့်လည်း ဝယ်လက်တွေဟာ ထွက်ရှိလာမယ့် ပြည်တွင်းထုတ်ဘရန်းနယူးကားသစ်တွေကို စောင့်ကြည့်တာတွေ ရှိနေတာကြောင့်လည်း ကားဈေးကွက်က အေးနေပါတယ်။

ဝါရင့်ဝယ်ရောင်း ကိုအောင်ကျော်ထွန်းကတော့ 'လောလောဆယ်မှာတော့ အက်စ်ကေဒီကားတွေက ရန်ကုန်လိုင်စင်နဲ့ ဝယ်ယူနိုင်သလို အရစ်ကျစနစ်နဲ့လဲ ဝယ်ယူနိုင်တော့ စိတ်ဝင်စားမှုများနေတယ်၊ ပြည်တွင်းလမ်းတွေနဲ့ ခပ်ကြမ်းကြမ်းအသုံးခံတာကို ကြိုက်တဲ့ သူတွေကတော့ ဂျပန်ကားဟောင်းထဲကနေ လိုက်ရှာနေကြတုန်းပါပဲ၊ အရစ်ကျနဲ့ ဝယ်တာကလဲ ရေရှည်အတိုးပေးရတာနဲ့ တွက်ကြည့်ရင် ကားတန်ဖိုးထက်ပိုပေးရတဲ့ ငွေက များနေတယ်၊ အဲဒီတော့ ကားဟောင်းထဲက သင့်တော်တာ ရွေးချယ်ကြတာလဲ ရှိတယ်၊ လက်ရှိမှာ ကျပ်သိန်း ၂၀၀ ဝန်းကျင်ရှိတဲ့ ဂျပန်ကားဟောင်းလေးတွေ ဝယ်တာများပါတယ်' လို့ ပြောပါတယ်။

တစ်ပိုင်တစ်နိုင်ကားဝယ်ရောင်းတွေ လက်ရှိကြုံတွေ့လာရတာက ဂျပန်ညာမောင်းတစ်ပတ်ရစ်ကားတွေ တင်သွင်းခွင့် မရှိတော့တဲ့အတွက် ရောင်းပြီးရင် ပစ္စည်းရှာဖို့ ခက်ခဲလာတာပါ။ အဝယ်များတဲ့ ပွိုင့်သရီးလေးတွေဆိုရင် ရန်ကုန်လိုင်စင်ရော၊ နယ်လိုင်စင်ပါ ရှာဖွေရခက်ခဲလာပါတယ်။ နောက်တစ်ချက်က အရောင်းအဝယ်လုပ်တဲ့နေရာမှာ ယာဉ်စစ်ဆေးရတဲ့ ဒုက္ခပါ။ ဖောက်စွပ်/အလုံးချိန်းပြဿနာကြောင့် ကညနမှာ နှစ်ပတ်သုံးပတ်လောက် အချိန်ပေးပြီး ယာဉ်စစ်ရတဲ့အတွက် အရောင်းအဝယ်ဖြစ်ဖို့ကြန့်ကြာလာတယ်။

အဲဒါတွေကြောင့်လည်း ဂျပန်ညာမောင်းတစ်ပတ်ရစ်ကားတွေ အရောင်းအဝယ် အေးလာပါတယ်လို့ ကားဝယ်ရောင်းတွေက ဆိုတယ်။

**အောင်ထွန်းဦး**

# အားလပ်ရက်မှာ ခရီးထွက်မယ့်ကားတွေအတွက် သီတင်းကျွတ်အထူးအစီအစဉ်တွေ




ရန်ကုန်၊ အောက်တိုဘာ ၁၀ - သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ ခရီးထွက်မယ့်ကားတွေအတွက် တစ်ဝက်ဈေးလျှော့ပြီး ဝန်ဆောင်မှုပေးတဲ့ အစီအစဉ်တွေ Desire Autowork မှာရရှိနိုင်ပါတယ်။

မှိန်နေတဲ့ မီးခွက်တွေကို စက်ပေါလစ်တိုက်ပြီး သန့်ရှင်းပေးနိုင်တယ်။ ကားရှေ့လေကာမှန်မှာ မိုးရေဂျီးတွေ၊ အညစ်အကြေးတွေတင်နေတာတွေကို စက်ပေါလစ်တိုက်ပြီး မိုးရည်ဂျီးတွေ ဖျောက်နိုင်ပါတယ်။

ကားအတွင်းခန်းက နံစော်နေတာမျိုးအတွက် bactakleen နဲ့ ပိုးမွှားသန့်စင်အနံ့ဖျောက်လို့ရပါတယ်။ Disire Autoworks-Japan Road Branch ကို အမှတ် ၆၃/အေ၊ သီရိမင်္ဂလာလမ်း၊ အရှေ့ရွာမ ရပ်ကွက်၊ အင်းစိန်မှာ ဖွင့်လှစ်ထားပြီးဖုန်း–၀၉၄၂၀၀၃၅၉ နဲ့ ၀၉ ၂၅၂၁၇၆၄၇၆ တို့ကိုဆက်သွယ် နိုင်ပါတယ်။

APEX- Auto Service ရဲ့ သီတင်းကျွတ်ပရိုမိုးရှင်းအစီအစဉ်ကိုတော့ အခုအောက်တိုဘာ ၁၀ ရက်ကနေ အောက်တိုဘာ ၂၂ ရက်နေ့အထိ ပရိုမိုးရှင်းကာလ သတ်မှတ်ထားပါတယ်။

ခရီးသွားမယ့်ကားတွေကို အချက် ၃၂ ချက် (32 Points Inspection) စစ်ဆေးပေးပါတယ်။

စစ်ဆေးပြီးဆက်လက်ပြုပြင်မယ်ဆိုရင်တော့ ၃၂ ချက် စစ်ဆေးတာကိုအခမဲ့သတ်မှတ်ပေးပါတယ်။ အဲဒါအပြင် ကျသင့်တဲ့ လက်ခကို ၃၀ ရာခိုင်နှုန်းဈေးလျှော့ပေးဦးမှာပါ။ Apex Auto Services ကို အမှတ် ၄၆၈၊ အေးရိပ်သာကျောင်းလမ်း၊ ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်းမှာ ဖွင့်လှစ်ထားပြီး ဖုန်း –၀၉၇၇၄၄၄၅၇၇၊ ၀၉ ၇၇၄၄၄၆၇၇ ကို ဆက်သွယ်နိုင်ပါတယ်။

**အောင်ထွန်းဦး**

# သင့်ကားအတွက် အသုံးဝင်ပစ္စည်းလေးတွေ

## မှန်ကပ်ကားဘလက်ဘောက်စ်

ကားဘလက်ဘောက်စ်ကို ဒက်ရှ်ဘုတ်မှာ တပ်ဆင်တာမကြိုက်တဲ့သူတွေအတွက် မှန်ကပ်ကားဘလက်ဘောက်စ်ကို Auto Myanmar မှာ ရရှိနိုင်ပါတယ်။




3G -system သုံးဘလက်ဘောက်စ်ဖြစ်တယ်။ စုပ်ခွက်မဟုတ်တဲ့အတွက် ပူလို့ကွာကျမှာကိုစိတ်မပူရတော့ပါဘူး။ ဈေးနှုန်းကတော့ ကျပ် ၁၅၀,၀၀၀ ရှိပါတယ်။ လက်ဆောင်ရရှိမယ့် ပစ္စည်း 16 GB နဲ့ SIM card တို့ ရရှိမှာဖြစ်ပြီး အခမဲ့တပ်ဆင်ပေးပါတယ်။ Auto Myanmar ကိုအမှတ် (၂) ဒေါ်နုလမ်း၊ စမ်းချောင်းမှာ ဖွင့်လှစ်ထားပြီး ဖုန်း– ၀၉ ၇၈၃၅၂၀၀ ၁၅ နဲ့ ၀၉–၇၇၇၄၅၄၆၄၇ ကိုဆက်သွယ်နိုင်ပါတယ်။

အားသာချက်တွေက GPS နဲ့ GRS Tracker ပါဝင်တာ မိမိဖုန်းနဲ့ ကားကို အချိန်နဲ့ တစ်ပြေးညီ ကြည့်နိုင်တာ၊ Android System အသုံးပြုထားတာ၊ အရှေ့အနောက် 1080 full HD camera အသုံးပြုထားတာတွေဖြစ်တယ်။

G Sensors Motion Detection ပါဝင်တာကြောင့် မိမိရဲ့ကား လှုပ်ခါထိခိုက်သွားတာနဲ့ မိမိဖုန်းဆီကို လာရောက်အကြောင်းကြားမှာပါ။ ၁၄၀ ဒီဂရီမြင်ကွင်းကျယ်စနစ်ဖြစ်တယ်။ မိမိဖုန်းကနေ ကားရှိတဲ့နေရာကို စကားပြောဆိုနိုင်တယ်။ ဝိုင်ဖိုင်စနစ်နဲ့ ကားဘလက်ဘောက်စ်ထဲက အချက်အလက်တွေကို အလွယ်တကူကူးယူနိုင်တယ်။ SOS system ပါဝင်တာကြောင့် မိမိကားမှာ ထိခိုက်မှုရှိတာနဲ့ ထိခိုက်မှုဖြစ်ခဲ့တဲ့ ဗီဒီယိုကို အင်တာနက်ကတစ်ဆင့် မိမိဖုန်းထဲမှာ လက်ခံရရှိမှာပါ။

## ကားအတွင်းခန်း အငွေ့ဖျန်းမယ်

ရာသီဥတုပူလာပြီဆိုတော့ ကားအတွင်းခန်းထဲမှာ ရေငွေ့ဖျန်းပြီး အပူချိန်လျှော့ချနိုင်ပါတယ်။ အဲသည်ရေငွေ့ဖျန်းတဲ့ပစ္စည်းလေးကို ကျပ် ၁၅,၀၀၀ နဲ့ အော်တိုမြန်မာမှာ ဝယ်ယူနိုင်ပါတယ်။

Essential oil အနည်းငယ်ထည့် ရေရောပြီးသုံးလိုက်ရုံနဲ့ ကားအတွင်းခန်းမှာ မွှေးကြိုင်တဲ့ သင်းရနံ့တွေ ရရှိစေမှာပါ။

**အောင်ထွန်းဦး**

# ဂျာဂွားလန်ရိုဗာ မြန်မာရဲ့ သီတင်းကျွတ်ပရိုမိုးရှင်း

ရန်ကုန်၊ အောက်တိုဘာ ၁၀– ဂျာဂွားလန်ရိုဗာ မြန်မာဟာ ကားသစ်တွေကို အထူးဈေးနှုန်းတွေနဲ့ ရောင်းချပေးသွားမယ့် 'သီတင်းကျွတ်အထူးပရိုမိုးရှင်း' အစီအစဉ်ကို အောက်တိုဘာ ၁ ရက်ကနေ ၃၁ ရက်နေ့အထိ ကျင်းပပေးသွားမှာဖြစ်တယ်။

အဲသည် အစီအစဉ်မှာ ဂျာဂွားလန်ရိုဗာကားအမျိုးအစားအားလုံးအတွက် ဈေးနှုန်းတွေ လျှော့ချပေးထားပြီး ပရိုမိုးရှင်းကာလအတွင်း ဝယ်ယူတဲ့ ကာစတန်မာတွေကို လက်ရှိရောင်းချနေတဲ့ ကာလပေါက်ဈေးကနေ အမေရိကန်ဒေါ်လာ ၅၀၀၀ ကနေ ၁၀,၀၀၀ အထိ ဈေးလျှော့ရောင်းချပေးမှာ ဖြစ်တယ်။ အဲဒါအပြင် တစ်နှစ်စာအလုံးစုံ မော်တော်ယာဉ်အာမခံနဲ့ Accessories တွေကိုလည်း ထပ်မံပေးအပ်သွားမှာဖြစ်တယ်။ ဝယ်ယူသူတွေအနေနဲ့ သုံးနှစ်အထိ အာမခံရရှိမှာဖြစ်တဲ့အပြင် ငါးနှစ်အထိ အခမဲ့ ဆားဗစ်ပါ ထပ်ပေါင်းပေးသွားပါမယ်။

အသေးစိတ်ကို ဖုန်း – ၀၁၉၆၆၉၀၃၆ ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

**အောင်ထွန်းဦး**

www.free4readers.com






ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၉.၃ ဘီလျံအထိ ဝင်ရောက်ဖို့ လျာထားတယ်။

# ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၉ ဘီလျံကျော်ဖို့ လျာထား

နေပြည်တော်၊ အောက်တိုဘာ ၁၀ – ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ရေရှည်စီမံကိန်းပထမအဆင့်အနေနဲ့ အစိုးရအပါအဝင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၉.၃ ဘီလျံအထိ ဝင်ရောက်ဖို့ လျာထားတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက 'အခုလို ဆွဲရတာက တိုင်းပြည်ရဲ့ စီးပွားရေးတိုးတက်ဖို့ပါပဲ၊ ရင်းနှီးမြှုပ်နှံမှုတွေပိုများလာလေ တိုင်းပြည်ရဲ့ စီးပွားရေးက ပိုမိုအားကောင်းလာလေ၊ ဒီအတွက် ဆွဲတာပါ၊ ကိုယ့် ဟာကိုယ် လုပ်နေတာထက်စာရင် စီမံကိန်းတစ်ခုဆွဲပြီးလုပ်ရင် ပိုထိရောက်မယ်ပေါ့'လို့ ပြောပါတယ်။

ပထအဆင့်ကို ကာလတိုလို့ သတ်မှတ်ထားပြီး ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်ကနေ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အထိ ဖြစ်ပါတယ်။ ဒုတိယအဆင့်ကိုတော့ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်ကနေ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားပြီး အမေရိကန်ဒေါ်လာ ၃၉.၇ ဘီလျံအထိ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာဖို့ လျာထားပါတယ်။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်ကနေ ၂၀၃၀–၂၀၃၁ ဘဏ္ဍာနှစ်အထိကိုတော့ တတိယ အဆင့်သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံမှုအမေရိ ကန်ဒေါ်လာ ၅၇ ဘီလျံအထိ လျာထားပါတယ်။ စတုတ္ထအဆင့်ကိုတော့ ၂၀၃၁–၂၀၃၂ ဘဏ္ဍာနှစ်ကနေ ၂၀၃၅–၂၀၃၆ ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၈၁.၉ဘီလျံအထိ ဝင်ရောက်မယ်လို့ လျာထားပါတယ်။

'အခုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက တစ်နှစ်ကို အနည်းဆုံး သန်း ၅၀၀(အမေရိကန်ဒေါ်လာ) လောက်ဝင်တယ်၊ ဒီနှစ်က ပြီးခဲ့တဲ့နှစ် ခြောက်လတာကာလမှာတော့ တစ်လကို သန်း ၃၅၀ (အမေရိကန်ဒေါ်လာ) အကြမ်းဖျင်းပျမ်းမျှပေါ့ ဝင်ပါတယ်၊ ခြောက်လအတွင်းမှာ နည်းနည်းတော့ လျော့သွားတယ်၊ လျော့သွားပေမဲ့လဲ အမေရိကန်ဒေါ်လာ ၅.၈ ဘီလျံကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရမယ်လို့ မှန်းထားပါတယ်၊ ဒါတော့ ပြည့်မယ်လို့ မှန်းထားပါတယ်'လို့ ပြောပါတယ်။ လတ်တလောမှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေနဲ့ အာဆီယံနိုင်ငံအချို့က မြန်မာနိုင်ငံနဲ့ ဒေသတွင်းနိုင်ငံတွေမှာ လေကြောင်းလိုင်းတွေ ပြေးဆွဲဖို့ လာရောက်စုံစမ်းတာတွေရှိနေပြီး MIC တင်တဲ့အဆင့်တော့ မရောက်ကြသေးဘူးလို့ ဦးအောင်နိုင်ဦးက ပြောပါတယ်။

## လုပ်ငန်းစဉ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းကို ဆောင်ရွက်ဖို့ လုပ်ငန်းစဉ်ငါးရပ်ကိုလည်း ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပြီး ပထမလုပ်ငန်းစဉ်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ ပိုပြီးတော့ အားကောင်းလာအောင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းစဉ်ကတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုကို အသေအချာဆောင်ရွက်မယ့် အဖွဲ့အစည်းတစ်ရပ် ခိုင်ခိုင်မာမာရှိဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ရင်းနှီးမြှုပ်နှံမှုအတွက် အမှန်တကယ်လိုအပ်တဲ့ လျှပ်စစ်မီးအပါအဝင် အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးဖို့ဆောင်ရွက်မှာဖြစ်ပါတယ်။

စတုတ္ထလုပ်ငန်းစဉ်ကတော့ စီးပွားရေးနဲ့ပတ်သက်ပြီး ဆက်စပ်နေတဲ့ ဝန်းကျင်တစ်ရပ်လုံး ကောင်းလာဖို့ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်ဖို့ဆိုရင် ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ခုတည်းကောင်းရုံနဲ့ မရသလို ကုမ္ပဏီဥပဒေတစ်ခုတည်းနဲ့လည်း မရသေးဘူး။ ဒါ့ကြောင့် စီးပွားရေးလုပ်ငန်းတွေနဲ့ဆက်စပ်တဲ့ ဂေဟစနစ်ကြီးတစ်ခုလုံးကောင်းလာဖို့လည်း လုပ်ငန်းစဉ်တစ်ရပ် အနေနဲ့ လုပ်ဆောင်သွားမယ်လို့ သိရပါတယ်။ နောက်ဆုံးအချက်ကတော့ ပြည်တွင်းစက်မှုလုပ်ငန်းတွေအပါအဝင် စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ချိတ်ဆက်နိုင်အောင် ဆောင်ရွက်ပေးသွားမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။

ဦးအောင်နိုင်ဦးက'အရေးကြီးတဲ့အချက်ကတော့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းစဉ်မှာ မဖြစ်မနေ လိုအပ်တာက လူ့စွမ်းအားအရင်းအမြစ် ပိုပြီးတော့ဖွံ့ဖြိုးတိုးတက်လာဖို့၊ တိုင်းပြည်မှာရှိတဲ့ အလုပ်လုပ်တတ်တဲ့လူတွေမှာ နည်းပညာတွေပိုရဖို့၊ အလုပ်လုပ်နိုင်တဲ့ သူတွေမှာ ပိုပြီးဖွံ့ဖြိုးတိုးတက်မှုတွေရလာဖို့၊ ဒါကိုလဲ လုပ်ဖို့ရည်ရွယ်ထားပါတယ်'လို့ ပြောပါတယ်။

မာရီနိုင်

## တောင်ကြီးတန်ဆောင်တိုင်ပွဲခင်းဈေးတင်ဒါ ယခင်ထက် ကျပ်သိန်းပေါင်း ၆၀၀ ကျော် ပိုရရှိခဲ့

ရန်ကုန်၊ အောက်တိုဘာ ၉ – တောင်ကြီး တန်ဆောင်တိုင်ပွဲခင်းဈေးတင်ဒါခေါ်ရွေးချယ်ပွဲမှာ အရင်နှစ်ကထက် ကျပ်သိန်းပေါင်း ၆၀၀ကျော် ပိုရရှိခဲ့တယ်လို့ ရှမ်းပြည်နယ်အစိုးရရုံးမှာ တင်ဒါဆွဲခဲ့တဲ့ ရွေးချယ်ပွဲက သိရပါတယ်။

သည်လ ၈ ရက်နေ့ကပြုလုပ်တဲ့ တင်ဒါရွေးချယ်ရေးပွဲမှာ ကျပ်သိန်းပေါင်း ၃၄၀၀ကျော်ရရှိခဲ့တာဖြစ်ပြီး အရင်နှစ်က တင်ဒါပွဲခင်းဈေးမှာကျပ်သိန်း ၂၈၀၀ ကျော်ဖြစ်တယ်လို့ သိရပါတယ်။ တင်ဒါကို ခေါင်းစဉ်ငါးခုနဲ့ ခေါ်ခဲ့ကာ လူသုံးဦးက တင်ဒါရရှိခဲ့တာဖြစ်ပါတယ်။

လေလံသွင်းသူ ၁၃ ဦးရှိခဲ့ပြီး ပွဲဈေးလေလံကိုကျပ် ၂၈၇၁ သိန်း၊ ယာဉ်ရပ်နားစခန်းအတွက် ကျပ်သိန်း ၃၂၀ ကျော်၊ ပျံကျဈေးကောက်လုပ်ငန်းအတွက် ကျပ်သိန်း၂၅၀ ကျော်နဲ့ လေလံအောင်ခဲ့တာဖြစ်ပါတယ်။

လေလံတွေကို အစိုးရအဖွဲ့ရုံးခန်းမှာလျှို့ဝှက်လေလံကြမ်းခင်းဈေးနဲ့ ဖွင့်လှစ်ပေးခဲ့ကာ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှန်တစ်လုံက တင်ဒါရွေးချယ်ခံရသူတွေစည်းကမ်းမလိုက်နာပါက အရေးယူမယ်လို့ ပြောပါတယ်။

တင်ဒါကို ယာဉ်ရပ်နားခ သုံးခု၊ ပျံကျဈေးကောက်လုပ်ငန်း၊ ဈေးဆိုင်ခန်း၊ အရောင်းပြခန်းတွေနဲ့ ကစားကွင်းတွေပါရှိပါတယ်။

အရင်နှစ်ကထက် လေလံကြမ်းခင်းဈေးတွေ မြင့်နေပေမဲ့ ယာဉ်ရပ်နားခအဖြစ် ဆိုင်ကယ်တစ်စီးကို ကျပ် ၁၀၀၀နဲ့ ကားတစ်စီးကို ကျပ် ၃၀၀၀ သာကောက်ဖို့ သတ်မှတ်ထားတယ်လို့ သိရပါတယ်။

တောင်ကြီးတန်ဆောင်တိုင်ပွဲကို နိုဝင်ဘာလ ၁၅ရက်နေ့ကနေ စတင်ကျင်းပမှာဖြစ်ပြီး ကိုးရက်ပြုလုပ်ဖို့ သတ်မှတ်ထားတယ်လို့ သိရပါတယ်။

အေးအေးအောင်

# မြန်မာ့ရိုးရာ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းမှာ ဒေါ်လာ ခုနစ်သိန်းကျော် ရင်းနှီးမြှုပ်နှံမည်

နေပြည်တော်၊ အောက်တိုဘာ ၁၀ – နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Turquoise Mountain ရဲ့ လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်း Myanmar Artisans နဲ့ ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFI) ရဲ့ လုပ်ငန်း အစီအစဉ်တစ်ခုဖြစ်တဲ့ DaNa Facility တို့ပူးပေါင်းပြီး မြန်မာ့ရိုးရာ ချည်မျှင်နဲ့ အထည်အလိပ်လုပ်ငန်းအတွက် ဒေါ်လာ ၇၅၀,၀၀၀ ကျော် ရင်းနှီးမြှုပ်နှံမှုကို လာမယ့် နှစ်နှစ်အတွင်း ပြုလုပ်သွားမယ်လို့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

စီမံကိန်းကို အရင်ဆုံး ကချင်၊ ချင်းနဲ့ ရှမ်းပြည်နယ်ရှိ ရိုးရာအထည်အလိပ်လုပ်ငန်းတွေနဲ့ စတင်မှာဖြစ်ပြီး အဆင့်မြင့်အထည်တွေရက်လုပ်ဖို့နဲ့ ဈေးကွက်ဝင်ဆံ့ဖို့အတွက် ရက်ကန်းလုပ်ကိုင်သူတွေနဲ့အတူ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အကောင်အထည်ဖော်သွားဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။

ရန်ကုန်မြို့ မှာ အထည်ချုပ်အလုပ်ရုံထားရှိမှာဖြစ်ပြီး အထည်အလိပ်ထုတ်လုပ်မှုနဲ့ အရည်အသွေးထိန်းသိမ်းခြင်းကို သေချာလုပ်ဆောင်ကာ နိုင်ငံအတွက် အရေးပါတဲ့ ရိုးရာလုပ်ငန်းတစ်ခုကို ထိန်းသိမ်းသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ ကျွမ်းကျင်ရက်ကန်းပညာရှင်တွေက ရက်လုပ်တဲ့ အမျိုးမျိုးကွဲပြားတဲ့ ရိုးရာအထည်အလိပ်ဒီဇိုင်းစုံ ရှိပါတယ်။ သည်စီမံကိန်းဟာ အခုလို ကျွမ်းကျင်မှုတွေနဲ့ ရိုးရာဓလေ့ထုံးတမ်းတွေကိုအခြေခံပြီး အထည်အလိပ်ကဏ္ဍကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိတဲ့ အမျိုးသမီးတွေနဲ့ ဆင်းရဲနွမ်းပါးသူတွေ အတွက် အလုပ်အကိုင်တွေ ပိုမိုဖန်တီးပေးနိုင်မယ့်အပြင် မတူကွဲပြားတဲ့ ဓလေ့ထုံးတမ်းများစွာရှိတဲ့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်လုပ်ဆောင်တာ ဖြစ်ပါတယ်။ အဆင့်မြင့်သံင်တန်းတွေ ပို့ချခြင်း၊ အထည်အလိပ်ထုတ်လုပ်မှုနဲ့ ပိုမိုကောင်းမွန်တဲ့ ဈေးကွက်အချိတ်အဆက်ခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့်လက်မှုပညာရှင်တွေဟာ တန်ဖိုးမြင့်ဈေးကွက်တွေကိုလက်လှမ်းမီနိုင်မယ့်အပြင် ဝင်ငွေတွေလည်း တိုးပွားစေနိုင်ပါတယ်။

စီမံကိန်းကို အရင်ဆုံးဆောင်ရွက်ရာမှာ ကချင်၊ချင်းနဲ့ ရှမ်းပြည်နယ်ရှိ ရိုးရာအထည်အလိပ်လုပ်ငန်းတွေနဲ့အစပြုပြီး အဆင့်မြင့်အထည်များ ရက်လုပ်ဖို့နဲ့ ဈေးကွက် ဝင်ဆံ့ဖို့အတွက် ရက်ကန်းလုပ်ကိုင်သူတွေနဲ့အတူ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားကာ နောက်ပိုင်းမှာတော့ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အကောင်အထည်ဖော်သွားဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။ ရန်ကုန်မြို့မှာ အထည်ချုပ်အလုပ်ရုံထားရှိမှာဖြစ်ပြီး အထည်အလိပ်ထုတ်လုပ်မှုနဲ့ အရည်အသွေးထိန်းသိမ်းခြင်းကို သေချာလုပ်ဆောင်ကာ နိုင်ငံအတွက် အရေးပါတဲ့ ရိုးရာလုပ်ငန်းတစ်ခုကို ထိန်းသိမ်းသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

မာရီနိုင်

www.free4readers.com



# ဘဏ်ချေးငွေလား၊ ပွဲစားကို အားမကိုးပါနဲ့ ကိုယ်တိုင်သာလာပါ

**အောက်တိုဘာ ၁၀ –** ဘဏ်က ချေးငွေချေးရာမှာ ဘယ်ပွဲစားတွေနဲ့မှ မချိတ်ဆက်ဘဲ ဘဏ်ကိုပဲ တိုက်ရိုက်သွားရောက်ဆွေးနွေး ချေးယူကြဖို့ မြန်မာ့စီးပွားရေးဘဏ် လက်ထောက် အထွေထွေမန်နေဂျာ ဘဏ်(၃)က ဦးအောင်မျိုးထွန်းက ပြောပါတယ်။

ပွဲစားတွေ ကြားခံဝင်လာပါက ငွေကုန်ကြေးကျများတဲ့အပြင် အလိမ်အညာခံရတာတွေ လုပ်ငန်းရှင်တွေကြားမှာ ဖြစ်ပွားနေကြတာကြောင့် ဖြစ်ပါတယ်။

ဦးအောင်မျိုးထွန်းက 'တစ်ခါက တော်သေးတယ်၊ customer က ကျွန်တော့်ကိုလာပြီး နှုတ်ဆက်ရင်းနဲ့ မရဲတရဲလေးနဲ့ ဆရာတဲ့ ကျွန်တော် အမြန်ကြေးပေးခဲ့တယ် နော်တဲ့၊ ကျွန်တော်လဲ 'ဟင်' ဆိုဖြစ်သွားပြီးတော့ ဘယ်လောက်ပေးခဲ့လဲဆိုတော့ သိန်း ၅၀ ပေးခဲ့တယ်တဲ့၊ ကျွန်တော်လဲ အဲဒီကြားပွဲစားကို ဖုန်းဆက်ခေါ်ပြီးတော့ တော်တော်ကို အကြီးအကျယ် ပြဿနာတက်ခဲ့ဖူးတယ်' လို့ သူ့အတွေ့အကြုံကို ပြောပြတယ်။

လုပ်ငန်းရှင်တွေကို လုပ်ငန်းစနစ်တကျပြုလုပ်နိုင်အောင် ဆွေးနွေးပွဲ သင်တန်းတွေ အက်စ်အမ်အီးဌာနတွေက ပြုလုပ်ပေးနေပေမဲ့လည်း လာရောက်တက်ရောက်သင်ယူမှု အားနည်းနေတဲ့အတွက် ချေးငွေအပိုင်းမှာလည်း လုပ်ငန်းရှင်တွေအနေနဲ့ သိရှိနိုင်မှု အားနည်းနေတယ်လို့ မန္တလေးတိုင်းဒေသကြီး အက်စ်အမ်အီး တိုင်းဦးစီးမှူး ဦးမျိုးထွန့်ဆွေက ဆိုပါတယ်။


ငွေချေးချင်တဲ့အခါမှာ သက်ဆိုင်ရာဘဏ်တွေကို ရောက်အောင်သွားပြီး ဥပဒေနဲ့ညီညွတ်တယ်ဆိုရင် ဘဏ်တွေက ထုတ်ချေးပေးမှာဖြစ်တယ်။

ချေးငွေချေးယူမယ့်သူတွေအနေနဲ့ စနစ်တကျ ချေးယူနိုင်ဖို့နဲ့ ဆွေးနွေးပွဲတွေကို တက်ရောက်သင့်ကြောင်းကိုလည်း 'ချေးယူမယ့်သူတွေက လုပ်ငန်းအတွက် ချေးပြီးတော့မှ စနစ်တကျချေးတာမျိုး စက်ဘီးအစား ဆိုင်ကယ်ကို ဝယ်ပြီးတော့ ဘယ်လိုရောင်းမယ် ဝယ်မယ်ဆိုတဲ့ အစီအစဉ်မျိုးလေးတွေက ကျွန်တော်တို့ ပြောနိုင်ရမှာဖြစ်ပါတယ်၊ အင်ဂျင်နဲ့ လည်နေရတဲ့ စက်မှာမော်တာတပ်မယ်၊ မော်တာလည်မယ်၊ ဒီလိုမျိုးလေးတွေ၊ ပလန်လေးတွေကို လွယ်လွယ်လေးဖြစ်နိုင်မယ့်ဟာကို တစ်ရက်ကို တစ်နာရီ၊ နှစ်နာရီလောက် အချိန်ပေးပြီးတော့ ဆွေးနွေးပွဲတွေ တက်ရပေမဲ့ တက်လာလို့ရနိုင်ပေမဲ့၊ မိမိကိုယ်တိုင်လေ့လာရမယ် learning planning ကို မသင်ယူဘဲနဲ့ ပွဲစားတွေခိုင်းလိုက်လို့ မဖြစ်ဘူးလားဆိုတဲ့ မလိုလားအပ်တဲ့ စရိတ်တွေ ကုန်ကျသွားတာရယ်၊ ရည်ရွယ်ချက် အထမမြောက်တာတွေရယ် ဖြစ်နေတယ်' လို့ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်သွင်က ပြောပါတယ်။

ငွေချေးချင်တဲ့အခါမှာ သက်ဆိုင်ရာဘဏ်တွေကို ရောက်အောင်သွားပြီး ဥပဒေနဲ့ညီညွတ်တယ်ဆိုရင် ဘဏ်တွေက ထုတ်ချေးပေးမှာဖြစ်ပြီးတော့ လုပ်ငန်းရှင်တွေအားလုံးက လုံးဝကြောက်စရာမလိုကြောင်း သက်ဆိုင်ရာဘဏ်တွေကို တိုက်ရိုက်ဆွေးနွေးကြဖို့ လိုပြီး ကြားကနေ ဆောင်ရွက်ပေးမယ်ဆိုတဲ့ ဘယ်ပွဲစားကိုမှ မယုံကြည်ကြဖို့ တိုက်ရိုက်သာလာခဲ့ဖို့ ဦးအောင်မျိုးထွန်းက ပြောပါတယ်။

**နိုင်စာရည်မောင်**




## မိုင်တဲလ်သုံးသူတွေ VoLTE သုံးနိုင်ပြီ

**ရန်ကုန်၊ အောက်တိုဘာ ၁၀ –** ကွန်ရက်အသုံးပြုနေစဉ် အချိန်တိုင်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုကို ပံ့ပိုးပေးနိုင်တဲ့ Mytel က နောက်ဆုံးပေါ် နည်းပညာဖြစ်တဲ့ VoLTE ခေါ်ဆိုမှုကို မြန်မာနိုင်ငံမှာ သုံးနိုင်ပါပြီ။

VoLTE နဲ့ ဖုန်းခေါ်ဆိုရာမှာ ရိုးရိုးသာမန် ဆဲလ်ဖုန်းတစ်ခုကနေ ဖုန်းခေါ်ဆိုခြင်းထက် သိသာပြတ်သားတဲ့ အသံအရည်အသွေးကို ရရှိနိုင်မှာပါ။ 2G ကွန်ရက်ကနေ ဖုန်းခေါ်ဆိုခြင်းထက်လည်း ပိုမိုမြန်ဆန် ချိတ်ဆက်နိုင်မှာ ဖြစ်ပါတယ်။

VoLTE ဝန်ဆောင်မှုသုံးစွဲနိုင်တဲ့ မိုဘိုင်းလ်ဖုန်းတွေဟာ ဖုန်းခေါ်ဆိုရာမှာ circuit-switched အနေအထားမှ LTE ကွန်ရက်ကို အစဉ်မပြတ်ပြောင်းလဲရန် မလိုအပ်တာကြောင့် ဖုန်းဘက်ထရီသက်တမ်းကို ထိန်းသိမ်းထားနိုင်ပါတယ်။

Mytel သုံးစွဲသူတွေအနေနဲ့ VoLTE ဝန်ဆောင်မှုအသုံးပြုနိုင်တဲ့ စမတ်ဖုန်းတွေက Sansung A8, S8, S8+, S9, S9+, Note 8, J4+ နဲ့ J6+ ဖုန်းတွေဖြစ်ပါတယ်။ VoLTE ဝန်ဆောင်မှုကို VoLTE အသုံးပြုနိုင်တဲ့ မိုဘိုင်းလ်ဖုန်းအချင်းချင်းသာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

**တုံတုံ**

## စပါး တရားမဝင်ထွက်ရှိတာကို တိုင်းဒေသကြီးအစိုးရ အဖွဲ့ဖွဲ့ စုံစမ်းစစ်ဆေး

**ရန်ကုန်၊ အောက်တိုဘာ ၈ –** စပါးတွေ တရားမဝင်ထွက်ရှိနေတာနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့တွေက အဖွဲ့ဖွဲ့ပြီး စုံစမ်းစစ်ဆေးနေတယ်လို့ သိရပါတယ်။

အဲသည်လိုစစ်ဆေးတာတွေ ပြုလုပ်နေတဲ့အတွက် ပဲခူးတိုင်းဘက်က တရားမဝင်ရောင်းဝယ်နေတာတွေ ရပ်တန့်နေတာ နှစ်ပတ်ကျော်လောက်ရှိပြီလို့ သာယာဝတီ စစစ ရုံးက တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းက အောက်တိုဘာ ၄ ရက်နေ့မှာ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို နယ်စပ်ဒေသထွက်ပေါက်တွေကနေ တရားမဝင်ကုန်သွယ်နေမှုတွေကို ထိရောက်စွာကာကွယ်ပေးနိုင်ဖို့ တင်ပြထားတယ်လို့ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များတွဲဖက် အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်က ပြောပါတယ်။

ဒါ့အပြင် စက်တင်ဘာ ၂၉ ရက်နေ့ကလည်း တရုတ်ကုန်သည်တွေက ဒေသထွက်စပါးတွေကို တရားမဝင်သယ်ယူနေတာနဲ့ ပတ်သက်ပြီး ဖြေရှင်းပေးဖို့ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်စွာကုန်သွယ်ခွင့်ပြုလိုက်တဲ့အချိန်ကစပြီး အခုလို စပါးကို တရားမဝင်ကုန်သွယ်တာတွေများလာတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက လုပ်နေကြပေမဲ့ သည်နှစ်မှာ တရားမဝင်ကုန်သွယ်မှု ပိုဆိုးလာတာ ဖြစ်ပါတယ်။

တောင်သူတွေအနေနဲ့လည်း ပြည်တွင်းကထက် ဈေးကောင်းပို့ရတဲ့အတွက် ရောင်းချနေကြတယ်လို့ သိရပါတယ်။

**မို့မို့သဏ္ဍာ**

www.free4readers.com



# ကျေးဇူးရှင်ကို ပြစ်မှားမိ၍

ကိုမိုး



အဆိုတော် ဇော်ဝင်းထွဋ်နဲ့ တွေ့ဆုံမေးမြန်းတဲ့ ဂျာနယ်အဟောင်းလေးတစ်စောင်တွေ့လို့ ဖတ်မိတယ်။ အကြောင်းအရာက လားရှိုးသိန်းအောင်တစ်ယောက်အမေရိကန်က ပြန်လာပြီး show ပွဲလုပ်ဖို့ အဆိုတော်ဇော်ဝင်းထွဋ်နဲ့ စီစဉ်ထားတဲ့ အကြောင်းလေးပါ။ မေးမြန်းသူက မေးတယ်။ လားရှိုးသိန်းအောင်နဲ့ ဘယ်လိုမျိုး စာချုပ်ထားလဲဆိုတော့ အဆိုတော်ဇော်ဝင်းထွဋ်က ပြန်ဖြေတယ်။ 'စာချုပ်မထားပါဘူး။ ဘယ်နေ့လာမယ် ပြီးပြီပေါ့၊ ယောကျ်ားချင်း ပြောထားတဲ့စကားပဲ' ဟု။ အတော်လေးကို နှစ်ခြိုက်သွားတယ်။ ဟိုကတည်းက အဆိုတော်ဇော်ဝင်းထွဋ်ရဲ့အပြုအမူ၊ စိတ်နေစိတ်ထားကို ကြုံသလို တစေ့တစောင်း လေ့လာရင်း နှစ်သက်ခဲ့တယ်။ အခုစာကိုဖတ်ရတော့ အတော်ယောကျ်ားပီသတဲ့ စိတ်ဓာတ်ရှိသူ၊ စိတ်ဓာတ်အဆင့်အတန်းရှိသူအဖြစ် ချီးကျူးမိတယ်။

သည်နေ့ ၂၅လမ်း(သိမ်ကြီးဈေး Bရုံနဲ့ Cရုံကြား)ထဲ ကားမောင်းဝင်သွားတယ်။ အနော်ရထာနဲ့ ၂၅လမ်းထောင့်မှာတင် လမ်းပေါ်မှာ ဖြန့်ခင်းထားတဲ့ အဝတ်စတွေကို အပြိုင်အဆိုင်ရောင်းနေကြတာ လမ်းတောင် ပိတ်မတတ်ဖြစ်နေလို့ မနည်းသတိထားပြီး ကားကို မောင်းခဲ့ရတယ်။ ၂၅လမ်းထဲမှာ လုပ်စရာရှိတာလုပ်ပြီးတော့ ကမာရွတ်မြို့နယ် (၄)ရပ်ကွက်မှာရှိတဲ့ ကိုမိုးရဲ့ တိုက်ခန်းကို မောင်းသွားတယ်။ မရောက်တာလည်း သုံးလလောက်ရှိပြီလေ။

ရပ်ကွက်ထဲဝင်တယ်ဆိုရင်ပဲ တိုက်ခန်းရှေ့တွေမှာ၊ လမ်းပေါ်မှာ ကျူးကျော်ထားတဲ့ အဆောက်အအုံတွေ၊ ဆိုင်တွေ၊ ပစ္စည်းတွေ အများကြီး တွေ့ရတယ်။ ဘယ်အစိုးရတက်တက် ရှင်းမရတဲ့ ကမာရွတ် (၄)ရပ်ကွက်ရဲ့ လမ်းတွေပေါ်ကကျူးကျော်ဆောက်လုပ်ထားတဲ့ အရာတွေ။ သည်တစ်ခါတော့ တို့ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အကောင်အထည်ဖော်နေတဲ့ စည်ပင်ဥပဒေနဲ့ တွေ့ပြီလို့ မှတ်ထားတာ သည်အတိုင်းပဲလားဟု စိတ်ထဲ တွေးမိသည်။

အောက်တိုဘာ ၁ရက်နေ့ကစပြီး အသက်ဝင်တဲ့ ဥပဒေဟာ အခုဆိုရင် အောက်တိုဘာ ၆ရက်ရှိပြီ၊ ဘာမှဖြစ်မလာသေးပါလား။ ဒါကြောင့် လူတွေက ပြောကြတာ၊ တိုင်ကြားရန် ဖုန်းနံပါတ်တွေ၊ တိုင်ကြားရမယ့်သူတွေ ပါမလာကတည်းက သည်ဥပဒေဖြစ်ပါ့မလားဆိုပြီး၊ နောက်ပြီးတော့ မလိုက်နာတာတွေရှိပြီး အရေးယူမထားရင် တာဝန်ရှိသူကို ဘယ်လိုဆက်ပြီး အရေးယူမယ်ဆိုတာ ထင်ရှားစွာ ရေးမထားဘူးထင်ပါ့။ ဒါကြောင့် ပြည်သူတွေ မထိမဲ့မြင်ပြုတာဖြစ်မယ်ဟု တွေးမိ၏။ နောက်ပြီးတော့မှ အခုမှ စီမံချက်စတင်တာ၊ ဥပဒေအသက်ဝင်တာ ရက်ပိုင်းပဲရှိသေးလို့ဖြစ်မှာပါ၊ တို့ဝန်ကြီးချုပ်က လုပ်မယ်ဆိုရင် တကယ်လုပ်သူပါ၊ ထွေးပြီးသား တံတွေး ပြန်မျိုတတ်သူ မဟုတ်ပါဘူး။ YBS ကိစ္စပဲကြည့်ပါလား၊ သူ စနစ်တကျ ကိုင်တွယ်လိုက်တာ အခုမြို့တော် အဆင့်မီစပြုလာပြီဟု တွေးမိပြန်၏။

*

မောင်ဆောင်း၏သားဖြစ်သူ မကြာသေးမီကာလက မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံရ၏။ သူနေသော နယ်မြို့ရှိ အကျဉ်းထောင် တွင် သွားတွေ့ရမည်။ မောင်ဆောင်းက လိုက်ခဲ့ပါဟု ခေါ်၍ လိုက်သွား၏။ ဟိုရောက်တော့ ကျွန်တော့်ကိုပါ သူ့သားအား တွေ့သွားရန် ပြော၏။ ကျွန်တော်လည်း သဘောတူလိုက်သည်။ သို့သော် ထောင်ဝင်စာတွေ့ရန် စာရွက်တွင် ရေးသွင်းသောအခါ ကျွန်တော့်မှာ ထောင်ကျသူနှင့် ဘာမှအမျိုးမတော်စပ်သလို သူတို့မိသားစု၏ သန်းခေါင်စာရင်းတွင်လည်း ပါရှိသူမဟုတ်၊ ထို့ကြောင့် တွေ့ခွင့်မရဟု ဆို၏။ ကျွန်တော်ကလည်း သူ့ထောင်ဥပဒေကို လိုက်နာပြီး မတွေ့တော့ပါဟု ဆိုလိုက်၏။ ဥပဒေဆိုသည်မှာ ရှိလျှင် လိုက်နာရမည်ပင်။

•

ယခုတစ်ပတ်အတွင်းမှာပင် ရန်ကုန်-မန္တလေး အမြန်လမ်းမ၊ တပ်ကုန်းလမ်းခွဲ (၂၃၃) မိုင်တိုင်အနီးတွင် ကျေးဇူးရှင်ဘုရားဖူးယာဉ်သည် ကားပျက်သဖြင့် လမ်းပေါ် (ကွန်ကရစ်) တစ်ဝက် မြေသားပေါ်တစ်ဝက် ရပ်ထားပြီး ပျက်နေသော မော်တော်ယာဉ်အား ပြုပြင်၏။ ထိုသို့ပြုပြင်နေစဉ် ကား၏ အချက်ပြမီးကို ပြထားသည်ဟု ဆို၏။ ထိုကားအား နောက်မှဝင်၍ အရိန္ဒမာယာဉ်လိုင်းမှ ကားက ဝင်တိုက်၏။ ထိုဖြစ်စဉ်တွင် သေဆုံးသူများ၊ ဒဏ်ရာရသူများ အတော်များ၏။ ထိုဖြစ်စဉ်တွင် အရိန္ဒမာယာဉ်လိုင်းမှ အခင်းဖြစ်ယာဉ်မောင်းမှာ ထွက်ပြေးသွားသည်ဟုဆို၏။

ထိုသတင်းကိုဖတ်၍ ကိုမိုး သုံးသပ်ပြောရလျှင် အရိန္ဒမာယာဉ်မောင်းမှာ ဥပဒေ နားမလည်သူဟုပင် ပြောရပေမည်။ သူ့ထက်ပို၍ ဥပဒေ နားမလည်သူများကို ပြပါဟိုဆိုလျှင် အရိန္ဒမာယာဉ်မောင်းကို အမှုဖွင့်၍ စုံစမ်းပြီး ဖမ်းဆီးရန် ကြံနေသူများပင် ဖြစ်၏ဟု ဆိုရမည်။ အရိန္ဒမာယာဉ်မောင်းသည် ထွက်ပြေးရန်လည်း မလိုသလို အဖမ်းခံရရန်လည်းအကြောင်းမရှိ၊အမှုခံရရန်လည်း အကြောင်းမမြင်ဟု ကျွန်တော် မြင်၏။

အဝေးပြေးလမ်းမကြီးများ အားလုံးတွင် ထင်ထင်ရှားရှားရေးသားလေ့ရှိသော ဆိုင်းဘုတ်တစ်ခုရှိ၏။ 'ဘာကြောင့်ရပ်ရပ် လမ်းဘေးချရပ်' ဟူသော စာပင်ဖြစ်၏။

ကျေးဇူးရှင် ယာဉ်မောင်းအနေဖြင့် လမ်းဘေးသို့ လုံးဝချပြီးရပ်မထားသည်မှာ အဓိက အပြစ်ဖြစ်၏။ မိုးရွာနေ၍ လမ်းဘေး မြေပျော့သောကြောင့် ချမရပ်ပါဟူ၍ ဆင်ခြေပေးခွင့်မရှိ။ စနစ်တကျကို လမ်းဘေးချရပ်ရမည်ပင်။ စက်ပျက်သွား၍ လမ်းဘေး ရောက်အောင်ချပြီး မမောင်းနိုင်တော့လျှင်လည်း ခရီးသည်အမြောက်အမြားပါသော ကားဖြစ်၍ ခရီးသည်များအား အကူအညီတောင်းကာ လမ်းဘေးသို့ ကားကိုရောက်အောင်ချပြီး ရပ်သင့်၏။

အချက်ပြမီးပြထားရုံဖြင့် မပြည့်စုံပါ။ ပြုပြင်နေသောကား၏ အနောက်ဘက်ကိုက်မည်မျှအကွာအဝေးတွင် ကားပြုပြင်နေကြောင်း ထင်ရှားသည့်အမှတ်အသားပြထားရမည်ဆိုသောဥပဒေသည် အချက်ပြမီး ပြထားရုံဖြင့် လမ်းပေါ်တက်ပြီး ကားပြင်ရန် မလုံလောက်ကြောင်း ပြသော ဥပဒေ ဖြစ်၏။

မိမိတို့ ပြဋ္ဌာန်းထားသောဥပဒေကို မိမိတို့မှ လေးစားလိုက်နာပြီး အမှန်တရားဘက် ရဲရဲမရပ်တည်ဘဲ အရိန္ဒမာယာဉ်မောင်းကို လိုက်လံဖမ်းဆီးနေမည်ဆိုပါက နောက်နောင်တွင် မည်သည့်ယာဉ်မောင်းမှ 'ဘာကြောင့်ရပ်ရပ် လမ်းဘေးချရပ်' ဟူသော ဥပဒေကိုလေးစားခြင်းရှိကြတော့မည် မဟုတ်မူဘဲ လမ်းပေါ်တွင်သာ ကားများရပ်ကြပြီး သေဆုံးမှုပေါင်းများစွာ ထပ်မံကြုံတွေ့လာရပေတော့မည်။

ဒါဆိုလျှင် အများပြည်သူက ပြောလာကြပေတော့မည်။ သည်လိုမျိုးတွေဖြစ်ရတာဟာ ကျေးဇူးရှင်ကိုပြစ်မှားမိ၍(တိုက်မိ၍) အရိန္ဒမာ အဖမ်းခံရသည်မှအစပြုပြီး စည်းကမ်းပျက်မှုများ ပေါ်ပေါက်လာရပါသည်ဆိုလျှင် တာဝန်ရှိသူများ မည်သို့ဆက်လက်ဖြေရှင်းကြပါမည်နည်း။ ကိုယ်ပြဋ္ဌာန်းထားသောဥပဒေကို ကိုယ်တိုင်ပြန်ပြီး လေးစားလိုက်နာနိုင်ကြပါစေလို့ ကိုမိုး ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ကိုမိုး
(၈-၁၀-၂၀၁၈)

# ဦးနှောက် ရုတ်တရက်အတိုက်ခံရခြင်း၊ သတိလစ်ခြင်း

စာမျက်နှာ ၂၆ မှ အဆက်

ရက်အလွန်အကျွံသောက်ခြင်း၊ ကလေးများတက်ခြင်း၊ ဆီးချိုရောဂါ၊ အသည်းလုပ်ငန်းပျက်စီးခြင်း၊ သွေးအတွင်း ယူရီးယားများခြင်းနှင့် စိတ်အလိုမပြည့်ရောဂါကြောင့် သတိလစ်တတ်တယ်။ ဆီးချိုများခြင်း(သို့)ဆီးချိုကုသဆေး အင်ဆူလင်အထိုးလွန်လျှင် သတိလစ်မေ့မြောတယ်။

နှလုံးကို သွေးပို့တဲ့ သွေးကြောတွေ ကျဉ်းမြောင်းခြင်း၊ သွေးခဲပိတ်ဆို့ခြင်း၊ နှလုံးသို့ သွေးအရောက်နည်းခြင်း၊ နှလုံးတွင်ပြင်းထန်စွာ ထိခိုက်မှုဖြစ်ခြင်းများကြောင့် ရုတ်တရက်သတိလစ်တတ်တယ်။ အစာအာဟာရချို့တဲ့လို့ အလွန်အားနည်းရင် မူးမေ့သတိလစ်တတ်တယ်။

## အသက်ရှူပိတ်သတိလစ်ခြင်း

အရာဝတ္ထုတစ်ခုခုဝင်ပြီး လေပြွန်ချောင်းပိတ်ခြင်း၊ အစာနင်ခြင်း၊ မေးရိုးကျိုးခြင်းကြောင့် သွေးထွက်ပြီး သွေးတွေနဲ့ လည်ချောင်းပိတ်ဆို့ခြင်း၊ လေပြွန်ချောင်း ပိပြားခြင်း၊ မီးလောင်ခံရခြင်း၊ အပူလောင်ခြင်း၊ လည်ချောင်းတွင်း ရောဂါတွေကြောင့် အသက်ရှူပိတ်မေ့မြောသွားတယ်။

အဆိပ်တွေကြောင့် အသက်ရှူခြင်းနဲ့ဆိုင်တဲ့ ကြွက်သားတောင့်တင်းခြင်း၊ မေးခိုင်ရောဂါ၊ အာရုံကြောနှင့်ဆိုင်တဲ့ရောဂါများကြောင့် အသက်ရှူကြွက်သား အားနည်းခြင်း၊ ဂိုလီယိုအကြောသေရောဂါ၊ ရင်ဘတ်ဖိညှစ်ခံရခြင်း၊ ဥပမာ မြေပြိုခြင်း၊ လူအုပ်တွင်းညပ်ခြင်း၊ ဓာတ်လိုက်ခြင်း၊ မိုးကြိုးပစ်ခံရခြင်း၊ တောင်တက်သူများ၊ ရေငုပ်သူတွေ အသက်ရှူကျပ်ကာ မေ့တတ်သည်။

အဆိပ်သင့်ခြင်းမှာ အဆုတ်အတွင်း အဆိပ်ဖြစ်စေတဲ့ ဓာတ်ငွေ့များ ရှူမိခြင်း၊ ဘိန်းဖြူအထိုးလွန်ခြင်းစသည်တို့ဖြစ်တယ်။

## ကြိုတင်ကာကွယ်

ရေနစ်ခြင်း၊ မွန်းခြင်း၊ ဓာတ်လိုက်ခြင်း၊ လေပြွန်ပိတ်ဆို့ခြင်း မဖြစ်သင့်ပါ။

## ကုသခြင်း



လူတစ်ဦးသတိလစ်သွားရင် အသက်ရှူနိုင်ဖို့ကြိုးစားရမယ်။ အဆိပ်သင့်ခြင်းဖြစ် မဖြစ် စစ်ဆေးရမယ်။ ရေနစ်ခြင်း၊ မွန်းခြင်း၊ ဓာတ်လိုက်ခြင်း၊ သတိလစ်မေ့မြောခြင်းတို့ဖြစ်ပါက ဆေးကုသရမယ်။

သတိမေ့မြောရင် လေကောင်းလေသန့်ရအောင် ဂရုစိုက်ရမယ်။ အသက်အန္တရာယ်ရှိတဲ့ ဓာတ်ကြိုးစသဖြင့် ဖယ်ရှားရမယ်။ သတ္တဝါတစ်ကောင်ကောင် ကိုက်ခံရပါက မြွေကိုက်ခံရရင် ဆေးထိုးရမည်။ သတိရပါက ဆေးရုံပြသရမယ်။ အသက်ရှူလမ်းကြောင်း ပွင့်အောင် လုပ်ရပါတယ်။ သွားတုနှင့် အန်ဖတ်တွေ ဖယ်ရှားရမယ်။ သွေးလည်ပတ်မှုရှိရမည်။ လိုအပ်သည့်သွေး၊ သတ္တုဓာတ်သွင်းခြင်း၊ ရေဓာတ် ဂလူးကို့စ်သွင်းခြင်းဖြင့် ကုသနိုင်တယ်။ ရောဂါပိုးမွှားများအတွက် ပိုးသတ်ဆေးပေးနိုင်တယ်။ ဆီး၊ ဝမ်း၊ သွေးခုန်နှုန်းနှင့် အပူချိန်မှတ်သားရမယ်။ သတိမေ့မြောသူအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လိုအပ်မှာဖြစ်ပြီး အသက်အန္တရာယ် စိုးရိမ်ရပါသောကြောင့် အလေးထားစောင့်ရှောက်ကုသသင့်သော ရောဂါဖြစ်ပါတယ်။

ဒေါက်တာလွင်သန့်

www.free4readers.com







# ခေတ်မီသွားတဲ့ သည်အဘိုး

ဒေါက်တာဝင်းသိန်း

အဖေ ဟိုတစ်နေ့က နေမကောင်းဘူး ဆို (သားကြီးက)။ သားကြီးက တစ်တိုင်း တစ်ပြည်မှာ နေတာပါ။ အဖေနဲ့က တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါလောက်မှာမှ မက်ဆင်ဂျာပေါ်မှာ စကားပြောဖြစ်ကြတာ ပါ။ အေးကွ ငါတော့ (seasonal rhinitis) ရာသီပြောင်း နှာစေးချောင်းဆိုးရတာလား၊ ဖလူး (flu)တုပ်ကွေးရလားသိဘူး၊ ခုတော့ သက်သာပါပြီ။ သည်လိုဆို ဖေဖေ ခေတ်မီ သွားပြီ။ (သားကြီးက) ခပ်လှောင်လှောင် လေး မှတ်ချက်ပေးပါတယ်။

## ဆီစင်နယ်ဖလူး

ဆီစင်နယ်ဖလူးအကြောင်း မပြောခင် သည်အဘိုး ဘယ်လို ခေတ်မီသွားတယ် ဆိုတဲ့အကြောင်း ရှင်းပြဖို့ ဗိုင်းရပ်စ် (virus) အကောင်လေးတွေအကြောင်း အရင် ပြောရမှာပါ။ သည်အကောင်လေးတွေက သက်ရှိထဲမှာတော့ အငယ်ဆုံးပါပဲတဲ့။ သူ တို့ကို သည်အဘိုးတို့က အဏုမြူ မှန် ပြောင်း (အဏုကြည့် မှန်ဘီလူးမဟုတ်) အောက်မှာမှ အကောင်အထည်အဖြစ် မြင် နိုင်ပါတယ်တဲ့။ သက်ရှိထဲမှာ အငယ်ဆုံးလို့ ပြောကြတဲ့ ဘက်တီးရီးယားပိုးထက် ငယ် တယ်။

ဗိုင်းရပ်စ်တွေ ဘယ်နှမျိုးလောက် ရှိ သလဲ။ အမျိုးအများကြီးပါပဲ။ ဗိုင်းရပ်စ်တွေ က လူကိုဒုက္ခ (ရောဂါ) ပေးတတ်သလား။ ပေးတတ်တယ်။ ဒါပေမဲ့ အချို့ပါ။ သည်ထဲ မှာလူသိများတာက ကျောက်ကြီးဗိုင်းရပ်စ်၊ ပိုလီယိုဗိုင်းရပ်စ်၊ ဟို အိတ်ချ်အိုင်ဗီ ဗိုင်း ရပ်စ်၊ ထားပါတော့။ သည်အထဲမှာမှ နှစ် တိုင်းလိုလို ရာသီပြောင်း နှာစေးချောင်း ဆိုးပေးတဲ့ ဗိုင်းရပ်စ်အကြောင်း ခုဟာက ပြောရမှာပါ။

ဗိုင်းရပ်စ်ရဲ့ ကိုယ်ထည်ထဲမှာ ဇီဝအစိုင် အခဲ (inclusions) လေးတွေရှိတယ်။ ဗိုင်း ရပ်စ်တိုင်းရဲ့ ဇီဝအခဲလေးတွေက အမြဲ တည်ဆောက်ပုံ ပြောင်းလဲကြတာပါပဲ။ တစ်ခါတစ်ခါမှ၊ အကြာကြီးနေမှ၊ အ ကြောင်းတိုက်ဆိုင်မှ ပြောင်းလဲကြပါ တယ်။ ဒါပေမဲ့ဒါပေမဲ့ ပြောခဲ့တဲ့ ရာသီ ပြောင်း နှာစေးချောင်းဆိုးရောဂါ၊ အ ထူးသဖြင့် ရာသီပြောင်း တုပ်ကွေး ရောဂါကို ပေးတတ်တဲ့ ဗိုင်းရပ်စ်ကတော့ ဆောင်းရာသီစပြီဆို သူ့ထဲက ဇီဝအစိုင် အခဲလေးတွေကို မူရင်းတည်ဆောက်ပုံ ကနေ နောက်တစ်မျိုး ဆောင်းရာသီ စတိုင်း စတိုင်း ပြောင်းတည်ဆောက်ပါ သတဲ့။

သူ ပြောင်းချင်တိုင်း ပြောင်းတာက ကိစ္စမရှိပါဘူး။ ကိစ္စရှိတာက သည်အဘိုး တို့ တုပ်ကွေးရောဂါကာကွယ်ဆေးမှာ ကိစ္စ ရှိလာပါတယ်။ ဟိုနှစ်က ထုတ်ထားတဲ့ ကာ ကွယ်ဆေးက သည်နှစ် ပြောင်းဖြစ်လာတဲ့ ဗိုင်းရပ်စ်အသစ်ကို မနှိမ်နင်းနိုင်ဘူး။ သည် နှစ် ဗိုင်းရပ်စ်အတွက် ဆေးအသစ် လို တယ်။ အသစ်ထပ်ထုတ်ရပါတယ်။

ရာသီပြောင်းတုပ်ကွေးက ကမ္ဘာ့အရှေ့ ဘက်မှာ စပြီး အနောက်ဘက်ကို တဖြည်း ဖြည်း ရွေ့တယ် (ကမ္ဘာကြီးက အနောက် ကနေ အရှေ့ကို လည်နေတာကိုး။ ကမ္ဘာ့ ရာသီဥတုက အရှေ့ကနေ အနောက်ကို ရွေ့သွားတာကိုး)။ သည်တော့ ရာသီပြောင်း တုပ်ကွေး ကမ္ဘာ့ရှေ့ဘက်မှာ ဖြစ်ပြီဆို တုပ် ကွေးဖြစ်နေတဲ့နေရာက တုပ်ကွေးရောဂါ ပိုးကိုယူ (ဘယ်လိုယူကို ပြောရန်နေရာ မဟုတ်ပါသဖြင့် အသေးစိတ်မပြောတော့ ပါ) တုပ်ကွေးရောဂါ ကာကွယ်ဆေးထုတ် တဲ့ နေရာတွေကိုပို့၊ ကာကွယ်ဆေးတွေ ထုတ်တယ်။ အဲသည် ကာကွယ်ဆေးတွေ နဲ့ ကမ္ဘာ့အနောက်ဘက်ကလူတွေ တုပ် ကွေး မဖြစ်သေးတဲ့ နေရာကလူတွေ သည် နှစ်အတွက် လာမယ့် တုပ်ကွေးကို မဖြစ် အောင် ကြိုထိုးကြပါတယ် (အများ နား လည်တာက ဖလူးရှော့–flu shot) လို့ပါ)။

သည်အဘိုး သားကြီး လှောင်တဲ့(ပြော တဲ့) သည်အဘိုးခေတ်မီတယ်ဆိုတာ ခု တော့ ပေါ်ပြီလို့ ထင်ပါတယ်။ ဘယ်သူမှ မဖြစ်သေးတဲ့ သည်နှစ်အတွက် ရာသီ ပြောင်း နှာစေးချောင်းဆိုး သည်အဘိုး စ ရလိုက်တယ်လေ။ သည်အဘိုးက အား လုံးထက် ရာသီပြောင်းနှာစေးချောင်းဆိုး ရသူ သည်နှစ်မှာ အစောဆုံး ခေတ်မီသူ ပေါ့ (ဦးဦးဖျားဖျား ထိပေါက်တာခေါ်တယ်)။

## နှာတယ်၊ ယိုတယ်၊ ကိုက်တယ်၊ နုန်းတယ်

သည်အဘိုး အိပ်ရာက လန့်နိုးတော့ အာခေါင်ထဲ အရမ်းနာနေတယ်။ အာခေါင် နာတာထက် အဘိုးကြီးတွေရဲ့ တစ်ရေးနိုး ဒုက္ခကို ပို အရင်အလေးပေးရတာဆို တော့ (ဆီးအိမ်တောင့်နေလေတော့) အ ပေါ့ ထသွားတယ်။ အယ် နှာရည်လည်း တောက်တောက်ယိုသဟဲ့။ ခေါင်းမကိုက် သေးဘူး။ မဖျားသေးဘူး။ အယ် ကိုယ် လက်လည်း မကိုက်ဘူး။ မအီမသာတော့ ဖြစ်နေပြီ။ ငါ ရေနွေးများများ သောက်ရ မယ်။ ဆားနဲ့ ရေနွေးကြမ်းနဲ့ ပလုတ်ကျင်း ရမယ်။ နေပါဦး။ ဘယ်နှနာရီတုံး။ ည ၁၁း၀၀ နာရီသာသာလေးပါလား။ ခက်ပြီ။ ညက သိပ် (ကဗျာဆန်ဆန်ပြောရရင် နုပျို သေးတယ်။ ဟုတ်ပါဘူး) စောသေးတယ်။ ရေနွေးကြမ်း များများသောက်ရရင်တော့ သေးများများ ထထပေါက်ပြီး သည်တစ် ညတော့ (သည်အဘိုးဘဝ) ဘယ် သက် သာတော့မလဲ။ အယ် တတ်နိုင်ဘူး။ လည်ချောင်းက နာနေတာကိုး။

တကယ် ဇာတ်လမ်းစတာက နှာ ခေါင်း။ သည်အဘိုးမှာက ရာသီပြောင်း တိုင်း နှာခေါင်းရောင်တတ်တယ်။ ပန်းဝတ် မှုန်တွေ၊ ဖုန်တွေ၊ အို လေနဲ့မတည့်လို့ နှာ ခေါင်းရောင်တယ်။ ရောင်တော့ နှာရည်ယို တာပေါ့။ ယိုတဲ့ နှာရည် အာခေါင်နောက် ကနေ လည်ချောင်းထဲကျတော့၊ တစ်စက် စက် ကျနေတော့ လည်ချောင်းရောင်တော့ တာပေါ့။ လည်ချောင်းရောင်တော့ လည် ချောင်းနာတာပေါ့။

နေပါဦး အနာသက်သာအောင် ငုံဆေး ငုံမယ် (ငယ်ငယ်က ငုံရတဲ့ မော်လမြိုင် ဦး ရွှေမှူးလျှာပွတ်ငုံဆေး သတိရလိုက်တာ)။ ပါရာ (ပါရာစီတမော)လည်း သောက်မယ်။ နှာရည်တောက်တောက်ကျနေတယ်လေ။ ဘာမီတွန်။ စီဗစ် (ဘီပီအိုင်) သုံးပြား လောက် ပါးစပ်ထဲ ပစ်ထည့်လိုက်တယ်။ (သည်ခေတ် ဘီပီအိုင် ကိုးတက်ဘလက် ရှာရသေးလား သိဘူးနော်)။ ရေနွေးကို ကြိုးစားသောက်၊ လဖက်ရည်ကြမ်းထဲ ဆားခတ် ငုံထွေး၊ လည်ချောင်းထဲ ပွထလာ တဲ့ သလိပ်တွေနဲ့ တံတွေးစေးတွေကို အန် တုတ် ထွေးထုတ်နဲ့ တစ်ညကုန်သွားပါ တယ်။

ညက မအိပ်ရလို့၊ နှာခေါင်းက ရောင် နေတာမို့၊ လည်ချောင်းက (ရောင်လို့) နာ နေတာမို့ လူက မကြည် နောက်နေတယ်။ ဒါပေမဲ့ လက်က မနေဘူးလေ။ မက်ဆင် ဂျာပေါ်တက် အမျိုးတွေထဲက နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုတွေဆီ အစီရင်ခံ တယ် (ကြွားတာ ကြွားတာ)။ သည်အတိုင်း ဆက်လုပ် (သမားရင့်က)။ အထူးမလိုသေး ဘူးထင်တယ်(သမားအလယ်အလတ်က)။ ဘာဘ ကနော် နှာခေါင်းပုံစံ ပုံမှန်မဟုတ်ဘူး လို့ (ဟိုပရော်ဖက်ဆာကြီးက) မှတ်ချက် ပေးဖူးတယ်။ သည်တော့ (သမားလိတ် တက်က) ......။ ကဲပါ ကဲပါ ငါ့ဘာသာငါ ဖြစ်လာတဲ့အတိုင်း လုပ်ပါမယ်။ ဗိုင်းဆိုင်း မတီးပါနဲ့။ နင်တို့ ဆိုင်းသံအတိုင်း ငါ လိုက်မကတတ်ဘူးနဲ့ မက်ဆင်ဂျာကို ဖြုတ်လိုက် တယ်(အလကားပြောတာ၊ သမားရင့်စကား ကို နားထောင်တာပေါ့)။

နောက်တစ်ရက်မှာတော့ သည်အဘိုး လုပ်တာ မှန်ပုံပေါက်တယ်။ ခေါင်းကြည် လာတယ်။ လည်ချောင်းမနာတော့ဘူး (ဒါပေမဲ့ အရည်တော့ မကြာခဏသောက် ရတော့တာပေါ့)။ လည်ချောင်းထဲက ဂဲဂဲ လည်း ကျသွားပြီ။ ဟူး ရာသီပြောင်းနှာစေး ချောင်းဆိုးလေးပါကွယ်။ တစ်ပတ်ဆို ဒေါင် ဒေါင်မြည်ပြီပေါ့။ တကယ်လို့များ သည် အဘိုး ရာသီပြောင်း နှာစေးချောင်းဆိုး ထက် တုပ်ကွေးဖြစ်ရင် ရောဂါလက္ခဏာ တွေက သည်ထက်ပြင်းမယ်။ ပထမ ၂၄ နာရီပြည့်ပြီးကတည်းက သူ့ထက်ကဲ ရွှေ ပြည်စိုးလက္ခဏာတွေ လာပြီပေါ့။ ကိုက် တယ် ခဲတယ်၊ ခေါင်းအုံတယ်၊ ဖျားတယ် လို့ လာမှာပါ။ ချောင်းတွေလည်း တအား ဆိုးပါတယ်။ ခံလိုက်ဦး တစ်ပတ်လောက်။ လက်ကျန်ချောင်းဆို နှစ်ပတ်သုံးပတ် အ သာကလေးပေါ့။ ဒါတောင် ကျန်းမာတဲ့ လူငယ်လူလတ်ပေါ့။ အသက်ကလည်း ကြီးပြီ၊ ရောဂါလက်ခံကလည်းရှိ ဆိုရင် တော့ လွယ်ဘူးဟေ့လို့ ပြောရတော့မှာပါ။

## ရာသီပြောင်း တုပ်ကွေး

တုပ်ကွေးကြောင့် အဆုတ်နဲ့ လေပြွန် တွေရောင်၊ ဆေးအခေါ် upper respiratory tract infection=URTI ရတတ် ပါတယ်။ ဒါဆိုရင်တော့ ဆရာဝန်နဲ့ သေ သေချာချာ ကို ဆေးအကုခံရမယ်။ လိုအပ် ရင် ဆေးရုံ တက်ရမယ်။ အဲသည်လိုဆိုရင် သည်အဘိုးတို့ အသက်ဆို ဘယ်လွယ် မလဲ (ငယ်သူ တွေလည်း မနည်းခံရပါ တယ်)။

သည်လို ရာသီပြောင်း နှာစေးချောင်း ဆိုး၊ အထူးသဖြင့် ရာသီပြောင်းတုပ်ကွေး မခံစားရအောင် သည်အဘိုးတို့ လုပ်မရ ဘူးလား။ ကြိုကာလို့ရတယ်။

တယ်လီဖုန်းကလာတယ်။ သမီး ဆေး ရုံက။ ခုမှ သည်အဘိုး သည်ဘွားတို့ သမီး ဆီ အလည်ရောက်နေတာ အိပ်ချင်မူးတူးနဲ့ စဉ်းစားမိသွားတယ်။ ဖေဖေ၊ သမီး သည်က ဂျူတီပြီးပြီးချင်း လာခေါ်မယ်၊ မေမေ့ကို အ သင့်ပြင်ထားခိုင်းပါ၊ ဘွတ်ကင်တော့ လုပ် ထားပြီးပြီ၊ ဒါပေမဲ့ သူတို့ဆေးရုံက (ဘယ်န နာရီ) ပိတ်တာဆိုတော့ သမီးတို့ နောက် ကျရင် သူတို့က စောင့်မှာ မဟုတ်ဘူး (သမီးက)။ နေပါဦး နေပါဦး။ ဘာလုပ်ဖို့လဲ (သည်အဘိုးက)။ ဖေဖေတို့ flu shot ထိုးရ မယ်။ ဖုန်းချသွားလေရဲ့။

ဟိုမှာက flu season မလာခင် flu shot ကို လူတိုင်းလိုလိုကို ထိုးကြပါတယ်။ အထူးသဖြင့် အသက်ကြီးသူတွေ၊ ရောဂါ အခံရှိသူတွေ ထိုးကြပါတယ်။ flu shot ထိုး flu မဖြစ်ဘူးလား။ လုံးဝဥဿုံတော့ မှန်ပါ ဘူးတဲ့။ ဒါပေမဲ့ ရာနှုန်းပြည့်နီးပါး ကာကွယ် မှုပေးပါသတဲ့။ Flu shot မတည့်သူရှိ လား။ ရှားပါတယ်။ မတည့်လည်း အပျော့ စားလောက်လို့ ပြောရပါမယ်တဲ့။ ဟိုမှာ က လာပါ၊ အားလုံးကို အလကားထိုး ပေးနေပါ တယ် (သည်အဘိုးတို့လို ဧည့်သည်များ ပိုက်ဆံပေးရပါသည်)။ ကာကွယ်ဆေးလေး ထိုးရုံဖြင့် အပို နှာ စေးချောင်းဆိုးဆေးတွေ မကုန်၊ လူကြီး တွေ နမိုးနီးယား မဖြစ်၊ ဆေးရုံမတင်ရ၊ အင်မတန် ပြည်သူ့ကျန်းမာရေးအတွက် (ဖလူးရှော့လေးက) တွက်ခြေကိုက်ပါ သတဲ့။ သူတို့စဉ်းစားပုံက ကောင်းလိုက် တာလို့ ချီးကျူးရမှာပါ။ သည်လိုဆို သည် မှာ...။

ဖလူးရှော့ မထိုးမိတဲ့ သည်အဘိုး...။

ဒေါက်တာဝင်းသိန်း

(၃–၁၀–၂၀၁၈)

www.free4readers.com



# ဆောင်းမှာတွေ့သော မိန်းကလေးနှင့်

မောင်မိုးသူ



ဒဂုန်ရုပ်ရှင်အတွက် မှုန်နံ့သာ ခြယ်ကာသပါလို့ ဇာတ်ကား ရိုက်ကူးနေစဉ်အတွင်း နောက်ထပ်ဇာတ်လမ်းတစ်ပုဒ် ဒဂုန်ရုပ်ရှင်အတွက် တင်ပြဖို့ ဖြစ်လာပါတယ်။ မှုန်နံ့သာဇာတ်ကားအတွက် တေးဂီတမှူးတာဝန်ယူထားတဲ့ စန္ဒရားလှထွတ်နဲ့ မောင်မိုးသူတို့ အရမ်းအရမ်း တွဲမိသွားကြတာပေါ့။ နေ့စဉ်နေ့တိုင်း မြို့ထဲက မုတ်ဆိတ်လက်ဖက်ရည်ဆိုင်မှာဆုံပြီး ရောက်နေကြတဲ့ ရုပ်ရှင်မင်းသားကြီးဦးမြတ်လေး၊ ကိုသန်းကြွယ်တို့နဲ့အတူ လက်ဖက်ရည်ဆိုင်ကအပြန် ပုဂံတေးသံသွင်းမှာ ဗီဒီယိုဇာတ်လမ်းများကို ငှားရမ်းပြီး သူတို့သုံးယောက်နဲ့အတူ မောင်မိုးသူ တို့ ၃၁ လမ်းအိမ်မှာ အမြဲဗီဒီယိုကြည့်ဖြစ်တဲ့ အဆင့်လည်း ရောက်လာပါတယ်။

စန္ဒရားလှထွတ်နဲ့ မောင်မိုးသူတို့ နှစ်ယောက်စလုံး အင်္ဂလိပ်ဝတ္ထုစာအုပ်များကို ဖတ်ရှုရန် ဝါသနာကြီးတဲ့သူများပါပဲ။ ဝါသနာကြီးလိုက်ပုံကတော့ တိုင်းမ်မဂ္ဂဇင်းထဲမှာ အရောင်းရဆုံး စာအုပ် ၁၀ အုပ် စာရင်းထဲမှာပါတဲ့ ဝတ္ထုငါးအုပ်ကို မရမကရှာဖွေဖတ်ရှုကြတဲ့အဆင့် ရောက်လာပါတယ်။ စန္ဒရားလှထွတ်မှာ ဂီတပညာ ထူးချွန်တာကတော့ ပြောစရာမရှိပေမဲ့ စာဖတ် ဝါသနာကြီးပုံ၊ စာရေးဝါသနာကြီးပုံကိုတော့ လူသိပ်မသိကြပါဘူး။

မောင်မိုးသူနဲ့ စန္ဒရားလှထွတ်တို့ အရမ်းအရမ်းကို တွဲမိကြတဲ့အကြောင်းကတော့ စန္ဒရားလှထွတ်ရဲ့ စာဖတ်ဝါသနာကြီးမှု၊ စာရေးဝါသနာကြီးမှုတို့ဟာ အဓိကအကြောင်းရင်း ဖြစ်ပါတယ်။ မှုန်နံ့သာမှာ အတူရေးကြ၊ အတူရိုက်ကြ၊ အတူ ဂီတဖွဲ့စည်းခဲ့ပြီးတဲ့နောက် နောက်တစ်ကား ဇာတ်လမ်းတင်ဖို့ကိစ္စကို မောင်မိုးသူနဲ့ စန္ဒရားလှထွတ်တို့ တိုင်ပင်ပြီး ကာဆယ်ဂဲဒတ်ဝတ္ထုကို မြန်မာလို မှိုင်းဖို့ သဘောတူ ဆုံးဖြတ်ကြပါတယ်။

အဲသည်ဝတ္ထုဟာ ဂဲဒတ်ဆိုတဲ့ ရဲတိုက်ကြီးကို အမွေဆက်ခံရမယ့်အမျိုးသမီးကို ဟန်ဆောင်ခိုင်းဖို့ စီစဉ်ရာမှာ ၎င်းအမျိုးလေးဟာ တကယ်ပဲ အမွေဆက်ခံသူဖြစ်နေပြီး အမွေဆက်ခံရရှိပြန်သော်လည်း အထင်နဲ့အမြင် အလွဲကြီးလွဲပြီး အကြွေးတွေပဲ ရရှိကြတဲ့ သရော်ချက်ကောင်းလှတဲ့ ဝတ္ထုတစ်ပုဒ်ဖြစ်တာကြောင့် မောင်မိုးသူနဲ့ စန္ဒရားလှထွတ်တို့ ကြိုက်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲသည်ဝတ္ထုကိုဆောင်းမှာတွေ့သော မိန်းကလေးလို့ အမည်ပေးခဲ့တာလည်း ကိုလှထွတ်ပါပဲ။ မူရင်းဝတ္ထုကို မြန်မာမှုပြုပြီး မေမြို့ကို ဇာတ်အိမ်တည်ပြီး ဇာတ်လမ်း ဇာတ်ညွှန်းရေးသားရာမှာလည်း စန္ဒရားလှထွတ်က အဓိကရေးသားခဲ့သူပါ။ ဇာတ်လမ်းကို စိစစ်ရေးတင်ပြစဉ် ဇာတ်လမ်းအကျဉ်းချုပ်နဲ့ အခန်းစဉ်ကို မောင်မိုးသူကိုယ်တိုင် ရေးသားတင်ပြခဲ့ပါတယ်။ တကယ့်တကယ် ရိုက်ကူးသည့် ဇာတ်ညွှန်းအများစုကို စန္ဒရားလှထွတ်က ရေးခဲ့ခြင်း ဖြစ်ပါတယ်။ သူ ရေးစဉ်မှာလည်း အတူတိုင်ပင်ပြီး ရေးတာဖြစ်လေတော့ မောင်မိုးသူလည်း တော်တော်များများ ပါပါတယ်။

ဆောင်းမှာတွေ့သော မိန်းကလေး ဇာတ်ကားကို မင်းသားအဖြစ် မောင်ညွှန့်ဝင်း၊ မင်းသမီးအဖြစ် တင်တင်ညိုတို့ ပါဝင်ရိုက်ကူးဖြစ်ပါတယ်။ သည်ဇာတ်ကားကို ဆောင်းတွင်းကြီးမှာပဲ ပြင်ဦးလွင် (ခေါ်) မေမြို့ကိုသွားပြီး မောင်မိုးသူ ရိုက်ကူးခဲ့ပါတယ်။ အလွန်ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုကတော့ မေမြို့မှာ နှင်းတွေဝေနေတဲ့ ရှုခင်းတွေကြားမှာ မင်းသားနဲ့မင်းသမီး အတူတွဲပြီး လျှောက်သွားတဲ့အခန်း ရိုက်ကူးဖြစ်ပါတယ်။

မောင်မိုးသူကအလွန်အေးတဲ့ဆောင်းတွင်းကြီးမှာ မင်းသားမင်းသမီးကို ၅း၀၀ နာရီမှာ ထစေပြီး ၅း၃၀ နာရီတွင် ရိုက်ကွင်းပေါ်ကို အရောက်လာစေပါတယ်။ မောင်ညွှန့်ဝင်း၊ တင်တင်ညိုတို့လည်း တကယ်ပဲ ၅း၃၀ နာရီမှာ ရိုက်ကွင်းပေါ်ကို ရောက်နေကြပါပြီ။ ကြိုရောက်နေကြတဲ့ မောင်မိုးသူနဲ့ စက်အဖွဲ့တို့က ရှုခင်းလှတဲ့ နေရာကို ရွေးချယ်ထားပြီး ကင်မရာကို အဆင်သင့်ဖြစ်နေစေပါတယ်။

မင်းသား မင်းသမီးတွေ ရောက်လာပြီဖြစ်သော်လည်း ပြဿနာက နှင်းကမကျဘူးခင်ဗျ။ မောင်မိုးသူလည်း ကြံရာမရဖြစ်ပြီး သစ်ရွက်ခြောက်တွေ မီးပုံရှို့၊ မီးခိုးငွေ့များကို နှင်းအသွင် ဖန်တီးပြီး တစ်ကတ်နှစ်ကတ် ရိုက်လိုက်မိပါတယ်။ အဲသည်အချိန်မှာပဲ အရှေ့အရပ် နေဝန်းပြူကာ နေရောင်အလင်းရခါမှ နှင်းမြူတို့ဆိုတာတွေ ထွက်လာတာကို မောင်မိုးသူ သိရပါတော့တယ်။ အဲသည်အချိန်ကျမှ တကယ်လှပတဲ့ နှင်းတွေဝေနေတဲ့ကြားက အဖြူရောင်ဝတ်စုံ ဆင်တူဝတ်ထားတဲ့ မောင်ညွှန့်ဝင်းနဲ့ တင်တင်ညိုတို့ လမ်းလျှောက်လာတဲ့အခန်းကို ရိုက်ကူးဖြစ်ပါတော့တယ်။

အဲသည် ရိုက်ကွင်းက အင်မတန်လှတဲ့ မြင်ကွင်းဖြစ်လေတော့ ဆောင်းမှာတွေ့သော မိန်းကလေးလို့ ခေါင်းစဉ်စာလုံး ဖော်ပြထားတဲ့ သီချင်းကို နောက်ခံအဖြစ် အသုံးပြုဖြစ်ပါတယ်။ မောင်မိုးသူနဲ့ စန္ဒရား လှထွတ်တို့က အင်္ဂလိပ်သီချင်းဖြစ်တဲ့ ဒူးအိုင်လဗ်ယူဆိုတဲ့ သီချင်းသံစဉ်ကို ရွေးချယ်ပြီး မြန်မာသီချင်းစာသားများကို စန္ဒရားလှထွတ်က ရေးသားတာပဲ ဖြစ်ပါတယ်။

အဲသည် သီချင်းသီဆိုမှုကို စန္ဒရားလှထွတ် သီဆိုဖို့ပြောတော့ သူ့အသံဟာ အသံလုံးကြီးပြီး မူရင်းသီချင်းရဲ့ အထွတ်အထိပ် အော်သံရောက်အောင် အော်ဆိုနိုင်ဖို့ မလွယ်ဘူးလို့ ငြင်းပါတယ်။ မောင်မိုးသူကလည်း တခြားသူဆိုတာကို လက်မခံဘူး။ သူဆိုမှဖြစ်မယ်လို့ အတင်းတိုက်တွန်းတော့ ကိုလှထွတ် ဆိုရပါတယ်။ သံပြိုင်အပိုဒ်တွေမှာတော့ နောက်ကဝိုင်းပြီး လိုက်ဆိုကြရတာပေါ့။

စန္ဒရားလှထွတ်ဟာ သီချင်းရေးသားရာမှာ စာသားရွေးချယ်မှုတင် ကောင်းတာမဟုတ်ပါဘူး။ ရုပ်ရှင်ဇာတ်ကားထဲက အချီအချစကားအပြောအဆိုတွေမှာလည်း အတော်ကောင်းမွန်တဲ့ စကားလုံးများကို ရွေးချယ်ရေးသားပေးခဲ့ပါတယ်။

> ‘ဆောင်းမှာတွေ့သော
> မိန်းကလေး ဇာတ်ကားဟာ မေမြို့ရဲ့
> လှပသော ရှုခင်းရှုကွက်များဖြင့်
> တန်ဆာဆင်ထားသောကြောင့် ကြည့်ရှုသူများအတွက်
> လှပချစ်စဖွယ်ကောင်း သော
> ဇာတ်ကားတစ်ကားသာဖြစ်ခဲ့ပြီး
> လျှို့ဝှက်သည်းဖိုဇာတ်ကားကောင်း
> တစ်ကားအဖြစ်တော့ ရောက်ရှိမသွားခဲ့ပါဘူး’

မူရင်းဇာတ်လမ်းရဲ့ သဘောအရတော့ ဆောင်းမှာတွေ့သော မိန်းကလေး တစ်ယောက်ကို ရဲတိုက်အမွေ ရရှိဖို့အတွက် နေစိုးက အန္တယ်တော်မင်းသမီးအဖြစ် ဖန်တီးပြီး အမွေတောင်းဖို့ကိစ္စ စီစဉ်ကြတာကိုး။ မင်းသမီးနဲ့ မင်းသား ပထမဦးဆုံးတွေ့ဆုံကြပုံကို ကိုလှထွတ်ပဲ ရေးတာဖြစ်ပါတယ်။ ဘိုင်ကျနေတဲ့ စာရေးဆရာ မင်းသားက ဥယျာဉ်ထဲမှာ ပက်လက် လှန်ပြီး သူ့ရဲ့ဝတ္ထုဇာတ်လမ်းထဲက အမျိုးသမီးဇာတ်ရုပ်ရဲ့နာမည်ကို အသံထွက်ရေရွတ်မိရာက အမည်တူ မင်းသမီးလေးက လာရောက် ရန်တွေ့ခြင်းဖြင့် သူတို့နှစ်ယောက် ဆုံတွေ့ကြတာ ဖြစ်ပါတယ်။

အဲသည်ဇာတ်ကားမှာ စန္ဒရားလှထွတ်နဲ့ မောင်မိုးသူတို့ (ပိုက်ဆံ) ငွေစက္ကူနဲ့ ပတ်သက်ပြီး တင်စားမှုတစ်ခု ဖော်ပြဖို့ သဘောတူခဲ့ကြပါတယ်။ အဲဒါကတော့ (ပိုက်ဆံ) ငွေစက္ကူဆိုတာ ကုန်ပစ္စည်းဖလှယ်ရာတွင် အသုံးပြုတဲ့ ကြားခံတစ်ခုဖြစ်တယ်ဆိုတဲ့ အယူအဆကို ဘိုင်ကျနေတဲ့ စာရေးဆရာ မင်းသားက ယုံကြည်နေရှာပါတယ်။ တကယ်တော့ သူကိုယ်တိုင်ကလည်း ဘိုင်ကျပြီး ကြားခံပစ္စည်းဖြစ်တဲ့ ငွေစက္ကူရဖို့ စာရေးနေရသူ ဖြစ်ပါတယ်။ ထိုနည်းတူ အန္တယ်တော် ရဲတိုက်ကြီးတစ်ခုရဲ့ အမွေဆက်ခံမှုရရှိဖို့အတွက် နေစိုးတို့အဖွဲ့က လည်း မင်းသမီးလေးကို ဝတ်စားဆင်ယင်ပုံတွေပြောင်း အန္တယ်တော်အဖြစ် ဟန်ဆောင်ခိုင်းတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။

ဘိုင်ကျတဲ့ စာရေးဆရာက ရိုးရိုးအရပ်သူ မိန်းကလေးကို ဝတ်စားဆင်ယင်မှုတွေ ပြောင်းလဲပြီး အန္တယ်တော်အဖြစ် ဟန်ဆောင်ခိုင်းနေတာကို သဘောမတူသလို မိန်းကလေးခမျာလည်း သဘောတူလှတယ် မဟုတ်ပါဘူး။ ငွေရေးကြေးရေးခက်ခဲလို့ ဝန်ဆောင်မှုလုပ်ပေးရတဲ့ ဇာတ်လမ်းပါ။

တကယ့်တကယ်က နေစိုးတို့ ဟန်ဆောင်ခိုင်းတဲ့ မိန်းကလေးဟာ တကယ့်အစစ်အမှန် အန္တယ်တော်မိန်းကလေး ဖြစ်နေပြီး ရဲတိုက်ကြီးရဲ့အမွေ ဆက်ခံရရှိပါတော့တယ်။ ရဲတိုက်ရဲ့အမွေကို ရရှိပုံက ငွေသားအကျိုးအမြတ်ကို ရရှိတာမဟုတ်ဘဲ ရဲတိုက်ကြီးအတွက် ပေးဆပ်ရမယ့် အခွန်အတုတ်များ အပါအဝင် အကြွေးတွေ ပိနေတဲ့ ရဲတိုက်ကြီးရဲ့ အမွေကိုပဲ ရရှိတာ ဖြစ်ပါတယ်။ နောက်ဆုံးခန်းမှာ အဲသည် ရဲတိုက်ဟောင်းကြီးအတွင်း ခိုအောင်းနေတဲ့ အံ့ကျော်နဲ့ လူဆိုးဂိုဏ်းကလည်း နေစိုးတို့ တင်တင်ညိုတို့က အမွေရတယ်ဆိုပြီး ဓားပြတိုက်ဖို့ ကြိုးစားကြတာနဲ့ အဆုံးသတ်ထားတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။

ဝတ္ထုတစ်ပုဒ်လုံးက သရော်တဲ့ ဝတ္ထုတစ်ပုဒ်ဖြစ်တာကြောင့် မောင်မိုးသူနဲ့ စန္ဒရား လှထွတ်တို့က နှစ်ခြိုက်ပြီး မြန်မာဇာတ်အိမ်တည် ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ ဆောင်းမှာတွေ့သောမိန်းကလေး ဇာတ်ကားဟာ မေမြို့ပြင်ဦးလွင်ရှိ အင်မတန် လှပတဲ့ ရိုက်ကွင်းရှုခင်းတွေ၊ မြင်ကွင်းတွေနဲ့ ဇာတ်ကားတစ်ကားဖြစ်ပါတယ်။ ဒါပေမဲ့ အရေးပါတဲ့ လှည့်ကွက်ဖြစ်တဲ့ ဘာမှမရှိတဲ့ အမွေကို လီဆယ်ဟန်ဆောင်ပြီး အမွေတောင်းခဲ့တဲ့ နေစိုးတို့အဖွဲ့က အကြွေးတွေကို အမွေအဖြစ် ရရှိခဲ့ကြတယ်။ အမွေရတယ်ဆိုပြီး ဓားပြတိုက်ဖို့ ကြိုးစားကြတဲ့ လူဆိုးဂိုဏ်းအဖွဲ့ကလည်း ရှိနေတဲ့ သရော်လှောင်ပြောင်တဲ့ ဇာတ်အိမ်တစ်ခု ဖြစ်ပါတယ်။

ဓားပြတွေနဲ့ မင်းသားနဲ့ ဖိုက်တင်ချတဲ့ အခါမှာ မင်းသား မောင်ညွှန့်ဝင်းဟာ အင်မတန်ကောင်းတဲ့ ဖိုက်တင်ခန်းတွေ ရိုက်ကူးလာတဲ့ မင်းသားဖြစ်သလို အံ့ကျော်ဟာလည်း အင်မတန်ကျော်ကြားတဲ့ လူကြမ်းသရုပ်ဆောင်တစ်ဦးဖြစ်ပေမဲ့ ဇာတ်အိမ်ဇာတ်လမ်းသဘောအရ သရော်လှောင်ပြောင်တဲ့ ဇာတ်လမ်းဖြစ်လေတော့ ဖိုက်တင်ရိုက်ကွက်များဟာ မောင်ညွှန့်ဝင်း၊ အံ့ကျော်တို့အတွက် လေးနက်မှုတွေမရှိဘဲ ပေါ့ပျက်ပြီး ဟာသဆန်တဲ့ ဖိုက်တင်ခန်းကိုပဲ ရိုက်ကူးခဲ့ပါတယ်။

ဆောင်းမှာတွေ့သော မိန်းကလေး ဇာတ်ကားဟာ မောင်ညွှန့်ဝင်းတို့၊ တင်တင်ညိုတို့ ပထမဆုံးတွဲဖက်ဇာတ်ကားဖြစ်ပြီး မေမြို့ရဲ့ လှပသော ရှုခင်းရှုကွက်များဖြင့် တန်ဆာဆင်ထားသောကြောင့် ကြည့်ရှုသူများအတွက် လှပချစ်စဖွယ်ကောင်းသော ဇာတ်ကားတစ်ကားသာဖြစ်ခဲ့ပြီး လျှို့ဝှက်သည်းဖိုဇာတ်ကားကောင်း တစ်ကားအဖြစ်တော့ ရောက်ရှိမသွားခဲ့ပါဘူး။

သည်ဆောင်းပါးကို ရေးသားစဉ်မှာ သူငယ်ချင်းဖြစ်တဲ့ စန္ဒရားလှထွတ်ကို အထူး သတိရမိပါတယ်။

ဆောင်းမှာတွေ့သော မိန်းကလေးနှင့် မောင်မိုးသူပါ။

မောင်မိုးသူ

www.free4readers.com



# ကမ္ဘာ့ဩဇာအညောင်းဆုံးနိုင်ငံကူးလက်မှတ်အဖြစ် ဂျပန်က စင်ကာပူကို ကျော်တက်

**အောက်တိုဘာ ၁၀** - Henley & Partners ရဲ့ ၂၀၁၈ ဟန်လေးနိုင်ငံကူးလက်မှတ်အညွှန်းကိန်းထုတ်ပြန်ချက်အရ ကမ္ဘာ့ဩဇာအညောင်းဆုံးနိုင်ငံကူးလက်မှတ်နေရာကို ဂျပန်က စင်ကာပူကိုကျော်ပြီး ထိပ်ဆုံးကိုရောက်ရှိခဲ့ကြောင်း အင်္ဂါနေ့သတင်းထုတ်ပြန်ချက်တစ်ခုမှာ ကြေညာခဲ့ပါတယ်။




အဆိုပါနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူအနေနဲ့ ဗီဇာမလိုဘဲ သွားနိုင်တဲ့နိုင်ငံအရေအတွက်ပေါ် မူတည်သတ်မှတ်တဲ့အဆင့် ဖြစ်ပါတယ်။

သည်လအစောပိုင်းမှာ မြန်မာနိုင်ငံကို ဗီဇာကင်းလွတ်ခွင့်ရရှိခဲ့ပြီးနောက်ပိုင်းမှာ ဂျပန်ဟာ ဗီဇာကင်းလွတ်နိုင်ငံ ၁၉၀ နဲ့ စင်ကာပူကို ကျော်ပြီး ပထမနေရာကို ရောက်ရှိခဲ့ပါတယ်။ စင်ကာပူကတော့ ၁၈၉ နိုင်ငံနဲ့ ဒုတိယနေရာမှာ ရပ်တည်လျက်ရှိပါတယ်။

ဖေဖော်ဝါရီလကစပြီး သည်နှစ်နိုင်ငံက ပထမနေရာမှာ ပူးတွဲရပ်နေခဲ့တယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

ဒုတိယနေရာမှာ ရှိခဲ့တဲ့ဂျာမနီအနေနဲ့ တတိယနေရာမှာ တောင်ကိုရီးယား၊ ပြင်သစ်တို့နဲ့အတူ ရပ်တည်ခဲ့ပြီး ဒိန်းမတ်၊ ဖင်လန်၊ အီတလီ၊ ဆွီဒင်နဲ့ စပိန်ကတော့ ကင်းလွတ်ခွင့် ၁၈၇ နိုင်ငံနဲ့ နံပါတ်လေးနေရာမှာ ပူးတွဲရပ်တည်ခဲ့ပါတယ်။

အမေရိကန်နဲ့ ဗြိတိန်ကတော့ နံပါတ်လေးနေရာကနေ ငါးနေရာကို လျှောကျခဲ့ပါတယ်။

အမေရိကန်နဲ့ ဗြိတိန်က ၂၀၁၅ ခုနှစ်မှာ နံပါတ်တစ်နေရာမှာ ရပ်တည်ခဲ့ပေမဲ့ ဂျပန်၊ စင်ကာပူနဲ့ တောင်ကိုရီးယားစတဲ့ အာရှနိုင်ငံတွေက တစ်ရှိန်ထိုးတက်လာကြတယ်လို့ ထုတ်ပြန်ချက်မှာ ပြောကြားခဲ့ပါတယ်။

အီရတ်နဲ့အာဖဂန်နစ္စတန်ကတော့ နိုင်ငံ ၃၀ ကင်းလွတ်ခွင့်နဲ့ အောက်ဆုံးမှာ နေရာယူထားပါတယ်။

ဟန်လေးနိုင်ငံကူးလက်မှတ်အညွှန်းကိန်းဟာ အဆိုပါနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူအနေနဲ့ ဗီဇာမလိုဘဲ သွားနိုင်တဲ့နိုင်ငံအရေအတွက် ပေါ်မူတည်ပြီး သတ်မှတ်ထားတဲ့နိုင်ငံအားလုံးရဲ့ အဆင့်တွေဖြစ်ပါတယ်။

ဗီဇာမူဝါဒနဲ့ ပတ်သက်ပြီး အပြောင်းအလဲရှိတဲ့အတွက် အညွှန်းကိန်းဟာလည်း အချိန်နဲ့တစ်ပြေးညီ ပြောင်းလဲသွားမှာဖြစ်တယ်လို့ Henley & Partners ကပြောကြားခဲ့ပါတယ်။

နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဖွဲ့နဲ့ ဌာနတွင်းသုတေသနကနေရရှိတဲ့ အချက်အလက်တွေပေါ်မူတည်ပြီး သတ်မှတ်ထားတာဖြစ်ပါတယ်။

> “မြန်မာနိုင်ငံကို ဗီဇာကင်းလွတ်ခွင့် ရရှိခဲ့ပြီးနောက်ပိုင်း ဂျပန်ဟာ ပထမနေရာကို ရောက်ရှိခဲ့ပါတယ်”

ပြီးခဲ့တဲ့နှစ် အောက်တိုဘာမှာထုတ်ပြန်ခဲ့တဲ့စာရင်းအရ စင်ကာပူဟာ ကမ္ဘာပေါ်မှာ ပြိုင်ဘက်မဲ့ တစ်ခုတည်းသော ဩဇာအညောင်းဆုံးနိုင်ငံကူးလက်မှတ်အဖြစ် ရပ်တည်ခဲ့ပါတယ်။ **နှင်းသန့်**

[ref: CNA, Oct 10, 2018.]

# ဂူးဂဲလ်က အက်ပဲလ်ကို စိန်ခေါ်တဲ့အနေနဲ့ Pixel ဖုန်းသစ် ထုတ်လုပ်

**အောက်တိုဘာ ၁၀**– အယ်လ်ဖာဘတ်လုပ်ငန်းရဲ့ ဂူးဂဲလ်ဟာ သူ့ရဲ့ Pixel စမတ်ဖုန်း တတိယမျိုးဆက်၊ မျက်နှာပြင်ပါတဲ့ Google Home စမတ်စပီကာနဲ့ သူ့ရဲ့ပထမဆုံး တက်ဘလက်ကွန်ပျူတာကို ပွဲထုတ်ခဲ့ပါတယ်။ ဒါဟာ ဂူးဂဲလ်က နောက်ကွယ်မှာ ရှိနေရာကနေ ဟာ့ဒ်ဝဲပိုင်းကို လှမ်းတက်လာတာဖြစ်ပါတယ်။

ကုမ္ပဏီရဲ့ အန်းဒရွိုက်ဆော့ဖ်ဝဲကို ကမ္ဘာ့စမတ်ဖုန်းအများစုမှာ အသုံးပြုနေပြီး လတ်တလောသုံးလပတ်မှာ ဂူးဂဲလ်ဟာ အမေဇုန်ဒေါ့ကွန်းကိုကျော်ပြီး စမတ်ဖုန်းရောင်းအားတိုးတက်ခဲ့ပါတယ်။

ဒါပေမဲ့ Pixel ဖုန်းတွေဟာ ချို့ယွင်းမှုတွေနဲ့ မိတ်ဆက်ခဲ့ရပြီး ဂူးဂဲလ်ရဲ့ နှစ်နှစ်ကြာကြိုးစားမှုအတွင်း ကမ္ဘာ့ဈေးကွက်ရဲ့ တစ်ရာခိုင်နှုန်းအောက်ကိုသာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း Strategy Analytics သုတေသနလုပ်ငန်းက ဆိုပါတယ်။

၇၉၉ ဒေါ်လာနဲ့ ရောင်းချတဲ့ Pixel 3 နဲ့ ၈၉၉ ဒေါ်လာနဲ့ ရောင်းချတဲ့ပိုကြီးတဲ့ Pixel 3 XL တို့ဟာ တစ်နေ့နေ့မှာအက်ပဲလ်ရဲ့ အိုင်ဖုန်းတွေလိုလူကြိုက်များလာလိမ့်မယ်လို့ ဂူးဂဲလ်က မျှော်လင့်ထားပါတယ်။

Pixel Slate တက်ဘလက်မှာတော့ အန်းဒရွိုက်အစားဂူးဂဲလ်ရဲ့ Chrome OS laptop operating systemကိုထည့်ထားပါတယ်။ သူ့ရဲ့တန်ဖိုးက ၅၉၉ ဒေါ်လာ ဖြစ်ပြီး အက်ပဲလ်ရဲ့ iPad Pro ကို ယှဉ်ပြိုင်ဖို့ ရည်ရွယ်ပါတယ်။

နယ်ပယ်တိုးချဲ့ပြီးဖြန့်ချိခဲ့ရင် Pixelဖုန်းတွေအတွက် ရောင်းအားအနည်းငယ်မြင့်တက်နိုင်ပါတယ်။ Pixel 3 ကို ဈေးကွက် ၁၃ ခုမှာ ဖြန့်ချိမှာ ဖြစ်ပါတယ်။ ထပ်မံတိုးချဲ့လိုက်တဲ့ နိုင်ငံတွေထဲမှာ ပြင်သစ်၊ အိုင်ယာလန်၊ ဂျပန်နဲ့ထိုင်ဝမ်တို့ပါဝင်ပါတယ်။

The Slateကိုတော့ အမေရိကန်၊ ဗြိတိန်နဲ့ ကနေဒါမှာရရှိနိုင်ပါလိမ့်မယ်။

နည်းပညာအတိုင်ပင်ခံလုပ်ငန်းအိုင်ဒီစီမှ ကီရိယာသုတေသနပညာရှင်ရိုင်ယိုင်ရိတ်က ဂူဂဲလ်ဟာ ပိုမိုနာမည်ကြီးတဲ့ ပြိုင်ဘက်တွေနဲ့ ခွဲထွက်အောင် Pixel 3 ကို သိပ်ပြီးပြောင်းလဲမထားဘူးလို့ ဆိုပါတယ်။

'ဆော့ဖ်ဝဲနဲ့ အသိဉာဏ်တုနည်းပညာမှာ သူတို့လုပ်ထားတာတချို့က သေချာပေါက်အဆင့်မြင့်ပါတယ်၊ ဒါပေမဲ့နည်းပညာအဆင့်မြင့်မှုအများစုကိုသိပ်ပြီးပြောင်းလဲမထားတော့ ရောင်းရတာခက်လိမ့်မယ်' လို့သူက ဆိုပါတယ်။

ဂူးဂဲလ်ရဲ့ စမတ်ဖုန်းစပီကာသစ်မှာအသံနဲ့ညွှန်ကြားမှုတွေကို ရုပ်ကတုံ့ပြန်နိုင်တဲ့ ဖန်သားပြင်ပါဝင်ပြီး အမေဇုန်နဲ့ ဖေ့စ်ဘုတ်ခ်က ရောင်းတဲ့အရာတွေနဲ့ခပ်ဆင်ဆင်ဖြစ်ပါတယ်။



ဒါပေမဲ့ ၁၄၉ ဒေါ်လာ တန် သူ့ရဲ့ Home Hub မှာ ဗီဒီယိုကောလ်ခေါ်တဲ့ ကင်မရာမပါဝင်ကြောင်း ဂူးဂဲလ်က ဆိုပါတယ်။ Home Hub ကို အမေရိကန်၊ ဗြိတိန်နဲ့ဩစတြေးလျားမှာ စတင်မိတ်ဆက်နေပါတယ်။ **စုပြည့်စုံ**

[ref:Reuters,Oct 10,2018.]

# လူသေစေတဲ့ ယာဉ်တိုက်မှုကျူးလွန်သူကို ယာဉ်မောင်းလိုင်စင် ရာသက်ပန်ပိတ်သိမ်းဖို့ မလေးရှား စဉ်းစားနေ

**အောက်တိုဘာ ၉** - လူ့အသက်ဆုံးရှုံးစေတဲ့ ယာဉ်တိုက်မှုတွေကို ကျူးလွန်ခဲ့တဲ့ ယာဉ်မောင်းသူတွေကို ယာဉ်မောင်းခွင့်ရာသက်ပန် ပိတ်သိမ်းတဲ့ပြစ်ဒဏ်အပါအဝင်အခြားကြီးလေးတဲ့ ပြစ်ဒဏ်ပေးဖို့မလေးရှားက စဉ်းစားနေပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က တောင်–မြောက် အဝေးပြေးလမ်းမကြီးမှာ ယာဉ်နှစ်စင်းတိုက်ပြီး မိသားစုဝင်ငါးယောက် မီးလောင်သေဆုံးခဲ့ပြီးနောက်ပိုင်း အခုလို အပြောင်းအလဲဖြစ်ခဲ့တာဖြစ်ပါတယ်။

ယာဉ်မတော်တဆမှု ၁၃ ခုကျူးလွန်ခဲ့ဖူးတဲ့ ၄၁နှစ်အရွယ် နောက်တွဲပါ ကားမောင်းသူကို နောက်ပိုင်းမှာပြန်လည်ဖမ်းမိခဲ့ပါတယ်။

'လက်ရှိအမြင့်ဆုံးပြစ်ဒဏ်အနေနဲ့ ထောင်ဒဏ်၁၀နှစ်သတ်မှတ်ထားပေမဲ့ စီရင်ချက်ချခဲ့ဖူးတဲ့ အရင် အမှုအများစုမှာတော့ ကြိမ်ဒဏ်မပါဘဲ ထောင်ဒဏ် ၁၀ နှစ်အောက်သာ ချမှတ်ခဲ့တယ်' လို့ ပို့ဆောင်ရေးဝန်ကြီး အန်တိုနီလော့က တနင်္လာနေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

'ယာဉ်မောင်းခွင့်ကိုတစ်သက်တာ ပိတ်သိမ်းမှု အပါအဝင် အခြားအရာတွေကိုသတ်မှတ်ဖို့ပြန်လည်သုံးသပ်သင့်တယ်' လို့ သူက ပြောပါတယ်။

လက်ရှိ သတ်မှတ်ထားတဲ့ ထောင်ဒဏ် ၁၀ နှစ်ကလည်း လျော့ရဲပြီးတော့ အကျိုးသက်ရောက်မှုမရှိဘူးလို့ ဝန်ကြီးက ပြောပါတယ်။

'သေဆုံးခဲ့တဲ့ မတော်တဆမှုတွေ အပါအဝင် ပြင်းထန်တဲ့ မတော်တဆမှုတွေကို အစိုးရအနေနဲ့ ပြန်လည်သုံးသပ်သင့်သလို ပါတီအားလုံးကလဲအလေးအနက်ထားစေချင်တယ်' လို့ သူက ပြောပါတယ်။

၁၉၈၇ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ပုဒ်မ၄၁လမ်းတံတားပို့ဆောင်ရေးဥပဒေအရပေါ့လျော့စွာ မောင်းနှင်မှုကြောင့် လူသေတဲ့ မတော်တဆမှု ဖြစ်ပွားခဲ့တယ်ဆိုရင် အဆိုပါယာဉ်မောင်းသမားကိုယာဉ်မောင်းလိုင်စင်သုံးနှစ်ပိတ်သိမ်းခဲ့ပေမဲ့ သည်လောက်နဲ့ မလုံလောက်သေးဘူးလို့ လော့က ပြောပါတယ်။

'သင့်ကြောင့် အခြားလူသေဆုံးခဲ့တယ်ဆိုရင် ကျန်တဲ့ ဘဝသက်တမ်းတစ်လျှောက်လုံးမှာ ယာဉ်မောင်းခွင့်ကို ပိတ်သိမ်းခံရသင့်တယ်' လို့ သူက ပြောကြားခဲ့ကြောင်း သည်စတားမှာ ဖော်ပြထားပါတယ်။

သည်ဥပဒေကို ပြင်ဆင်ဖို့အတွက် သက်ဆိုင်ရာတွေ အနေနဲ့ ဆွေးနွေးမှုတွေပြုပြီး သုံးသပ်စိစစ်သင့်တယ်လို့ သူက ပြောကြားခဲ့ပါတယ်။ **နှင်းသန့်**

[ref: Bernama, Oct 9, 2018.]

www.free4readers.com






မိုက်ခရိုဆော့ဖ်ကော်ပိုရေးရှင်းဟာ Grab မှာတွဲဖက်ကုမ္ပဏီအဖြစ် ရင်းနှီးမြှုပ်နှံမှာဖြစ်ပြီး နည်းပညာစီမံကိန်းတွေကို ချဲ့ထွင်နိုင်ခွင့်ရမယ်။

# မိုက်ခရိုဆော့ဖ်က ဂရက်ဘ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံမည်

**အောက်တိုဘာ ၉** – မိုက်ခရိုဆော့ဖ်ကော်ပိုရေးရှင်းဟာ အရှေ့တောင်အာရှအငှားယာဉ်ခေါ်ယူရေးကုမ္ပဏီ Grab မှာတွဲဖက်ကုမ္ပဏီအဖြစ် ရင်းနှီးမြှုပ်နှံမှာဖြစ်ပြီး ကြီးမားတဲ့ ဒေတာအချက်အလက်တွေနဲ့ ဉာဏ်ရည်တုနည်းပညာတွေအပါအဝင် နည်းပညာစီမံကိန်းတွေကို ချဲ့ထွင်နိုင်ခွင့်ရမယ်လို့ သည်ကုမ္ပဏီ နှစ်ခုက ပြောပါတယ်။

သည်သဘောတူညီမှု တန်ဖိုးကို တော့ သည်ကုမ္ပဏီတွေက မဖွင့်ဟခဲ့ပါဘူး။ သည်နှစ်ကုန်မှာ အမေရိကန်ဒေါ်လာသုံးဘီလျံအထိ တိုးမြှင့်ဖို့ စီစဉ်ထားတယ်လို့ Grab က အစောပိုင်းမှာပြောခဲ့ပြီး လက်ရှိအချိန်မှာ နှစ်ဘီလျံအထိ တိုးမြှင့်ထားပြီး ဖြစ်ပါတယ်။

လက်ရှိ ငွေ ထောက်ပံ့ သူဆော့ဖ်ဘဏ်အုပ်စုက ငွေထောက်ပံ့မှု အစိတ်အပိုင်းတစ်ခုအဖြစ် Grab မှာ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၅၀၀ နီးပါး သဘောတူညီချက်ကို သဘောတူဖို့နီးစပ်နေပြီလို့ ပြီးခဲ့တဲ့အပတ်က ရိုက်တာက ထုတ်ပြန်ထားပါတယ်။

သည်ငွေကြေးရဲ့ ကျန်ရှိတဲ့ ပမာဏကိုမဟာဗျူဟာနဲ့ငွေကြေးဆိုင်ရာကုမ္ပဏီတွေကို Grab က ဆက်သွယ်ဖို့ရှိတယ်လို့ အရင်းအမြစ်တွေက ရိုက်တာကို ပြောခဲ့ပါတယ်။

အင်္ဂါနေ့ သဘောတူညီမှု မတိုင်ခင်မှာ ၂၀၁၈ ခုနှစ်မှာ မိုက်ခရိုဆော့ဖ် ပူးတွဲတည်ထောင်သူ Paul Allen ရဲ့ Vulcan Capital အပါအဝင် တိုယိုတာမော်တာ ကော်ပိုရေးရှင်းနဲ့ ငွေကြေးဆိုင်ရာလုပ်ငန်းတွေက ဦးဆောင်ပြီး အမေရိကန်ဒေါ်လာ နှစ်ဘီလျံတိုးမြှင့်ခဲ့ပါတယ်။

စင်ကာပူမှာရုံးချုပ်တည်ရှိတဲ့ Grab က ပြီးခဲ့တဲ့ခြောက်နှစ် ကာလအတွင်းမှာ အရှေ့တောင်အာရှ ရှစ်နိုင်ငံရှိ မြို့ပေါင်း ၂၃၅ မြို့ဆီ သူ့ရဲ့ အငှားယာဉ်ခေါ်ယူရေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ဆောင်နေပါတယ်။

ဂရက်ဘ်ဟာ အငှားယာဉ်ဝန်ဆောင်မှုအပြင် အစားအသောက်နဲ့ ပါဆယ်ပို့မှု၊ အီလက်ထရွန်းနစ်ပိုက်ဆံလွှဲမှု၊ အသေးစားငွေချေးမှုနဲ့ မိုဘိုင်းလ်ငွေပေးချေမှု တို့လိုမျိုး ဝန်ဆောင်မှုတွေကိုပါ ကမ်းလှမ်းထားပါတယ်။

ဂရက်ဘ်က မိုက်ခရိုဆော့ဖ်နဲ့ လုပ်ဆောင်ပြီးလူခေါ်ယူမှုအတွေ့အကြုံကို တိုးတက်စေဖို့အတွက် မိုဘိုင်းလ်မျက်နှာမှတ်သားမှု၊ ပုံရိပ်မှတ်မိခြင်းနဲ့ ကွန်ပျူတာ အမြင်နည်းပညာတို့ကိုစူးစမ်းဖော်ထုတ်မှာဖြစ်တယ်လို့ သည်ကုမ္ပဏီက အင်္ဂါနေ့ကထုတ်ပြန်ချက်တစ်ခုမှာ ပြောခဲ့ပါတယ်။

> “စင်ကာပူမှာ ရုံးချုပ်တည်ရှိတဲ့ Grab က အရှေ့တောင်အာရှ ရှစ်နိုင်ငံရှိ မြို့ပေါင်း ၂၃၅ မြို့ဆီ သူ့ရဲ့ အငှားယာဉ်ခေါ်ယူရေး ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ဆောင်နေပါတယ်”

ဥပမာအားဖြင့် ခရီးသည်တွေ အနေနဲ့ သူတို့ရဲ့လက်ရှိတည်နေရာကို ဓာတ်ပုံတစ်ပုံ ရိုက်ယူပြီး ယာဉ်မောင်းသူအတွက် လိပ်စာအတိအကျအဖြစ် ကူးပြောင်းနိုင်မှာ ဖြစ်ပါတယ်။

သည်ငါးနှစ်သက်တမ်း သဘောတူညီမှုရဲ့ အခြားနယ်ပယ်တွေမှာ Grab က မိုက်ခရိုဆော့ဖ်ရဲ့ Azure ကိုအသုံးပြုပြီးလိမ်လည်မှုစစ်ဆေးနိုင်တဲ့ဝန်ဆောင်မှုနဲ့ အချက်အလက် သရုပ်ခွဲမှုအတွက် Cloud ပလက်ဖောင်းတို့ကို ရည်ညွှန်းပြီး အသုံးပြုမှာဖြစ်ပါတယ်။

**မေသက်**

[ref: Reuters, Oct 9, 2018.]

## Google+ ဆိုရှယ်ဆိုက်မှာ သုံးသူတွေရဲ့ဒေတာ ပေါက်ကြားလို့ ပိတ်တော့မည်

**အောက်တိုဘာ ၉** – အယ်လ်ဖာဘက်ရဲ့ ဂူဂဲလ်ဟာ သူ့ရဲ့မအောင်မြင်တဲ့ဆိုရှယ်မီဒီယာကွန်ရက် Google+ မှာ အခမဲ့သုံးနိုင်တဲ့ ဗားရှင်းကို ပိတ်တော့မှာဖြစ်ပြီး အချက်အလက်မျှဝေရေးမူဝါဒတွေကိုလည်း တင်းကျပ်တော့မှာဖြစ်ပါတယ်။ သုံးစွဲသူ ၅၀၀,၀၀၀ ထက်မနည်းရဲ့ကိုယ်ရေးသီးသန့်အချက်တွေကိုပြင်ပက ကုတ်ရေးသားသူရာပေါင်းများစွာက ရရှိနိုင်ခြေရှိကြောင်း တနင်္လာနေ့က ကြေညာအပြီးမှာ ဖြစ်ပါတယ်။

သည်ပြဿနာကို မတ်လမှာ တွေ့ရှိခဲ့ပြီး ပြုပြင်ခဲ့ကြောင်း ဂူဂဲလ်က ဘလော့ဂ်ပို့စ်တစ်ခုမှာ ရေးထားပါတယ်။ သည်အားနည်းချက်တွေ၊ ဒေတာတွေကို တလွဲအသုံးချထားတဲ့ ကုတ်ရေးသားသူမရှိကြောင်း သုံးသပ်မှုမှာ တွေ့ရတယ်လို့ ဂူဂဲလ်က ဆိုပါတယ်။

ဂူဂဲလ်ရဲ့မိခင်ကုမ္ပဏီ အယ်လ်ဖာဘက်ရဲ့ ရှယ်ယာဟာ သည်သတင်းနောက် ပိုင်း ဒေါ်လာ ၁၁၅၅.၉၂ နဲ့ ပိတ်သိမ်းခဲ့ပါတယ်။

*ဝေါလ်စထရိဂျာနယ်* က ဂူဂဲလ်ဟာ စည်းမျဉ်းစည်းကမ်းဆိုင်ရာ စုံစမ်းမှုတွေကို ကြောက်ရွံ့တဲ့အတွက် လုံခြုံရေးပြဿနာကို မဖော်ပြခဲ့ကြောင်း အစောပိုင်းက ဖော်ပြပါတယ်။

အခုလိုဖော်ပြလိုက်ရင် သည်အရေးကိစ္စဟာ ဖေ့စ်ဘုတ်ခ်လုပ်ငန်းက သူ့သုံးစွဲသူအချက်အလက်တွေကိုဒေတာလုပ်ငန်းကိန်းဘရစ်အနာလက်တစ်ကာလုပ်ငန်းဆီ ပြသမှုနဲ့ နှိုင်းယှဉ်ခံရမှာကို ဂူဂဲလ်က စိုးရိမ်နေတယ်လို့ ဂျာနယ်က ရေးသားပါတယ်။ ဂူဂဲလ်က သူ့ဘလော့ဂ်ပို့စ်ထက်ပိုပြီး မှတ်ချက်မပေးခဲ့ပါဘူး။

Google+ ကို ၂၀၁၁ ခုနှစ်က စတင်မိတ်ဆက်ပြီး ဖေ့စ်ဘုတ်ခ်ရဲ့ပြိုင်ဆိုင်မှုတွေကို ပိုမိုစိုးရိမ်လာတဲ့အတွက် ဖြစ်ပါတယ်။ Google+ ဟာ နောက်ဆုံးပေါ်အခြေအနေကို အပ်ဒိတ်လုပ်တာတွေ၊ သတင်းဖတ်တာတွေမှာ ဖေ့စ်ဘုတ်ခ်ပုံစံကို ကူးယူခဲ့ပြီး လူတွေရဲ့သူငယ်ချင်းအုပ်စုကို ‘circles’ (အသိုင်းအဝိုင်း)လို့ အမည်ပေးခဲ့ပါတယ်။

ဒါပေမဲ့ Google+ နဲ့ ကုမ္ပဏီရဲ့ဆိုရှယ်မီဒီယာပိုင်းဆိုင်ရာ စမ်းသပ်ချက်တွေဟာ ရှုပ်ထွေးတဲ့ပုံစံနဲ့ ကိုယ်ရေးကိုယ်တာဆိုင်ရာ မတော်တဆထိခိုက်မှုတွေကြောင့် မအောင်မြင်ခဲ့ပါဘူး။

Google+ အခမဲ့ဗားရှင်းကို လုံးဝပိတ်သိမ်းမှာဖြစ်ပြီး ဂူဂဲလ်ရဲ့ Google's G Suite စာရွက်စာတမ်း အပလီကေးရှင်းကို ဝယ်ယူထားတဲ့ အဖွဲ့အစည်းတွေကတော့ ဆက်လက်သုံးစွဲခွင့်ရှိမှာဖြစ်ပါတယ်။

**စုမြည်စုံ**

[ref: Reuters, Oct 9, 2018.]

# အမေဇုန်နဲ့ဂူဂဲလ်ကို စိန်ခေါ်ဖို့ ဗီဒီယိုခေါ်လို့ရတဲ့ စမတ်စပီကာ ဖေ့စ်ဘုတ်ခ်ပွဲထုတ်

**အောက်တိုဘာ ၉** – ဖေ့စ်ဘုတ်ခ်ဟာ ကင်မရာနဲ့မိုက်ခရိုဖုန်းတွေအပြည့်အစုံတပ်ဆင်ထားတဲ့စမတ်စပီကာ တစ်စုံကို တနင်္လာနေ့က ပွဲထုတ်မိတ်ဆက်ခဲ့ပါတယ်။

Portal နဲ့ Portal+ လို့ခေါ်တဲ့ စပီကာတွေဟာ တိုးတက်မှု မြန်ဆန်တဲ့စမတ်စပီကာဈေးကွက်မှာ အမေဇုန်၊ ဂူဂဲလ်နဲ့ အက်ပဲလ်ကို တိုက်ရိုက်စိန်ခေါ်ခြင်းဖြစ်ပြီး ဗီဒီယိုဖုန်းခေါ်တာကို အလေးပေးတဲ့ ထူးခြားတဲ့ နည်းလမ်းပါဝင်ပါတယ်။

ဗီဒီယိုကောလ်တစ်ခု စတင်ဖို့အတွက် သုံးစွဲသူတွေက ‘Hey Portal, call...’ လို့ အစချီပြီး ဖေ့စ်ဘုတ်ခ် မက်ဆင်ဂျာနဲ့ ချိတ်ဆက်ထားတဲ့ နာမည်တစ်ခုကို ခေါ်ဆိုနိုင်ပါတယ်။

အဲသည်ဖုန်းခေါ်ဆိုမှုတွေထဲမှာသုံးစွဲသူတွေကိုကြောင်ဦးထုပ်ဆောင်းတာမျိုး၊ သူတို့ရဲ့ညှော်ခန်းတွေကို သက်ဝင်လှုပ်ရှားနေတဲ့ နိုက်ကလပ်ပုံ ပြောင်းလဲတာမျိုး ဖျော်ဖြေရေး စွမ်းဆောင်ရည်တွေ ပါဝင်ပါတယ်။

‘Portal+ နဲ့ Portal က ခင်ဗျားတို့ကို မိုင်ပေါင်းထောင်နဲ့ချီကွာဝေးတဲ့ နေရာက လူတွေနဲ့ ပိုပြီးအဆင်ပြေပြေ အချိန်ကုန်ဆုံးနိုင်အောင် ဖန်တီးပေးပါတယ်’ လို့ ဖေ့စ်ဘုတ်ခ် Portal ဌာနခွဲရဲ့မားကက်တင်း ခေါင်းဆောင် ဒေ့ဗ် ကော်ဖ်မန်းက ပြောပါတယ်။

ဗီဒီယိုကောလ်တွေအပြင် Portal ပစ္စည်းတွေဟာ Spotify, Pandora နဲ့ Amazon Music က သီချင်းတွေ၊ Facebook Watch က ဗီဒီယိုတွေကိုလည်း တိုက်ရိုက်ကြည့်ရှုနိုင်ပါတယ်။

သည်ပစ္စည်းတွေမှာအမေဇုန်ရဲ့ Alexa voice assistant တပ်ထားပြီး ‘ရာသီဥတုဘယ်လိုနေလဲ’ ဒါမှမဟုတ် ‘ကျွန်တော့်အသင်းတွေ ဘယ်လိုအခြေအနေရှိလဲ’ စတာတွေကိုမေးမြန်းနိုင်ပါတယ်။

ကုမ္ပဏီဟာ အခုအချိန်မှာ ပစ္စည်းတွေကို ကြိုတင်အမှာစာကောက်ယူနေပြီး နောက်လမှာ စတင်ပို့ဆောင်မှာ ဖြစ်ပါတယ်။ ၁၀ လက်မစခရင်ပါဝင်တဲ့ Portal ကိုဒေါ်လာ ၁၉၉ နဲ့ရောင်းချပြီးရှည်လျားတဲ့ ၁၅.၆ လက်မ စခရင်ပါဝင်တဲ့ Portal+ ကိုတော့ ၃၄၉ ဒေါ်လာနဲ့ ရောင်းချပါတယ်။

စမတ်စပီကာဈေးကွက်ဟာ ၂၀၁၈ ခုနှစ်မှာ ဒေါ်လာ ၆.၇ ဘီလျံတန်ဖိုးရှိပြီး ၂၀၂၃ မှာ ဒေါ်လာ ၂၃.၅ ဘီလျံအထိ မြင့်တက်လာမယ်လို့ Strategy Analytics သုတေသနလုပ်ငန်းက ခန့်မှန်းပါတယ်။ အမေဇုန်ဟာ ၃၄.၂ ရာခိုင်နှုန်းနဲ့ဈေးကွက်မှာဦးဆောင်နေပြီး ဂူဂဲလ်က ၂၂ ရာခိုင်နှုန်းရှိကြောင်း လုပ်ငန်းရဲ့ ၂၀၁၈ ပထမနှစ်ဝက် ကိန်းဂဏန်းတွေအရသိရပါတယ်။

သည်ဈေးကွက်ထဲမှာခြေကုပ်ရယူဖို့ဟာ သူ့ပြိုင်ဘက်တွေထက်ဈေးကွက်ထဲနောက်ကျမှ ရောက်လာတဲ့ဖေ့စ်ဘုတ်ခ်အတွက်ခက်ခဲနိုင်ပါလိမ့်မယ်။ နောက်စိန်ခေါ်မှုတစ်ခုကတော့ သုံးစွဲသူတွေက သည်ကုမ္ပဏီရဲ့ဟာ့ဒ်ဝဲပစ္စည်းတွေကိုသူတို့အိမ်မှာ ယုံယုံကြည်ကြည် တပ်ဆင်ဖို့ဖြစ်ပါတယ်။



**စုမြည်စုံ**

[ref: CNBC, Oct 9, 2018.]

www.free4readers.com



# ပလတ်စတစ်အမှိုက်တွေကို အများဆုံးထုတ်တာက ကုတ်၊ ပက်စီနဲ့ နက်စလေလို့ ဆို

အောက်တိုဘာ ၉ - အချိုရည်ကုမ္ပဏီတွေဖြစ်တဲ့ကိုကာကိုလာ၊ ပက်စီကိုလာနဲ့ နက်စ်လေတို့ဟာ ကမ္ဘာမှာ ပလတ်စတစ်အမှိုက်ထုတ်လုပ်မှု အများဆုံးကုမ္ပဏီတွေဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်အဖွဲ့ ဂရင်းပိစ်က အင်္ဂါနေ့က ဖော်ပြပါတယ်။




ဒီတံဆိပ်တွေကို စစ်ဆေးချက်က ကမ္ဘာ့ပလတ်စတစ်အကျပ်အတည်းကို ဆက်လက်ဖြစ်ပေါ်စေတဲ့ မပြောင်းနိုင်တဲ့ သက်သေကို ပြသနေပါတယ်

Break Free From Plastic လွတ်ရှားမှုအတွက် ဂရင်းပိစ်ဟာ တစ်ကမ္ဘာလုံးက ၄၂ နိုင်ငံမှာ ပလတ်စတစ်ရှင်းလင်းမှုပေါင်း ၂၃၉ ခုကို ပြုလုပ်ခဲ့ပြီး ပလတ်စတစ်အမှိုက်ပေါင်း ၁၈၇,၀၀၀ ခုကို စစ်ဆေးရေးလုပ်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ညစ်ညမ်းမှုပြဿနာထဲမှာ ကော်ပိုရေးရှင်းကြီးတွေက ဘယ်လောက်ပါဝင်နေကြောင်း သိရှိဖို့ဖြစ်ပါတယ်။

ကမ္ဘာ့အကြီးဆုံး အချိုရည်ထုတ်လုပ်တဲ့ ကိုကာကိုလာဟာအမှိုက်တွေကို အဓိကထုတ်လုပ်သူဖြစ်ပြီး ကုတ်တံဆိပ်နဲ့ ပလတ်စတစ်အမှိုက်တွေကို ၄၂ နိုင်ငံထဲက နိုင်ငံပေါင်း ၄၀ မှာ တွေ့ရကြောင်း ဂရင်းပိစ်က ပြောပါတယ်။

'ဒီတံဆိပ်တွေကို စစ်ဆေးချက်က ကမ္ဘာ့ပလတ်စတစ်အကျပ်အတည်းကို ဆက်လက်ဖြစ်ပေါ်စေတဲ့မပြောင်းနိုင်တဲ့ သက်သေကို ပြသနေပါတယ်'လို့ Break Free From Plastic အတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်သူ ဗွန်ဟာနန်ဒက်ဇ်က ပြောပါတယ်။

အားလုံးခြုံငုံကြည့်ရင် အများဆုံးတွေ့ရတဲ့ပလတ်စတစ်က ပိုလီစတိုင်ရင်းဖြစ်ပြီး ပက်ကင်နဲ့အမြှုပ်ကော်ဖီခွက်တွေဖြစ်ပြီး အဲသည်နောက်ပုလင်းတွေနဲ့ ထည့်စရာဘူးတွေမှာသုံးတဲ့ PET ပါဝင်တယ်။

'ကျွန်တော်တို့က သမုဒ္ဒရာထဲကနေ အမှိုက်တွေ ဖယ်ထုတ်ဖို့ ဂရင်းပိစ်ရဲ့ပန်းတိုင်အတိုင်း မျှဝေပြီး ဒီအရေးကြီးတဲ့စိန်ခေါ်မှုကို ဖြေရှင်းဖို့ ကျွန်တော်တို့ဘက်က ကူညီဖို့ပြင်ဆင်ထားပါတယ်'လို့ ကုတ် ပြောခွင့်ရသူ တစ်ဦးက ထုတ်ပြန်ပါတယ်။ ကုမ္ပဏီဟာ ၂၀၃၀ မှာ သူရောင်းချတဲ့ ပုလင်းတိုင်း၊ သံဘူးတိုင်းကို စုဆောင်းပြီး ရီဆိုက်ကယ်လုပ်ဖို့ ကတိပြုထားပါတယ်။

ကုမ္ပဏီ သုံးခုစလုံးဟာ ၂၀၂၅ ခုနှစ်အတွက် သူတို့ထုပ်ပိုးမှုနဲ့ပတ်သက်ပြီး ကတိတွေ ပြုထားပါတယ်။ ကုတ်က သူ့ထုပ်ပိုးမှုကို ရီဆိုက်ကယ်ဖြစ်အောင်လုပ်မယ်လို့ပြောပြီး နက်စလေက ရီဆိုက်ကယ်သို့မဟုတ် ပြန်သုံးနိုင်အောင်လုပ်မယ်လို့ ဆိုပါတယ်။ ပက်စီကတော့ ရီဆိုက်ကယ်ဖြစ်အောင်၊ ပြိုကွဲအောင်သို့မဟုတ် ဇီဝနည်းနဲ့ ပြိုကွဲနိုင်အောင်လုပ်မယ်လို့ ဆိုပါတယ်။

“
ကုမ္ပဏီ သုံးခုစလုံးဟာ ၂၀၂၅ ခုနှစ်အတွက် သူတို့ထုပ်ပိုးမှုနဲ့ ပတ်သက်ပြီး ကတိတွေ ပြုထားပါတယ်
”

သူတို့ဟာ ထုပ်ပိုးမှုထဲမှာ ရီဆိုက်ကယ်လုပ်ထားတဲ့အရာတွေကို ထည့်သွင်းအသုံးချဖို့လည်း ကြိုးစားနေပါတယ်။

ကမ္ဘာမှာ အကြီးဆုံး အစားအသောက်ထုတ်လုပ်ရေးလုပ်ငန်း နက်စလေက သည်ဖြစ်ရပ်ကို သတိထားမိပြီး ရီဆိုက်ကယ်မဟုတ်တဲ့ ပလတ်စတစ်တွေကို ဖယ်ထုတ်ပေးတဲ့လုပ်ငန်းကို ကြိုးစားလုပ်ဆောင်နေပါတယ်။ ကုမ္ပဏီဟာ မတူညီတဲ့ ထုပ်ပိုးရေးနည်းလမ်းတွေကို စမ်းသပ်နေပြီး ရီဆိုက်ကယ်လုပ်ခြင်းနဲ့ ပလတ်စတစ်အမှိုက်တွေကို ဖယ်ရှားဖို့ နည်းလမ်းတွေကို ရှာဖွေနေတယ်လို့ ဆိုပါတယ်။

ပက်စီကိုတော့ အမေရိကန် ရုံးဖွင့်ချိန်ပြင်ပမှာ မေးမြန်းလို့ မရခဲ့ပါဘူး။

စုမြည်စုံ

[ref: Reuters, Oct 9, 2018.]

# ကမ္ဘာ့အကြီးဆုံး မိုင်လိုစက်ရုံမှာ နက်စလေက ဒေါ်လာ ၂၄ သန်း ရင်းနှီးမြှုပ်နှံ

အောက်တိုဘာ ၉ - ကမ္ဘာ့အကြီးဆုံး မိုင်လိုစက်ရုံကြီးတစ်ခုဖြစ်လာတော့မယ့် မလေးရှားနိုင်ငံ နက်ဂျာရီဆန်ဘီလန်မြို့က မိုင်လိုစက်ရုံတိုးချဲ့ရေးမှာ နက်စလေ မလေးရှားက ရင်းဂစ်သန်း ၁၀၀ ကျော် (ဒေါ်လာ ၂၄ သန်း) ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။

သည်ချမ်ဘွန်စက်ရုံက လုပ်ငန်းတွေကို ပိုမိုအားကောင်းစေဖို့အတွက် ပတ်တလင်းဂျာယာစက်ရုံရှိ လက်ရှိ ရှိနေတဲ့မိုင်လိုထုတ်လုပ်ရေးလုပ်ငန်းအားလုံးကို ရွှေ့ပြောင်းသွားမယ်လို့ နက်စလေက ပြောကြားခဲ့ပါတယ်။

ချမ်ဘွန်စက်ရုံကို ချဲ့ထွင်တာဟာ မိုင်လိုကုမ္ပဏီတစ်ခုလုံးကို ချဲ့ထွင်ရာရောက်တယ်လို့ စီအီးအိုအလွိုက်စ်ပောဘွာက ပြောကြားခဲ့ပါတယ်။ မိုင်လိုဟာ ပြည်တွင်းမှာလည်း ဖြန့်ချိရောင်းချနေသလို ပြည်ပနိုင်ငံ ၂၀ ကျော်ကိုလည်း တင်ပို့ရောင်းချလျက်ရှိပါတယ်။

'ချန်ဘိုစက်ရုံကို ရင်းဂစ် သန်း ၁၀၀ ကျော် ထပ်မံရင်းနှီးစိုက်ထည့်ခြင်းအားဖြင့် ထုတ်ကုန်တိုးတက်စေလာနိုင်သလို လည်ပတ်နိုင်မှုစွမ်းအားနဲ့ စက်ရုံရဲ့အရည်အသွေးကိုပါ မြှင့်တင်ပေးနိုင်ပြီးတော့ ပြည်တွင်းပြည်ပဝယ်လိုအားကို ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းပေးနိုင်ဖို့ ကူညီပေးမှာဖြစ်တယ်'လို့ သူက ပြောပါတယ်။

တစ်ချိန်တည်းမှာပဲ နိုင်ငံပေါင်း ၁၀၀ ကျော်မှာ ရောင်းချပေးနေတဲ့ နို့ထွက်ပစ္စည်းလုပ်ငန်းလက်တဲလစ်အနေနဲ့ အဆိုပါပက်တလင်းဂျာယာစက်ရုံနဲ့အတူ နက်စလေရဲ့အေးခဲနို့ထွက်ပစ္စည်းလုပ်ငန်းတို့ကို ရင်းဂစ် ၁၅၅.၃ သန်းနဲ့ လွှဲပြောင်းရယူလုပ်ကိုင်သွားမှာဖြစ်ပါတယ်။

သူ့ကုမ္ပဏီဟာ မလေးရှားဈေးကွက်မှာ နာမည်ကောင်းနဲ့ ရပ်တည်နေသလို အနာဂတ်မှာလည်း ထပ်မံတိုးတက်အောင် ဆောင်ရွက်သွားမယ်လို့ ပောဘွာက ပြောကြားခဲ့ပါတယ်။

'ဒီရင်းနှီးမြှုပ်နှံမှုကြောင့် စီးပွားရေးလုပ်ငန်းရဲ့ဗျူဟာပိုင်းကို ပိုပြီး အာရုံစိုက်လာနိုင်သလို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် စားသုံးသူတွေရဲ့လိုအပ်ချက်နဲ့ ကိုက်ညီအောင် ပိုပြီးဦးစားပေးလုပ်လာနိုင်မှာဖြစ်ပါတယ်'

'တစ်ချိန်တည်းမှာပင် လက်တဲလစ်ရဲ့ဦးဆောင်မှုအသစ်အောက်မှာ နို့ထွက်ပစ္စည်းစီးပွားရေးလုပ်ငန်းနဲ့ ပီဂျေစက်ရုံအနေနဲ့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်သွားနိုင်ဖို့ လမ်းသစ်တစ်ခုဖောက်လုပ်လာနိုင်မယ်'လို့ သူက ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

နှင်းသန့်

[ref: Bernama, Oct 9, 2018.]

# ကုလသမဂ္ဂသံအမတ်အလုပ်ကို သူဆက်ခံမှာ မဟုတ်ဘူးလို့ အိုင်ဗန်ကာထရမ့် ပြော

အောက်တိုဘာ ၉ - သမီးဖြစ်သူ အိုင်ဗန်ကာထရမ့်သာ နုတ်ထွက်သွားတဲ့ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးနစ်ကီဟာလေးနေရာမှာ ဆက်ခံမယ်ဆိုရင် သိပ်ကောင်းမှာဖြစ်ပေမဲ့ ဆွေမျိုးကောင်းစားရေး ဝါဒီသမားတစ်ယောက်လို့ သူ့ကို စွပ်စွဲကြလိမ့်မယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီး နောက်ပိုင်းမှာတော့ အိုင်ဗန်ကာကိုယ်တိုင်က သည်ရာထူးကို သူယူမှာမဟုတ်ဘူးလို့ပြောကြားခဲ့ပါတယ်။

'ကျွန်တော်နာမည်တွေအများကြီးကြားခဲ့တယ်၊ အိုင်ဗန်ကာရောပါတယ်၊ အိုင်ဗန်ကာသာဖြစ်လာမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ'လို့ထရမ့်က အိမ်ဖြူတော်မှာ သတင်းထောက်တွေရဲ့အမေးကို ဖြေခဲ့ပါတယ်။ 'ဒါပေမဲ့ သူ့ကို ခန့်မယ်လို့ဆိုလိုတာမဟုတ်ဘူး၊ ကမ္ဘာပေါ်မှာ သူ့ကိုယှဉ်နိုင်တဲ့သူရှိမရှိဆိုတာ မသေချာပေမဲ့ကျွန်တော့်ကို ဆွေမျိုးကောင်းစားရေးဝါဒီသမားလို့ စွပ်စွဲကြမှာပဲ' လို့ ပြောပါတယ်။



ခဏအကြာမှာအိုင်ဗန်ကာက သည်သံတမန်ယှဉ်ပြိုင်မှုကနေ နုတ်ထွက်ကြောင်းတွစ်တာပေါ်မှာ အင်္ဂါနေ့က ရေးသားခဲ့ပါတယ်။ 'သံ အမတ် ဟာလေးနေရာကို ဆက်ခံမယ့်သူကို သမ္မတအနေနဲ့ ကြေညာလိမ့်မယ်' လို့ သူက ရေးသားထားပါတယ်။

'အဲဒီနေရာအတွက် ကျွန်မ မဖြစ်လောက်ဘူး'လို့ သူက ပြောပါတယ်။

နှင်းသန့်

[ref: CNN, Oct 9, 2018.]

www.free4readers.com





ကျောင်းကို ဖုန်းတွေယူလာပါက ကျောင်းချိန်အတွင်းမှာ ကျောင်းသားတွေရဲ့ ဖုန်းကို သိမ်းယူထားဖို့ တိုက်တွန်းထားပါတယ်။

# စာသင်ခန်းထဲ မိုဘိုင်းဖုန်းသုံးစွဲခွင့်ကို တရုတ်ပြည်နယ် ပိတ်ပင်

**အောက်တိုဘာ ၁၀** - နိုဝင်ဘာ ၁ ရက်ကစပြီးတရုတ်နိုင်ငံ ရှန်တုံပြည်နယ်က အလယ်တန်းကျောင်းသားနဲ့ မူလတန်းကျောင်းသားတွေကို စာသင်ခန်းအတွင်းမှာ ဆဲလ်ဖုန်းနဲ့ တက်ဘလက်တွေ သုံးစွဲခွင့်မပြုတော့ဘူးလို့ စည်းမျဉ်းသစ်တစ်ခုအရ သိရပါတယ်။

အဝေးမှုန်ဖြစ်ပွားမှုကို ထိန်းချုပ်ဖို့အတွက် သည့်စည်းမျဉ်းကို ပြီးခဲ့တဲ့လ ပြည်နယ်လွှတ်တော်မှာ အတည်ပြုခဲ့ပြီး ကျောင်းကို ဖုန်းတွေယူလာပါက ကျောင်းချိန်အတွင်းမှာ ကျောင်းသားတွေရဲ့ ဖုန်းကို သိမ်းယူထားဖို့ တိုက်တွန်းထားပါတယ်။

မိဘတွေအနေနဲ့လည်း မိမိကလေးတွေရဲ့ အီလက်ထရွန်းနစ်ပစ္စည်းသုံးစွဲမှုအချိန်ကိုကန့်သတ်ပေးဖို့နဲ့ ဖတ်ရှုသုံးစွဲတဲ့အခါမှာ မှန်သားပြင်နဲ့ စာအုပ်တွေကို သင့်တော်တဲ့ အကွာအဝေးထားပြီး သုံးစွဲတတ်အောင် မှန်ကန်တဲ့ ကိုယ်နေဟန်ထားနဲ့ ဖတ်ရှုတတ်အောင် အလင်းရောင်လုံလုံလောက်လောက်ရရှိအောင် လုပ်ဆောင်ပေးဖို့ပြောထားပါတယ်။

ကလေးတွေမှာ အဝေးမှုန်ဖြစ်တာကို တိုက်ဖျက်ဖို့အတွက် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးကော်မရှင်နဲ့ အခြားအစိုးရဌာနခြောက်ခုတို့ ပူးပေါင်းပြီး ဩဂုတ်လကုန်ပိုင်းက ဘက်ပေါင်းစုံအစီအစဉ်တစ်ခုကို စတင်ရေးဆွဲခဲ့ပါတယ်။

ကျောင်းသားတွေအနေနဲ့ စာသင်ခန်းတွေထဲ ဆဲလ်ဖုန်းတွေ တက်ဘလက်တွေ ယူဆောင်လာခွင့်မပြုသလို ဆရာတွေအနေနဲ့ စာသင်ကြားလေ့ကျင့်ခန်းပေးတဲ့အခါမှာလည်း အီလက်ထရွန်းနစ်ပစ္စည်းတွေကိုမသုံးစွဲဖို့နဲ့ အိမ်စာတွေကိုလက်ရေးနဲ့သာ ရေးစေဖို့ ညွှန်ကြားထားပါတယ်။

ရှန်တုံရဲ့စည်းမျဉ်းတွေဟာ အရေးပါတဲ့အရာရောက်တဲ့ကိစ္စဖြစ်တယ်လို့ ဒေသခံကျန်းမာရေးကျွမ်းကျင်ပညာရှင်တွေက ပြောကြားခဲ့ပါတယ်။

ကလေးအမြင်ပျက်စီးခြင်းဆိုင်ရာ ပြည်နယ်အဆင့် ကာကွယ်ရေးနဲ့ ကုသရေးဌာနမှ ဒုညွှန်ကြားရေးမှူး ဆန်ဝီက ကလေးတွေရဲ့အမြင်အာရုံကို ကာကွယ်ဖို့အတွက် တရားဝင်ပစ္စည်းတွေကို သုံးစွဲဖို့အရေးကြီးကြောင်း ပြောကြားခဲ့ပါတယ်။

ကလေးတွေရဲ့ အဝေးမှုန်ရောဂါကို တိုက်ဖျက်ဖို့အတွက် အစိုးရအဖွဲ့အစည်းတွေ၊ ကျောင်းတွေနဲ့ မိဘတွေ အားလုံးတာဝန်ယူပူပေါင်းလုပ်ဆောင်နိုင်မယ့် စည်းမျဉ်းချမှတ်ရမှာဖြစ်ပါတယ်။

'ရှန်တုံက မူလတန်းနဲ့ အလယ်တန်းကျောင်းသားရဲ့ ၄၀ ရာခိုင်နှုန်းကျော်မှာ အဝေးမှုန်ခံစားနေရပြီး အစိုးရ၊ ကျောင်း၊ မိဘနဲ့ ကျောင်းသားအားလုံး လက်တွဲဆောင်ရွက်ပါက အနာဂတ်မှာ ဖြစ်ပွားမှုနှုန်းလျော့ကျသွားနိုင်တယ်' လို့ ဆန်းက ပြောပါတယ်။

ဒါပေမဲ့ ဆရာတွေကို မတားမြစ်ထားဘူးလို့ အမျိုးသားပညာရေးသိပ္ပံတက္ကသိုလ်မှ အကြီးတန်း သုတေသီ ချူဇာဟိုင်က ပြောပါတယ်။

'ကျွန်တော်တို့ ဒစ်ဂျစ်တယ်ခေတ်မှာ နေနေတာဆိုတော့ ကျွန်တော်တို့ ကလေးတွေကို သင့်လျော်တဲ့ တတ်ကျွမ်းမှုရှိအောင် ပျိုးထောင်ဖို့လိုတယ်' လို့ သူက ပြောပါတယ်။

သည်အစီအစဉ်ကို မူလတန်းကျောင်းသားကလေးနှစ်ယောက်အမေ ဝမ်ဂျင်းက ထောက်ခံခဲ့ပါတယ်။

'ကလေးငယ်တွေက အီလက်ထရွန်းနစ်ပစ္စည်းတွေကို စွဲလန်းလွယ်ပြီးတော့ အဲဒီပစ္စည်းတွေနဲ့ အချိန်အကြာကြီးဖြုန်းတတ်တာကြောင့် ကျွန်မရဲ့ ကလေးတွေရဲ့ကျန်းမာရေးကို ထိခိုက်စေတဲ့အပြင် ကျောင်းအဆင့်ကိုလဲ ကျစေတယ်' လို့ သူကပြောပါတယ်။

၂၀၁၈ ခုနှစ် က နေ စ ပြီး ၂၀၂၃ ခုနှစ်အထိ တစ်နှစ်ထက်တစ်နှစ် အဝေးမှုန်ဖြစ်ပွားမှုတစ်ရာခိုင်နှုန်းထက်မနည်း လျော့ချနိုင်ဖို့ ရည်ရွယ်ပြီးဝန်ကြီးဌာနက အစီအစဉ်ချလုပ်ဆောင်ခဲ့တာဖြစ်တယ်။

ကမ္ဘာ့ကျန်းမာရေးစာတမ်းအရ တရုတ်မူလတန်းကျောင်းသားတွေရဲ့ အဝေးမှုန်ဖြစ်ပွားမှုနှုန်းဟာ ၄၀ ရာခိုင်နှုန်းနီးပါးရှိပြီး ကမ္ဘာ့ဖြစ်ပွားမှု အမြင့်ဆုံးတိုင်းပြည်ဖြစ်ပါတယ်။

၂၀၃၀ ပြည့်နှစ်မှာ မူလတန်းကျောင်းသား အဝေးမှုန်ဖြစ်ပွားမှုနှုန်းဟာ ၃၈ ရာခိုင်နှုန်းအောက်၊ အလယ်တန်းကျောင်းသားရဲ့ ၆၀ ရာခိုင်နှုန်းအောက်၊ အထက်တန်းကျောင်းသားရဲ့ ၇၀ ရာခိုင်နှုန်းအောက် ရောက်ရှိဖို့ ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ပါတယ်။

ကလေးတစ်ယောက်အနေနဲ့ အီလက်ထရွန်းနစ် မှန်သားပြင်ကို တစ်ခါကြည့်ရင်း ၁၅ မိနစ်ထက် မပိုသင့်သလို တစ်နေ့မှာ တစ်နာရီထက် ပိုမသုံးစွဲသင့်ကြောင်း အကြံပေးထားပါတယ်။

ဒါ့အပြင် အွန်လိုင်းဂိမ်းတွေကို စည်းမျဉ်းသတ်မှတ်မှာ ဖြစ်သလို အခြားဂိမ်းတွေကိုလည်း ကစားချိန်သတ်မှတ်ဖို့အတွက် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ကျောင်းသားတွေရဲ့ အိမ်စာနဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေကို ထည့်သွင်းရေးဆွဲသွားမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ အလယ်တန်းကျောင်းသားတစ်ယောက်ကို မိနစ် ၉၀ ထက်ပိုပြီး အိမ်စာမပေးဖို့နဲ့ မူလတန်းရဲ့ စာသင်နှစ်တစ်ပိုင်းကို တစ်ကြိမ်သာ စာမေးပွဲဖြေဆိုစေဖို့ သတ်မှတ်ထားပါတယ်။

ဒါ့အပြင် ကလေးတွေရဲ့ အဝေးမှုန်မှုနှုန်းကို လျော့ချဖို့အတွက် သည်အစီအစဉ် အောင်မြင်မှုရှိမရှိ အစိုးရအနေနဲ့ ဆန်းစစ်သွားမယ့်အပိုင်းလည်း ပါဝင်ပါတယ်။

**နှင်းသန့်**

[ref: ChinaDaily, Oct 10, 2018.]

# အခွန်ဥပဒေသစ်မလေးရှားမှာ စတင်မိတ်ဆက်ဖွယ်ရှိ

**အောက်တိုဘာ ၉** - မလေးရှားအစိုးရအဖွဲ့ဟာ ပေးရန်ရှိအကြွေး အမေရိကန်ဒေါ်လာ ၂၅၀.၆ ဘီလျံဝန်းကျင်နဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်နေချိန်မှာ အခွန်အသစ်တွေမိတ်ဆက်တာနဲ့ မြေယာလိုပိုင်ဆိုင်ပစ္စည်းတွေကို ရောင်းချတာတွေ လုပ်ပြီး အကြွေးဆပ်ဖွယ်ရှိတယ်လို့ ဝန်ကြီးချုပ် မဟာသီမိုဟာမက်က အင်္ဂါနေ့က ပြောခဲ့ပါတယ်။

မေလမှာ မမျှော်လင့်ဘဲ ရွေးကောက်ပွဲအနိုင်ရခဲ့တဲ့မဟာသီက မလေးရှားနဲ့ အခြားနိုင်ငံတွေမှာ ငွေကြေးခဝါချမှုနဲ့ လာဘ်စားမှု စုံစမ်းစစ်ဆေးနေတဲ့ 1MDB နိုင်ငံတော်ဘဏ္ဍာငွေအပါအဝင် သည်လိုများပြားတဲ့ အကြွေးတွေထဲ တိုင်းပြည်ကို နစ်မွန်းစေခဲ့မှု အတွက် နာဂျစ်ရာဇတ်ရဲ့အရင် အစိုးရအဖွဲ့ကို အပြစ်တင်ခဲ့ပါတယ်။

မဟာသီ ဦးဆောင်တဲ့ Alliance of Hope ခေါ် Pakatan Harapan ညွန့်ပေါင်းအဖွဲ့ အစိုးရအဖြစ် ရွေးကောက်ခံရအပြီး ရက်သတ္တပတ်အနည်းငယ်အကြာမှာပဲအစိုးရအနေနဲ့ လူသိနည်းတဲ့ ပစ္စည်းနဲ့ဝန်ဆောင်ခအခွန်(GST) တစ်ခုကို ဖျက်သိမ်းခဲ့ပြီး ကြုံတွေ့ရလာနိုင်တဲ့ လိုငွေပြမှုအတွက် ဘဏ္ဍာငွေရင်းမြစ်အသစ်တွေကို ရှာဖွေနေပါတယ်။

'ကျွန်တော်တို့ရဲ့အကြွေးတွေကိုပေးချေဖို့အတွက် အခွန်အသစ်ကို ဖန်တီးရတယ်' လို့ မဟာသီက ရင်းနှီးမြှုပ်နှံသူများအစည်းအဝေးမှာ ပြောခဲ့ပါတယ်။

'ကျွန်တော်တို့ လုပ်နိုင်တာနောက်တစ်ခုကတော့ ပိုင်ဆိုင်ပစ္စည်းအက်ဆက်တွေကို ထုတ်ရောင်းခြင်းပဲ၊ မြေကြီးက ဒီထဲက တစ်ခုပဲ၊ ဒါ့အပြင် ကျွန်တော်တို့အနေနဲ့ အကြွေးတွေဆပ်ဖို့ဘဏ္ဍာငွေရှာဖွေဖို့အတွက် ကျွန်တော်တို့ရဲ့တန်ဖိုးကြီးတဲ့ပိုင်ဆိုင်ပစ္စည်းတချို့ကို ထုတ်ရောင်းရမယ်'။

သည်အဖိုးတန်ပိုင်ဆိုင်ပစ္စည်းတွေက ဘာတွေဖြစ်မလဲဆိုတာ သူက အသေးစိတ် မဖော်ပြထားပါဘူး။

ပြီးခဲ့တဲ့လက ဘဏ္ဍာရေးဝန်ကြီးLim Guan Eng က ရေတိုငွေကြေးလိုအပ်ချက်ကိုပြည့်မီစေဖို့ အကြွေးသစ်ထပ်ယူတာနဲ့ ပိုင်ဆိုင်ပစ္စည်းရောင်းချတာတွေကို ပေါင်းစပ် စဉ်းစားရလိမ့်မယ်လို့ ပြောခဲ့ပါတယ်။

**မေသက်**

[ref: Reuters, Oct 9, 2018.]

www.free4readers.com



# ကုန်သွယ်ရေးစစ်ပွဲက တရုတ်ကို ဘယ်လိုအင်အားတောင့်တင်းစေသလဲ



တရုတ်စီးပွားရေးဟာ အိတ်စပို့တွေကို အဓိက မှီခိုနေရပြီး သည်နှစ်မှာ အင်အားစတင် လျော့ကျလာပါတယ်။

**အောက်တိုဘာ ၁၀–** ရှန်ဟိုင်းမြို့အနီးက စက်ယန္တရားလုပ်ငန်းတစ်ခုမှာ အင်ဂျင်နီယာတွေဟာ ကားတွေနဲ့ တခြားလုပ်ငန်းတွေအတွက် အတိအကျတိုင်းတာဖို့ အစိတ်အပိုင်းတွေအတွက် အမေရိကန်ကို အားထားနေရပါတယ်။

ဒါပေမဲ့ ဆူကျိုးအိုဆိုင်တက် ဖိုတိုအီလက်ထရစ်နည်းပညာဟာ အခုဆိုရင် အစိတ်အပိုင်းတွေကို ကိုယ်တိုင်ဆင်ဖို့ အစီအစဉ်တစ်ခုကို အရှိန်မြှင့် ဆောင်ရွက် နေကြောင်း ကုမ္ပဏီရဲ့ အင်ဂျင်နီယာချုပ် ဟီကျောင်ယာက ပြောပါတယ်။

အကြောင်းရင်းကတော့ အမေရိကန်နဲ့ တရုတ်ကြား ကုန်သွယ်ရေး ပဋိပက္ခဖြစ်မှုကြောင့် ကုန်စည်ခွန်တွေ ကောက်ခံတဲ့ အတွက် အမေရိကန်လုပ် ကုန်ပစ္စည်းတွေ အလွန်ဈေးကြီးလာခြင်းဖြစ်ပါတယ်။

လူ ၁၀၀ ခန့်ကိုအလုပ်ခန့်ထားတဲ့ကုမ္ပဏီဟာ ဒေသတွင်းထုတ်လုပ်ဖို့တဖြည်းဖြည်းနဲ့လုပ်ဆောင်သွားဖို့ရည်ရွယ်ခဲ့ပေမဲ့ 'ကုန်သွယ်ရေးစစ်ပွဲကြောင့် ပြောင်းလဲမှုမြန်မြန်ဖြစ်လာတယ်' လို့ ဟီက စီအင်န်အင်န်ကို ပြောပါတယ်။

ကမ္ဘာ့ထိပ်တန်းစီးပွားရေးနှစ်နိုင်ငံဟာ တစ်ဖက်နိုင်ငံရဲ့ ကုန်ပစ္စည်းကို တစ်ဖက်က ဒေါ်လာဘီလျံပေါင်းရာနဲ့ချီပြီး ကုန်သွယ်ခွန်တွေ ကောက်ခံနေကြပါတယ်။ စည်းမျဉ်းတွေဟာ တရုတ်စီးပွားရေးအပေါ်ကြီးမားစွာသက်ရောက်နိုင်ပြီး တရုတ်စီးပွားရေးဟာအိတ်စပို့တွေကို အဓိက မှီခိုနေရပြီး သည်နှစ်မှာ အင်အား စတင်လျော့ကျလာပါတယ်။

ဒါပေမဲ့ သည်အကျပ်အတည်းကြောင့် တရုတ်ကုမ္ပဏီတွေနဲ့ အစိုးရဟာ စီးပွားရေးကို ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုဆွဲဆောင်နိုင်စွမ်းရှိတဲ့ အပြောင်းအလဲတွေကို ရှေ့ဆက်လုပ်ဆောင်ဖို့ ဖြစ်လာခဲ့ပါတယ်။

'ဒီအကျပ်အတည်းက တရုတ်ကို ပိုမြန်မြန်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ မက်လုံးပေးသလိုဖြစ်သွားတယ်' လို့ ဟီက ပြောပါတယ်။

အမေရိကန် ကုန်သွယ်ရေးဝန်ကြီးဌာနဟာ အမေရိကန်နည်းပညာအပေါ် တရုတ်က အားကိုးနေမှုကို သည်နှစ်မှာ ထင်ထင်ရှားရှား ပြသလိုက်ပါတယ်။ အဲဒါကတော့ တရုတ်ကြိုးမဲ့ဆက်သွယ်ရေးဟာ့ဒ်ဝဲလုပ်ငန်း ဇက်တီအီးကို အမေရိကန် ကုမ္ပဏီတွေက အရေးကြီးတဲ့ အစိတ်အပိုင်းတွေရောင်းချခွင့်ကို အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနက ပိတ်ပင်ခဲ့တဲ့အတွက် ဇက်တီအီးရဲ့ လုပ်ငန်းအားလုံးနီးပါး ရပ်ဆိုင်းခဲ့ရပါတယ်။

တရုတ်မှာ ဇက်တီအီးအရေးကြောင့် ပြည်တွင်းမှာတင် လုံလောက်မှုရှိရေး ယုံကြည်ချက် ပိုမိုခိုင်မာလာပါတယ်။

'ပြည်တွင်း တီထွင်မှုမှာ ပိုအင်အားကောင်းတဲ့ ကြိုးပမ်းမှုတွေ မြင်ရတော့မယ်' လို့ မဟာဗျူဟာနဲ့ နိုင်ငံတကာလေ့လာရေးစင်တာက တရုတ်ကျွမ်းကျင်သူ စကော့ကနေဒီက ပြောပါတယ်။

ဒါပေမဲ့ ဆီမီးကွန်ဒပ်တာလိုမျိုး အဆင့်မြင့်နည်းပညာလုပ်ငန်းတွေကိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ပြီး အမေရိကန်အပေါ် မှီခိုရမှုလုံးဝဖြတ်တောက်မယ်ဆိုတာက ရေတိုမှာ ခက်ခဲမှာဖြစ်ကြောင်း သူက သတိပေးပါတယ်။ အကြောင်းကတော့ တရုတ် ကုမ္ပဏီတွေဟာ စမတ်ဖုန်းနဲ့ မိုဘိုင်းလ်ကွန်ရက်တွေအတွက် အမေရိကန်လုပ် ချစ်ပ်ပြားတွေကို အထူး မှီခို အားထားနေရလို့ ဖြစ်ပါတယ်။

ပိုမိုအဆင့်မြင့်တဲ့ ထုတ်ကုန်လုပ်ငန်းတွေ တည်ဆောက်ဖို့ ဘေဂျင်းရဲ့ လှုပ်ရှားမှုဟာ အမေရိကန်အစိုးရက ကုန်သွယ်ရေးစစ်ပွဲဆင်နွှဲရခြင်းရဲ့ အကြောင်းရင်း တစ်ချက်ဖြစ်ပါတယ်။ တရုတ်ဟာ အသိဉာဏ်တုနည်းပညာခိုးယူမှုလိုမျိုး မမျှတတဲ့အလေ့အထတွေကို ကျင့်သုံးနေပြီး အမေရိကန် နည်းပညာလျှို့ဝှက်ချက်တွေကို ရယူနေတယ်လို့ ထရမ့်အစိုးရက စွပ်စွဲပါတယ်။ တရုတ်အစိုးရက သည်စွပ်စွဲချက်တွေကို ငြင်းဆန်ခဲ့ပါတယ်။

“ ဒီအကျပ်အတည်းက တရုတ်ကို ပိုမြန်မြန် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ မက်လုံးပေးသလို ဖြစ်သွားတယ် ”

အမေရိကန်နဲ့ ဆက်ဆံရေးဆိုးရွားလာတာကြောင့် တရုတ်ဟာ ဂျပန်၊ တောင်ကိုရီးယား၊ အစ္စရေးနဲ့ ဥရောပနိုင်ငံတွေနဲ့ အဆင့်မြင့်နည်းပညာကိုပိုမိုပူးပေါင်းလာနိုင်ကြောင်း ကနေဒီက ဆက်ပြောခဲ့ပါတယ်။

**စုပြည့်စုံ**

[ref: CNN, Oct 10, 2018.]

# ဖန်ပင်းပင်း အခွန်ရှောင်တဲ့အမှုအတွက် တရုတ်တာဝန်ရှိသူတွေကို အပြစ်ပေး



အသက် ၃၆ နှစ်အရွယ် ဖန်ပင်းပင်းဟာ တရုတ်မှာ အထူးကျော်ကြားသူ တစ်ဦးဖြစ်ပါတယ်။

**အောက်တိုဘာ ၈ –** ဝူစီအခွန်ဗျူရိုက တာဝန်ရှိသူတွေဟာ တရုတ် နာမည်ကျော် ရုပ်ရှင်မင်းသမီး မော်ဒယ်လ်နဲ့ ထုတ်လုပ်သူဖန်ပင်းပင်းရဲ့ အခွန်ရှောင်မှုနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲမှုညံ့ဖျင်းမှု နဲ့ အပြစ်ပေးခံကြရကြောင်းတရုတ် နိုင်ငံပိုင်မီဒီယာက တနင်္လာနေ့က ဖော်ပြပါတယ်။

ဖန်ရဲ့ ကုမ္ပဏီအခြေစိုက်ရာ ဝူစီမြို့ အခွန်ဗျူရိုဥက္ကဋ္ဌအပါအဝင် လူငါးဦးထက်မနည်း အပြစ်ပေးခံရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြပါတယ်။

နိုင်ငံတော်အခွန်အာဏာပိုင်အဖွဲ့ဟာ ဖန်ရဲ့အမှုမှာ စီမံခန့်ခွဲမှုညံ့ဖျင်းသူတွေကို တာဝန်ခံခိုင်းဖို့အတွက် ကျန်စုပြည်နယ်က ပြည်နယ် အခွန်ဗျူရိုကို ညွှန်ကြားခဲ့ကြောင်းဆင်ဟွာကဆိုပြီး ညံ့ဖျင်းမှုအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ သတိပေးမှု၊ နှုတ်နဲ့ သတိပေးမှုတွေ ခံခဲ့ရတဲ့ သူစာရင်းကိုလည်း ဆက်လက်ထုတ်ပြန်ခဲ့ပါတယ်။

ဆင်ဟွာရဲ့အဆိုအရ တရုတ်ဟာ ရုပ်ရှင်နဲ့ ရုပ်သံလုပ်ငန်းမှာ အခွန်ဆောင်မှုတွေကို စည်းကမ်းတင်းကျပ်ဖို့အတွက် စုစည်းလှုပ်ရှားမှုတစ်ခုလုပ်နေပြီး အခွန် တာဝန်ရှိသူတွေရဲ့စည်းကမ်းချိုးဖောက်မှု၊ တာဝန်ပျက်ကွက်မှုတွေကိုလည်း အရေးယူဖို့ရှိတယ်လို့ ဆိုပါတယ်။

ဖန်ဟာ မေလတုန်းက 'ယင်–ယန်' ရုပ်ရှင်စာချုပ်နှစ်ခုအတွက် အနုပညာကြေး တိတ်တိတ်ပုန်း ပေးမှုတွေကို လက်ခံခဲ့ပြီး စာချုပ်တစ်ခုမှာဆိုရင် အမှန်တကယ် သဘောတူထားတဲ့ အနုပညာကြေးပါဝင်ပြီး ဒုတိယတစ်ခုမှာတော့ အခွန်အာဏာပိုင်တွေကို အနုပညာကြေးလျှော့ပြီး ပြသခဲ့တယ်လို့ စွပ်စွဲခံရပါတယ်။

ပြီးခဲ့တဲ့အပတ်က အခွန် အာဏာပိုင်တွေဟာ ဖန်ကို နောက်ကြောင်းပြန်အခွန်နဲ့ ဒဏ်ကြေး စုစုပေါင်း ယွမ် ၈၈၃ သန်း (ဒေါ်လာ ၁၂၉ သန်း) ပေးဆောင်ခိုင်းခဲ့ပြီး တကယ်လို့ အချိန်မီပေးဆောင်နိုင်ရင် ထောင်ဒဏ်ကို ရှောင်လွှဲနိုင်မယ်လို့ ပြောခဲ့ပါတယ်။

အသက် ၃၆ နှစ်အရွယ် မင်းသမီး၊ မော်ဒယ်လ်နဲ့ ပရိုဂျူဆာဟာ တရုတ်မှာ အထူးကျော်ကြားခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီး ၂၀၁၄ ခုနှစ်က ပေါက်ခဲ့တဲ့ X-Men:Days of Future Past နဲ့ ဟောလိဝုဒ်မှာ အောင်မြင်မှုရခဲ့ပါတယ်။

မနှစ်က သူဟာ ဖိုဘ်မဂ္ဂဇင်းရဲ့ ထိပ်တန်းဝင်ငွေရတရုတ်ဆယ်လီများစာရင်းမှာ ဝင်ငွေ ယွမ်သန်း ၃၀၀ (ဒေါ်လာ ၄၃ သန်း) နဲ့ ထိပ်ဆုံးက ရပ်တည်ခဲ့ပါတယ်။ **စုပြည့်စုံ**

[ref: AFP. Oct 8, 2018.]

www.free4readers.com





# အိန္ဒိယရဲ့ငွေကြေး နောက်ထပ် စံချိန်တင် ကျဆင်းခဲ့



အိန္ဒိယ စတော့ခ်ဈေးကွက်ကလည်း ရှုပီးနဲ့အတူ ဂယက်ရိုက်နေပါတယ်။

**အောက်တိုဘာ ၈** – အိန္ဒိယရဲ့ငွေကြေးဟာ ပြီးခဲ့တဲ့သောကြာနေ့က ပြန်လည် ထိုးဆင်းခဲ့ပြီး ကမ္ဘာ့တိုးတက်မှုအမြန်ဆုံး စီးပွားရေးရှိတဲ့ နိုင်ငံကြီး စီးပွားရေးနေးကွေးမှုဆီ ဦးတည်သွားနိုင်တယ်ဆိုတဲ့စိုးရိမ်မှုတွေ ပေါ်ထွက်စေခဲ့ပါတယ်။

အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းတိုးမြှင့်မယ့်ဆုံးဖြတ်ချက်ကို ဆိုင်းငံ့ပြီး ဈေးကွက်ကို အံ့အားသင့်စေခဲ့အပြီးမှာ ပထမဆုံးအကြိမ်အနေနဲ့ အမေရိကန်တစ်ဒေါ်လာကို ၇၄ ရှုပီးအထိဖြစ်သွားခဲ့ပါတယ်။ ယင်းနေ့ ညနေပိုင်းမှာတော့ သည်ငွေကြေးလဲလှယ်မှု အနည်းငယ်ပြန်တက်ခဲ့ပါတယ်။

အိန္ဒိယအရန်ဘဏ် (RBI) က သွင်းကုန်တွေကို ပိုမိုဈေးကြီးအောင်လုပ်ပြီး ငွေကြေးထိုးဆင်းမှုနဲ့ ဓာတ်ဆီဈေးတိုးမြှင့်မှုကြောင့် ဖြစ်ပွားတဲ့ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ဖို့ လုပ်ဆောင်မယ်လို့ မျှော်လင့်ထားကြပေမဲ့ သည်နှစ်အတွင်း တတိယအကြိမ်မြောက် အတိုးနှုန်းမြှင့်တင်မှုကို မလုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

သည်နှစ် ဒေါ်လာဈေး ရတ်တရက် မြင့်တက်လာမှုကြောင့် အိန္ဒိယရှုပီး ၁၅ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းခဲ့ပြီး ကမ္ဘာ့စွမ်းဆောင်ရည်မြင့် ငွေကြေးတွေထဲ အဆိုးရွားဆုံးငွေကြေးတစ်ခုဖြစ်ခဲ့ပါတယ်။

သည်ကျဆင်းမှုကို ရပ်တန့်ဖို့ အိန္ဒိယအစိုးရရဲ့အားထုတ်မှုက အချည်းအနှီးဖြစ်နေပါတယ်။ တိုင်းပြည်ပြင်ပကို ငွေကြေး စီးဆင်းမှု လျှော့ချဖို့ အစီအမံတွေကို စီစဉ်ထားပြီး အဝတ်လျှော်စက်နဲ့ စိန်လိုမျိုး သွင်းကုန်တွေအပေါ် သွင်းကုန်ခွန် တိုးမြှင့်လိုက်ပြီး အိန္ဒိယ ကုမ္ပဏီတွေက ထုတ်တဲ့ ရှုပီးငွေတိုက်စာချုပ်တွေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ပိုမိုလွယ်ကူစွာ ဝယ်နိုင်စေဖို့ မကြာသေးမီက လုပ်ဆောင်ခဲ့ပါတယ်။

အိန္ဒိယ စတော့ခ်ဈေးကွက်ကလည်း ရှုပီးနဲ့အတူ ဂယက်ရိုက်နေပါတယ်။ အိန္ဒိယရဲ့စံညွှန်းကိန်း Sensex က ပြီးခဲ့တဲ့လက ရှစ်ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပါတယ်။

သည်နှစ်ထဲမှာ အိန္ဒိယရဲ့စီးပွားရေးတိုးတက်မှုက မြန်ဆန်လာပြီး အခုနောက်ဆုံးသုံးလပတ် ကာလမှာ ၈.၂ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့အကြီးဆုံးစွမ်းအင်တင်သွင်းတဲ့နိုင်ငံတစ်ခုဖြစ်လို့ ရေနံဈေးနှုန်း တိုးမြှင့်မှုရဲ့ ဂယက်ကို ခံစားနေရပါတယ်။

'နိုင်ငံတကာ သက်ရောက်မှုများစွာက ကမ္ဘာတစ်လွှားက ဈေးကွက်တွေမှာ သိသာတဲ့ သက်ရောက်မှုတွေ ရှိနေပါတယ်၊ ဒီအချက်တွေကြောင့် ကျွန်တော်တို့လဲ ခံစားနေရတယ်'လို့ အိန္ဒိယရဲ့ ဘဏ္ဍာရေးဝန်ကြီး အာရွန်ဂျိုက်တလေက လောင်စာဆီအပေါ် အခွန်ဖြတ်တောက်မှုကို ကြေညာစဉ် ကြာသပတေးနေ့က ပြောခဲ့ပါတယ်။

စီးပွားရေးမှာ လက်ရှိကြုံနေရတဲ့အခက်အခဲတွေအပြင် အိန္ဒိယအနေနဲ့ သောကြာနေ့က ရုရှားနဲ့ စာချုပ်လက်မှတ်ထိုးလိုက်တဲ့ ကာကွယ်ရေးသဘောတူစာချုပ်တစ်ခုကြောင့် အမေရိကန်ရဲ့ပိတ်ဆို့အရေးယူမှုကိုလည်း မကြာမီခံရနိုင်ပါတယ်။

ရုရှားသမ္မတဗလာဒီမာပူတင်က နယူးဒေလီမှာ ဒေါ်လာ ငါးဘီလျံတန် မစ်ဆိုင်းဒုံး စာချုပ်ကို လက်မှတ်ရေးထိုးလိုက်တဲ့အတွက် အိန္ဒိယဟာ ဝါရှင်တန်ထံကနေ စီးပွားရေးလက်တုံ့ပြန်မှုခံရတော့မှာဖြစ်ပါတယ်။ ထရမ့်အစိုးရဟာ ပြီးခဲ့တဲ့လက သည်လိုမျိုးကာကွယ်ရေးစာချုပ်တစ်ခုအတွက်တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှု ချမှတ်ခဲ့ပါသေးတယ်။ **မေသက်**

[ref: CNN, Oct 8, 2018.]





